ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်၊ Established in 1957

**ကပ်ငြိတွယ်တာမှုမရှိ**

လာကြကုန်လော့(ရတနာခုနစ်ပါးဖြင့်) ဆန်းကြယ်သော မင်းစီးရထားလျှင် ဥပမာရှိသော (အဝတ်တန်ဆာတို့ဖြင့်) ဆန်းကြယ်သော ဤခန္ဓာငါးပါးတည်းဟူသော လောကကို ရှုကြကုန်လော့။ ယင်းလောက၌ မိုက်သူတို့သည် ခန္ဓာငါးပါး၌ နစ်မြုပ်ကုန်၏။ ပညာရှိတို့အား ခန္ဓာငါးပါး ကပ်ငြိတွယ်တာမှုသည်မရှိ။

လောကဝဂ်(ဓမ္မပဒ-၁၇၁)

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 10 March 2021 ၁၀၃၁၂

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် Head of the European Union Military Staff(EUMS) တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် Head of the European Union Military Staff (EUMS) ဖြစ်သူ Vice Admiral Herve Blejean နှင့် ယနေ့မွန်းလွဲပိုင်းတွင် Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးသည်။

**ဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ဆောင်ရွက်နေသည့် အခြေအနေများ၊ ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်များအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုလူဝေးအား ကြီးကြပ်ထိန်းသိမ်းခြင်းပါ ပြဋ္ဌာန်းဥပဒေများနှင့်အညီ ဖြေရှင်းဆောင်ရွက်နေသည့်အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် (၅)ရပ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများ၊ COVID-19 ကပ်ရောဂါ ကာကွယ်ဆေးရရှိရေး ဆောင်ရွက်မှုနှင့် ဆေးထိုးပေးနိုင်မှု အခြေအနေများအား အပြန်အလှန် ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် Head of the European Union Military Staff(EUMS) တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးစဉ်။

## သတင်းဌာန ၅ ခုအား ထုတ်ဝေခြင်းလုပ်ငန်းများ ပိတ်သိမ်းကြောင်း ပြန်ကြားရေးဝန်ကြီးဌာနက အမိန့်ထုတ်ပြန်

**နေပြည်တော် မတ် ၉**

ပြန်ကြားရေးဝန်ကြီးဌာနက အမိန့်အမှတ်(၁/၂၀၂၁)ကို ၂၀၂၁ ခုနှစ် မတ်လ ၈ ရက်နေ့ ရက်စွဲဖြင့်ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါအမိန့်တွင် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ဖော်ပြခြင်း သို့မဟုတ် နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှုကျူးလွန်နေသူများကို အားပေးကူညီရာရောက်သည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ဖော်ပြခြင်းကို ပြုလုပ်လျက်ရှိသည့် သတင်းဌာနများအား ထုတ်ဝေခွင့်ပိတ်သိမ်းရန် အခွင့်အာဏာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ နှင့် ပုဒ်မ ၄၂၀ တို့အရ ပြည်ထောင်စုဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာနအား အပ်နှင်းခဲ့ကြောင်း၊ သို့ပါ၍ ပြန်ကြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေသည့် အကြောင်းအရာများ၊ ပြစ်မှုကျူးလွန်သူများကို အားပေးကူညီရာရောက်သည့် အကြောင်းအရာများကို ရေးသားထုတ်လွှင့်ဖော်ပြနေကြသည့် ယခင်က ထုတ်ဝေခွင့်ပြုပေးခဲ့သော မဇ္ဈိမ၊ DVB၊ ခေတ်သစ်မီဒီယာ၊ Myanmar Now နှင့် 7 Day သတင်းဌာနတို့၏ ထုတ်ဝေခြင်းလုပ်ငန်းအသီးသီးကို ၂၀၂၁ ခုနှစ် မတ်လ ၈ ရက်နေ့မှစ၍ ပိတ်သိမ်းလိုက်ကြောင်း၊ ယင်းသတင်းဌာနများသည် မီဒီယာအမျိုးအစားတစ်ခုခုကို အသုံးပြု၍ဖြစ်စေ၊ နည်းပညာတစ်ရပ်ရပ်ကို အသုံးပြု၍ဖြစ်စေ ရေးသားထုတ်လွှင့်ခြင်းမပြုကြရန် ဖော်ပြပါရှိပါသည်။ **သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ(၂/ ၂၀၂၁) ကျင်းပမည်

**နေပြည်တော် မတ် ၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ သတင်းစာရှင်းလင်းပွဲ (၂/၂၀၂၁) ကို မတ် ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ တက်ရောက်ရန် ပြည်တွင်း/ပြည်ပ သတင်းမီဒီယာများအား ဖိတ်ကြားထားကြောင်း သိရသည်။

**သတင်းစဉ်**



ကြေးမုံ

# ဒီမိုကရေစီစံနှုန်းများနှင့်အညီ လုပ်ကိုင်ဆောင်ရွက်

ဒီမိုကရေစီစနစ်အရ ပြည်သူများအနေဖြင့် မိမိတို့၏ဆန္ဒများကို လွတ်လပ်စွာ ဖော်ထုတ်ခွင့်ရကြသည်။ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခွင့်ရကြသည်။ လွတ်လပ်စွာဆောင်ရွက်ခွင့်ရကြသည်ဆိုသော်လည်း ထုတ်ပြန်ထားသော ဥပဒေနှင့်အညီ ဆောင်ရွက်ကြရသည်။ စည်းကမ်းဥပဒေတို့ကို လေးစားလိုက်နာကြရသည်။ အများဆန္ဒအရ ဆောင်ရွက်ကြရာ၌ အနည်းဆန္ဒကိုလည်း အလေးထားကြရသည်။ သို့မှသာ စည်းကမ်းရှိသော ဒီမိုကရေစီ၊ ခိုင်မာအားကောင်းသော ဒီမိုကရေစီစနစ် ဖြစ်ပေမည်။

မြန်မာနိုင်ငံတွင် အာဏာရှင်စနစ်ဖြင့် အချိန်ကာလရှည်လျားစွာ နေထိုင်ခဲ့ကြရသည်။ အကြောက်တရားဖြင့် မလွတ်မလပ်နေခဲ့ကြရသည်။ ၂၀၁၀ ပြည့်နှစ် ဒီမိုကရေစီ စတင်အသွင်ကူးပြောင်းသည့်အချိန်မှစ၍ လွတ်လပ်မှုကို စတင်ရရှိလာခဲ့ကြသည်။ လွတ်လပ်သောဘဝတွင် နေထိုင်ရသည်နှင့် မလွတ်လပ်သောဘဝ၌ နေထိုင်ရသည့် အရသာကို ကိုယ်တွေ့ခံစားလာခဲ့ကြသည်။ သို့သော် လွတ်လပ်မှုကို ဥပဒေနှင့်အညီ စနစ်တကျ အသုံးချနိုင်ခြင်းမရှိပေ။ လွတ်လပ်ပြီဆိုပြီး စည်းနှင့်ကမ်းနှင့် လွတ်လပ်မှုကို မဆောင်ရွက်နိုင်ကြချေ။ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်းမရှိပေ။

လွတ်လပ်မှုကို အစွမ်းကုန်ထုတ်သုံးကြသောကြောင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီသည် သက်တမ်းနုနယ်သေးသော်လည်း ဒီမိုကရေစီရင့်ကျက်သည့် နိုင်ငံကြီးများကို ကျော်လွန်ကာ လွတ်လပ်ခွင့်များ ရရှိလာခဲ့သည်။ အမှန်တကယ်တွင် ထွက်ပေါက်တစ်ခုကို စတင်စီးမျောထုတ်လွှတ်ရာ၌ တဖြည်းဖြည်းချင်း ထိန်းကျောင်းဖွင့်လွှတ်ပေးခြင်းသာ အကောင်းဆုံးဖြစ်သည်။ အထိန်းအကွပ်မရှိ လွှတ်ချပေးလိုက်ပါက ဒီမိုကရေစီရေအလျဉ်သည် သောင်ပြိုကမ်းပြို ပျက်စီးခြင်းသို့ ရောက်တတ်သည်ကို သတိပြုရမည်ဖြစ်သည်။

ဒီမိုကရေစီစနစ်အရ ကမ္ဘာ့နိုင်ငံများတွင် ဆန္ဒပြမှုများရှိကြသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ နိုင်ငံတကာတွင် စည်းကမ်းကျသည့် ဆန္ဒပြမှုများဖြစ်အောင် ထိန်းကျောင်းပေးလေ့ရှိပြီး စည်းကမ်းမကျသည့် စည်းမဲ့ကမ်းမဲ့၊ အကြမ်းဖက် လုပ်ရပ်များရှိလာပါက အင်အားသုံးဖြိုခွင်းမှုများ ပြုလုပ်သည်ကို မြင်တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာဆန္ဒထုတ်ဖော်မှုများကို ခွင့်ပြုပေးခဲ့ပြီး ဆူပူဆန္ဒပြမှုများကိုပင် သက်ညှာစွာ အင်အားအနည်းဆုံးဖြင့် ဥပဒေနှင့်အညီသာ ဖြိုခွဲဆောင်ရွက်နေသည်ကို တွေ့ရသည်။

ထိုသို့ဖြေလျှော့ဆောင်ရွက်နေသည်ကို အခွင့်ကောင်းယူ၍ အကြမ်းဖက် လုပ်ရပ်များ၊ မင်းမဲ့စရိုက်ဆန်စွာ လုပ်ဆောင်မှုများ ပြုလုပ်လာသည်ကို တွေ့ရသည်။ ထိုအခါ ရှောင်လွှဲ၍မရသော ဆိုးကျိုးများနှင့်လည်း ကြုံတွေ့ခဲ့ရသည်။ ထိုသို့ဖြစ်ပေါ်နေမှုအခြေအနေများကို ပြည်တွင်း၊ ပြည်ပ မီဒီယာများက ဖြိုခွဲနှိမ်နင်းမှုများကိုသာ တစ်ဖက်တည်းအမြင်ဖြင့် ဖော်ပြနေကြသည်ကို တွေ့ရသည်။ အားကြီးရာဘက်သို့သာ ကိုင်းညွတ်တတ်သည့်သဘောရှိသော်လည်း မီဒီယာများအနေဖြင့် ကျင့်ဝတ်နှင့်အညီ ဘက်လိုက်မှုမရှိဘဲ နှစ်ဖက်အမြင်မျှတစွာဖြင့် ရဲဝံ့စွာဖော်ပြပေးကြရမည်ဖြစ်သည်။ ဖြစ်စဉ်တစ်ခုတွင် အကြောင်းရှိ၍ အကျိုးဖြစ်လာရခြင်းသာဖြစ်သည်။ ဒီမိုကရေစီစံနှုန်းများနှင့်အညီ စည်းနှင့်ကမ်းနှင့် ဥပဒေကိုလေးစားလိုက်နာပြီး ဆောင်ရွက်ကြပါက မဖြစ်သင့် မဖြစ်ထိုက်သောကိစ္စများ ဖြစ်လာလိမ့်မည်မဟုတ်ပေ။

အမှန်တကယ်တွင် မြန်မာနိုင်ငံအနေဖြင့် ဒီမိုကရေစီနှင့်အလှမ်းဝေးခဲ့သည်ဖြစ်၍ ဒီမိုကရေစီအသိအမြင်များ နည်းပါးနေသေးသည်။ ဒီမိုကရေစီခံစားခွင့် အသိအမြင်များသာရှိကြပြီး ဒီမိုကရေစီတွင် လိုက်နာရမည့်အချက်များ၊ ထမ်းဆောင်ရမည့်တာဝန်များဘက်တွင် နားလည်သိရှိမှု အားနည်းနေသေးသည်။ တစ်ခါလာလည်း အတိတ်က အနာဟောင်းများကို တူးဆွပြီး ခံစားချက်ဖြင့် လုပ်ကိုင်နေကြသည်။ ဒီမိုကရေစီဖြစ်စေ၊ တိုင်းပြည်တည်ဆောက်ရေးဖြစ်စေ၊ မိမိဘဝတိုးတက်ရေးဖြစ်စေ ခံစားချက်ဖြင့် လုပ်ကိုင်၍မရဘဲ ပစ္စုပ္ပန်အခြေအနေကို တည့်တည့်ရှု၍ စဉ်းစားဆင်ခြင်လုပ်ကိုင်ကြရန်လိုပေသည်။

စည်းကမ်းပြည့်ဝပြီး ခိုင်မာအားကောင်းသော ဒီမိုကရေစီစနစ်ကို တက်လှမ်းနိုင်ရန်အတွက် ဒီမိုကရေစီစံနှုန်းများကို တဖြည်းဖြည်း နားလည်အောင် အသိပညာပေးပြီး ဒီမိုကရေစီစနစ်ကို တစ်ဆင့်ချင်းတက်လှမ်းခြင်းသာ အကောင်းဆုံးဖြစ်သည်။ ဖြစ်ပေါ်လာသောအခြေအနေများတွင် ပြည်သူလူထုကို အပြစ်ဆိုရန်ထက် ပြည်သူလူထုအား အသိအမြင်လွဲမှားအောင်၊ ပြည်သူလူထုအား အတွေးအခေါ်အယူအဆ လွဲချော်အောင် လမ်းခင်းပေးခဲ့သူများနှင့် ပြည်သူလူထုအား မှန်ကန်သောအသိအမြင် ဗဟုသုတများ တိုးပွားလာအောင် မဆောင်ရွက်ပေးခဲ့သူများတွင်သာ အပြစ်ရှိသည်ဟု ဆိုချင်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ပြည်သူများ လိုလားနှစ်သက်သည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်ပေးလျက်ရှိရာတွင် စစ်မှန်သော ဒီမိုကရေစီစံနှုန်းများနှင့်အညီ ဒီမိုကရေစီယဉ်ကျေးမှု အလေ့အထကောင်းများ ဖြစ်ထွန်းလာအောင် ဦးစွာတည်ဆောက် ပျိုးထောင်ပေးကြရမည်ဖြစ်သည်။ စစ်မှန်သော ဒီမိုကရေစီစံနှုန်းများနှင့် သွေဖည်သည့်အပြုအမူများကို စည်းကမ်း၊ ဥပဒေများဖြင့် စနစ်တကျ ထိန်းကျောင်းပေးရမည်ဖြစ်ပြီး စည်းကမ်းမလိုက်နာပါကလည်း ဥပဒေနှင့်အညီ စနစ်တကျကိုင်တွယ်ဖြေရှင်းရမည်သာ ဖြစ်သည်။

သို့ဖြစ်ရာ ဒီမိုကရေစီကို လိုလားပါသည်ဆိုလျှင် ဒီမိုကရေစီစံနှုန်းများနှင့်အညီ ကျင့်ကြံနေထိုင်တတ်အောင်၊ လိုက်နာလုပ်ကိုင်တတ်အောင် အားလုံးက ဝိုင်းဝန်းကြိုးပမ်း၊ ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းအပ်ပါသည်။ ။

# (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ် ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီ တပ်မတော်တည်ဆောက်ရေး။

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မတ် ၉

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မိုး/ဇလ

## မြန်မာ့ပင်လယ်ပြင်

နေပြည်တော် မတ် ၉

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၉-၃-၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၅၀၀ | ၉,၄၀၀ | ၃၁ | ၂၉၄,၄၀၀ |
| MTSH | ၃,၆၀၀ | ၃,၅၅၀ | ၄၇၇ | ၁,၆၉၄,၇၀၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၁ | ၀ |
| FPB | ၂၂,၀၀၀ | ၂၂,၀၀၀ | ၀ | ၀ |
| TMH | ၂,၈၀၀ | ၂,၇၅၀ | ၂၅ | ၆၉,၅၅၀ |
| EFR | ၃,၃၀၀ | ၃,၃၀၀ | ၁ | ၃,၃၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၉

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၂၃.၁ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၉၀.၅ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၈.၂၄ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၆.၂၀၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၄၅.၂၀ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၉.၄၇၃ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၉၂.၄ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၅၆.၁ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၀၆.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၄.၉၄ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

# အသင်းအဖွဲ့အချို့အား လုပ်ငန်းများလည်ပတ်နေမှုကို စည်းမျဉ်းစည်းကမ်းနှင့် ညီ၊ မညီ၊ ပြည်ပအထောက်အပံ့ နိုင်ငံခြားငွေတရားဝင်ခြင်း ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိ

**အသင်းအဖွဲ့အချို့အား လုပ်ငန်းများလည်ပတ်နေမှုကို စည်းမျဉ်းစည်းကမ်းနှင့် ညီ၊ မညီ၊ ပြည်ပအထောက်အပံ့ နိုင်ငံခြားငွေတရားဝင်ခြင်း ရှိ၊ မရှိ စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ တရားမဝင်ဆောင်ရွက်နေသည့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုမှုကော်မတီကို အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ မဲမသမာမှုများနှင့် စပ်လျဉ်း၍လည်း အသစ်ဖွဲ့စည်းထားသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စစ်ဆေးဆောင်ရွက်နေကြောင်း၊ ပြည်တွင်းခရီးသွားလုပ်ငန်းများ၊ ဟိုတယ်လုပ်ငန်းများနှင့် စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေး ထုတ်ပြန်ထားသည့် COVID-19 ရောဂါထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ ခွင့်ပြုပေးပြီးဖြစ်ကြောင်း၊ CDM လှုပ်ရှားမှုတွင် ပါဝင်ဆောင်ရွက်နေသည့် ဆရာဝန်ကြီးများ၊ ပါရဂူများနှင့် ဝန်ထမ်းများအား အရေးယူသွားရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ ညွှန်ကြားထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာနှင့် စီးပွားရေးအထူးဇုန်များ၊ စက်မှုဇုန်များတည်ဆောက်ရာ၌ စိုက်ပျိုးမြေများတွင် ဆောင်ရွက်ခြင်းမရှိအောင် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် စိုက်ပျိုးမြေများအား အခြားနည်းလမ်းများဖြင့် အသုံးမပြုနိုင်စေရန် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း၊ ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်တွန်းအားပေးဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁-၃-၂၀၂၂ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

## ပြည်ထောင်စုဝန်ကြီး ဦးကိုကို သံဝေဇနီယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) ဖူးမြော်ပြီး ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံ

**နေပြည်တော်  မတ်  ၉**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့နံနက် ၉ နာရီခွဲက တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် သံဝေဇနီယလေးဌာနရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ ဓမ္မစကြာ တရားဦးဟောတော်မူရာ "ဟော" စေတီသို့လည်းကောင်း၊ မြတ်စွာဘုရား မဟာပရိနိဗ္ဗာန်စံတော်မူရာ "စံ" စေတီသို့လည်းကောင်း၊ မြတ်စွာဘုရားအလောင်းဖွားတော်မူရာ "ဖွား" စေတီသို့လည်းကောင်း လှည့်လည် ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဂေါပကအဖွဲ့ရုံး၌ ဂေါပကအဖွဲ့ဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြားသည်။

ဆက်လက်၍သံဝေဇနီယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီတော်များ၏ ဂေါပကအဖွဲ့ဝင်များက တာဝန်ယူထားသည့်ဌာနအလိုက် လုပ်ငန်းများနှင့် စေတီတော်တစ်ဆူချင်းအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဘုရားစေတီတော်များကို ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေး စည်းကမ်းချက်များနှင့်အညီ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန် ပြန်လည်ဖူးမြော်ခွင့်ရရှိပြီးဖြစ်သောကြောင့် စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နွေရာသီဆည်ရေနည်းပါးချိန်တွင် ရေအခက်အခဲမရှိစေရန်အတွက် ရေရရှိမည့် အစီအမံများ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အခက်အခဲရှိပါက ချက်ချင်းတင်ပြရန်လိုအပ်ကြောင်း၊ မိမိအားပေးအပ်သော တာဝန်ကို တီထွင်ကြံဆဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ဂေါပကအဖွဲ့ဝင်များသည် ကုသိုလ်စိတ်ဖြင့် လုပ်ငန်းများဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးမင်း ကို ဥက္ကဋ္ဌရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်

**နေပြည်တော်  မတ်  ၉**

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ်တိုးလာနိုင်သည်။

မိုး/ဇလ

## သက်ဆိုင်ရာဌာနများက ဥပဒေရေးဆွဲပြီး ပြဋ္ဌာန်းခြင်းမပြုနိုင်သေးသည့် ဥပဒေမူကြမ်းများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော်  မတ်  ၉**

ဥပဒေများပြဋ္ဌာန်းနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး၊ ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ ဥပဒေစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆွေဆွေအောင်နှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုရှေ့နေချုပ်က "ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးတွင် ဥပဒေများရေးဆွဲပြီး ပြဋ္ဌာန်းခြင်းမပြုနိုင်သေးသည့် ဥပဒေများများစွာရှိသည်ဟု သိရှိရကြောင်း၊ တက္ကသိုလ်များရှိ ဥပဒေဌာနများတွင် တာဝန်ထမ်းဆောင်နေသည့် ဆရာ ဆရာမများကို ထုတ်နုတ်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ ပူးပေါင်းကာ ဥပဒေများအမြန်ဆုံးပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်ရန်"ဟု ဖေဖော်ဝါရီ ၈ ရက်တွင် ကျင်းပခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေး အစည်းအဝေးအမှတ်စဉ် ၁/၂၀၂၂ တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ယနေ့အစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ကို အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုရှေ့နေချုပ် အနေဖြင့် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအုပ်ချုပ်မှုရုံးသို့ တင်ပြခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက တာဝန်ယူသည့် ကာလအတွင်း အရေးတကြီး ပြဋ္ဌာန်းရန်လိုအပ်သည့် ဥပဒေမျိုးကိုသာ ပြဋ္ဌာန်းနိုင်ရေးတင်ပြရန်ဖြစ်ပြီး public consultation နှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးစဉ်းစားရမည့် ဥပဒေမျိုးကို လတ်တလောပြဋ္ဌာန်းရန်သင့်၊ မသင့် စဉ်းစားသင့်ကြောင်း၊ ပြဋ္ဌာန်းမည့်ဥပဒေများသည် နိုင်ငံတော်က ယခုချမှတ်ထားသောမူဝါဒများ၊ ဦးတည်ချက်များအပေါ် ထိခိုက်နိုင်ဖွယ် ရှိ၊ မရှိတို့ကို အကြံပြုဆွေးနွေးပေးစေလိုကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်က သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများအနေဖြင့် လက်ရှိဥပဒေမူကြမ်းများနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက်(၉)ရပ်နှင့်ညီညွတ်ခြင်း ရှိ၊ မရှိ ထည့်သွင်းစဉ်းစားကာ ခေတ်စနစ်နှင့်အညီ လတ်တလော ပြဋ္ဌာန်းရန်လိုအပ်ခြင်း ရှိ၊ မရှိကို အစည်းအဝေးတွင် ဆွေးနွေးတင်ပြစေလိုကြောင်း ပြောကြားခဲ့ရာ သက်ဆိုင်ရာပြည်ထောင်စုအဆင့်ဌာန၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက အသီးသီး ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# လူမှုဝန်ထမ်းဦးစီးဌာနနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်း (၅) ဖွဲ့တို့အကြား လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လက်မှတ်ရေးထိုးရန် ဆောင်ရွက်လျက်ရှိသည့် နားလည်မှုစာချွန်လွှာများနှင့်စပ်လျဉ်းသည့် အစည်းအဝေးကျင်းပ

**နေပြည်တော်  မတ်  ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများအကြား လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် လက်မှတ်ရေးထိုးရန် ဆောင်ရွက်လျက်ရှိသည့် နားလည်မှုစာချွန်လွှာများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ပါဝင်တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံများ ပါဝင်တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက မိမိတို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် ပြည်သူလူထုနှင့် အများဆုံးထိတွေ့ဆက်ဆံရသည့် ပြည်သူ့အကျိုးကို တိုက်ရိုက်အကောင်အထည်ဖော် ဆောင်ရွက်ရသည့်ဝန်ကြီးဌာနဖြစ်ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး၍ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရသည့် ကိစ္စရပ်များသည် အရေးကြီးသောကဏ္ဍဖြစ်ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာမှ နည်းပညာအကူအညီ (Technical Assistance)၊ ငွေကြေးအကူအညီ (Financial Assistance) ရရှိသည်ဟုလည်း ဆိုနိုင်ပါကြောင်း၊ တိုင်းပြည်အတွက် အမှန်တကယ် အကျိုးရှိနိုင်သော စီမံကိန်းများဖြစ်သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌထံသို့ ရှင်းလင်းတင်ပြနိုင်ရေးအတွက် မည်သည့်အဖွဲ့အစည်းက မည်မျှထိရောက်ပြီး မည်သည့်လုပ်ငန်းများ ဆောင်ရွက်နေသည်ကို စာရင်းချုပ်ပြုစုထား၍ Checklists ဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ခွင့်ပြုမိန့်ရရှိရေး မလိုအပ်သည့်အဆင့်များကို လျှော့ချဆောင်ရွက်နိုင်ရေး တင်ပြဆောင်ရွက်ခဲ့ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက ရုံးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ရုံးစာတိုင်းသည် ကန့်သတ်အဆင့်ရှိပါကြောင်း၊ စာရွက်စာတမ်းများ လုံခြုံရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သို့ဖြစ်၍ မိမိဌာနအတွင်းရှိ ဒုတိယညွှန်ကြားရေးမှူးချုပ်များက ဝန်ထမ်းများအား စာရွက်စာတမ်းများ လုံခြုံရေးနှင့် ပတ်သက်၍ ချပြဆွေးနွေးသွားရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ကြီးရုံး လက်ထောက်ညွှန်ကြားရေးမှူး ဦးဘသန်းက နိုင်ငံတကာအဖွဲ့အစည်း (၅)ဖွဲ့နှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုအခြေအနေများကို တင်ပြသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်မေနုက People In Need၊ Trocaire၊ Child Fund Myanmar၊ Christian Aid နှင့် Mercy Corps (Myanmar) အဖွဲ့များ၏ ရည်ရွယ်ချက်၊ စီမံကိန်းအမည်၊ စီမံကိန်းကာလ၊ စီမံကိန်းရန်ပုံငွေ၊ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အကျိုးခံစားခွင့်ရမည့်သူများ၊ စီမံကိန်းလုပ်ငန်းများ၊ စီမံချက်ဧရိယာ၊ နားလည်မှုစာချွန်လွှာရေးထိုးခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကို ရှင်းလင်းတင်ပြသည်။

**သတင်းစဉ်**

■

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင် ဥတ္တရခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

**ဥတ္တရသီရိ  မတ်  ၉**

ဥတ္တရခရိုင်အတွင်းရှိ ခရိုင်နှင့်မြို့နယ်များမှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအား စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်သည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်မှူးကြီးမင်းနောင်၊ ဦးဇေယျာလင်း၊ ဦးမြင့်စိုးနှင့် နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဒေါ်ဆွေဆွေနိုင်တို့ တက်ရောက်ကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်ကောင်စီသည် ကျန်တိုင်းဒေသကြီး/ ပြည်နယ်များနှင့် သဘောသဘာဝ အနည်းငယ်ကွဲပြားမှုရှိပြီး နိုင်ငံတော်၏ ပြည်ထောင်စုအဆင့်ရုံးများ ရုံးစိုက်ရာ ပြည်ထောင်စုနယ်မြေဖြစ်သည့် နေပြည်တော်ကို စီမံခန့်ခွဲအုပ်ချုပ်ရခြင်းဖြစ်၍ အခြားတိုင်းဒေသကြီး/ ပြည်နယ်များနှင့် မတူညီသော အုပ်ချုပ်ရေးဆိုင်ရာ လျင်မြန်စွာဆောင်ရွက်ပေးရသည့် အခြေအနေမျိုးရှိကြောင်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြောင်းကို သိရှိရသဖြင့် အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ မည်သို့သော အုပ်ချုပ်ရေးစနစ်မျိုးမှာပင် ဖြစ်ဖြစ် တာဝန်ကျေပွန်သည့် ဝန်ထမ်းများအဖြစ်နှင့် ကျရာအခန်းကဏ္ဍတွင် တာဝန်သိသိ သစ္စာရှိစွာဖြင့် အုပ်ချုပ်ရေးယန္တရား ပိုမိုအားကောင်း ခိုင်မာအောင် ဆောင်ရွက်ပေးခဲ့သည့် အစဉ်အလာကို ဆက်လက်ထိန်းသိမ်းကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က ဝန်ထမ်းများနှင့် တွေ့ဆုံရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဥတ္တရသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်း ၃၉ ဦးအတွက် ဆန်၊ ဆီနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်သည်။




အလားတူ ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်း ၄၂ ဦးအတွက် အခြေခံစားသောက်ကုန်များကို လည်းကောင်း၊ ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဝန်ထမ်း ၆၁ ဦးအတွက်အခြေခံစားသောက်ကုန်များကိုလည်းကောင်း နေပြည်တော်ကောင်စီဥက္ကဋ္ဌက ထောက်ပံ့ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် နေပြည်တော် ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ပုဗ္ဗသီရိမြို့နယ်ရှိ ခုတင်(၃၀၀)ပြည်သူ့ဆေးရုံသို့ သွားရောက်ကာ ဆေးရုံအုပ်ကြီး၊ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံခဲ့ပြီး ဆေးရုံဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျိုက်မရောမြို့နယ်၌ နယ်စပ်ဒေသဖွံ့ဖြိုးရေးလမ်းလုပ်ငန်းများ ဆောင်ရွက်

**ကျိုက်မရော  မတ်  ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော မိကသစ်-မိန္ဒတ်လမ်း(၃/၀)မိုင်အနက် ကျောက်လမ်း(၂/၀)မိုင်ခင်းခြင်း၊ မိကသစ်-လေးအိမ်စုလမ်းပေါ်တွင် တံတားမြေထိန်းနံရံ တည်ဆောက်ခြင်း၊ ဆင်လဲတောင်-တခလာ-ကျောက်ဘီလူး-မိခွမ်း-ကျောက်အင်းလမ်း(၁/၃)မိုင် ကျောက်လမ်းခင်းခြင်း၊ ရှေးဟောင်းသမိုင်းဝင် မဟာဖားဘောင် လိုဏ်ဂူတော်အဝင်လမ်း(၁/၂)မိုင် ကွန်ကရစ်လမ်းခင်းခြင်း၊ အံကစင်(မွန်စု)-လွှစင်ကုန်း-ကော့ခလိန်လမ်း (၄/၇)မိုင်အနက် ကတ္တရာလမ်း(၁/၀)မိုင်ခင်းခြင်း လုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၈၀၂ ဒသမ ၅၅၀ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေးအတွက် ကျိုက်မရောမြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မေစီနှင့်တာဝန်ရှိသူများက ယနေ့တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ငွေကြယ်**

○

## မနက်ဖြန်နံနက်အထိ ခန့်မှန်းချက်

**နေပြည်တော် မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

**မိုး/ဇလ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## သတင်းကြေညာချက်

မြန်မာသံရုံး၊ လန်ဒန်မြို့မှ သံအမတ်ကြီး ဦးကျော်စွာမင်းသည် ၈-၃-၂၀၂၁ ရက်နေ့တွင် အသိပေးကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ပါသည်။

သံအမတ်ကြီးအနေဖြင့် နိုင်ငံတော်က ချမှတ်ထားသော အမိန့်/ညွှန်ကြားချက်/မူဝါဒများအတိုင်း လိုက်နာဆောင်ရွက်ခြင်းမပြုဘဲ အဆိုပါကြေညာချက်အား မိမိသဘောဆန္ဒအလျောက် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပါသည်။

သံအမတ်ကြီးသည် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အစိုးရလက်ထက်တွင် ဗြိတိန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးခံရသူဖြစ်ပြီး ၎င်း၏သံအမတ်ခန့်အပ်လွှာကို ဗြိတိန်ဘုရင်မကြီးထံသို့ ၅-၃-၂၀၁၄ ရက်နေ့က ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။ ပြီးခဲ့သည့်အစိုးရလက်ထက်တွင် လုပ်ငန်းလိုအပ်ချက်အရ ၎င်းအား အငြိမ်းစားကာလပြည့်မြောက်ပြီးဖြစ်သည့်တိုင် ဆက်လက်တာဝန်ပေးအပ်ခဲ့ပါသည်။

သံအမတ်ကြီး ဦးကျော်စွာမင်းသည် ပေးအပ်ထားသည့် တာဝန်ဝတ္တရားများနှင့်အညီ ဆောင်ရွက်ခဲ့ခြင်းမရှိသည့်အတွက် ၎င်းအား ယနေ့ ၉-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ပြောင်းရွှေ့မိန့် ထုတ်ပြန်လျက် ခေါ်ယူထားပြီးဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန
နေပြည်တော်
ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်

## ခရမ်းလွန်ရောင်ခြည်အန္တရာယ် ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

# စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ မျိုးမွေးမြူခြင်း မဟာဗျူဟာများနှင့် နည်းစနစ်များ ခေတ်မီအောင် ပြုပြင်ပြောင်းလဲဆောင်ရွက်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် မတ် ၉**

စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ မျိုးမွေးမြူခြင်း မဟာဗျူဟာများနှင့် နည်းစနစ်များဌာန၏ ခေတ်မီသော နည်းလမ်းများ ဖြစ်လာစေရန်နှင့် နိုင်ငံလိုအပ်ချက်နှင့် ကိုက်ညီလာစေရန် ညှိနှိုင်းဆွေးနွေးခြင်းကို မတ် ၄ ရက်တွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

**တက်ရောက်**

ညှိနှိုင်းဆွေးနွေးပွဲသို့ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ဌာနခွဲကိုးခုမှ ညွှန်ကြားရေးမှူးများနှင့် သီးနှံသုတေသနဌာနစုအသီးသီးမှ ဌာနစုတာဝန်ခံများနှင့် သုတေသန ပညာရှင်များ တက်ရောက်ကြသည်။



ညှိနှိုင်းအစည်းအဝေး၌ စပါးသီးနှံသုတေသနဗဟိုဌာနမှ ဒေါက်တာစန္ဒာမိုးက "Knowledge Sharing on Market-led Approaches to Plant Variety Design" ခေါင်းစဉ်ဖြင့် ဆွေးနွေးခဲ့ရာတောင်သူများဖြင့် အပင်မွေးမြူသူပညာရှင်များ ပူးပေါင်းပါဝင်ဆောင်ရွက်သည့် အပင်မျိုးမွေးမြူခြင်း စနစ်အကြောင်းအရာများကို လည်းကောင်း၊ ဈေးကွက်ဝယ်လိုအားကို ဦးတည်ပြီး စိုက်ပျိုးထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက်လုံးရှိ အားလုံးပါဝင်သော အပင်မျိုးမွေးမြူခြင်း နည်းစနစ်အကြောင်းအရာများကိုလည်းကောင်း၊ အဆိုပါ နည်းစနစ်မျိုးအကြား ကွဲပြားခြားနားမှုများ၊ အားသာချက်များနှင့် ကန့်သတ်ချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

အဆိုပါ ဆွေးနွေးပွဲ၏ တင်ပြချက်အရ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက အကြံပြုဆွေးနွေးခဲ့ရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာနအနေဖြင့် မျိုးမွေးမြူရေးနှင့် မျိုးရိုးဗီဇ အထူးပြုပညာရှင်များ ၆၀ ရှိသည့်အလျောက် တစ်ဦးချင်းဆီတွင် နိုင်ငံတကာမှ နည်းပညာ အတွေ့အကြုံများလည်းရှိပါကြောင်း၊ သို့ပါသောကြောင့် မိမိတို့၏ အတွေ့အကြုံများကို အချင်းချင်းဖလှယ်ကြပြီး လက်ရှိဌာနက ဆောင်ရွက်လျက်ရှိသည့် အပင်မျိုးမွေးမြူခြင်း လုပ်ငန်းများကို ပိုမိုတိုးတက်လာစေရန်၊ ပိုမိုကောင်းမွန်သော နည်းဗျူဟာအသစ်များ ချမှတ်၍ ပြောင်းလဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ အပင်မျိုးမွေးမြူရေးအစီအစဉ်များကိုလည်း ဒေသနှင့် ကိုက်ညီမှု၊ စားသုံးသူအကြိုက်၊ ဈေးကွက် လိုအပ်ချက်တို့အပေါ် အခြေခံ၍ ဆောင်ရွက်သင့်ပါကြောင်း၊ ထွက်ရှိလာသည့် မျိုးသစ်များ၏ အောင်မြင်မှု အခြေအနေများကို သုံးစွဲမှုတိုးတက်လာစေရေး၊ ဈေးကွက်ဝယ်လိုအား တိုးတက်လာစေရေးအတွက် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ညှိနှိုင်းပူးပေါင်းကာ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ လိုအပ်ချက်နှင့် ကိုက်ညီသော သုတေသနများကို အလေးထားဆောင်ရွက်သွားနိုင်ရေးအတွက် ပုဂ္ဂလိကနှင့် သုတေသနတို့ ချိတ်ဆက်မှု ပိုမိုအားကောင်းလာစေရန် ဆောင်ရွက်သွားကြစေရေး အကြံပေးဆွေးနွေးသည်။ တက်ရောက်လာသော မျိုးမွေးမြူရေးပညာရှင်များကလည်း သီးနှံအလိုက် မျိုးမွေးမြူခြင်းနှင့် ပတ်သက်သော အတွေ့အကြုံများ၊ နိုင်ငံတကာအတွေ့အကြုံများကို ဝိုင်းဝန်းဆွေးနွေး၍ ရှေ့ဆက်လက်ဆောင်ရွက်ရန်များကို ဆွေးနွေးဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြောက်ဦးမြို့ နယ်မြေခံတပ်ရင်းများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်

**မြောက်ဦး မတ် ၉**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့၌ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ယနေ့ နံနက် ၁၀ နာရီက နယ်မြေခံ ခြေမြန်တပ်ရင်းများမှ တပ်ဖွဲ့ဝင်များနှင့် အိမ်ထောင်စုမိသားစုဝင်များအား နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ကွင်းဆင်းဆောင်ရွက်ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပြုလုပ်ရာသို့ မြို့နယ်ဦးစီးမှူး ဦးအောင်သက်တင် ဦးဆောင်သော ဝန်ထမ်းများက နယ်မြေခံတပ်ရင်းများရှိ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များ၊ တပ်အတွင်းရှိ အိမ်ထောင်စုဝင်များ၊ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေးခြင်း၊ အသက် ၁၈ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ အသစ်ပြန်လည်ပြုလုပ်ပေးခြင်း၊ အိမ်ထောင်စုစာရင်းများ ပျောက်ဆုံးခြင်း၊ ပျက်စီးခြင်းများအား အသစ်ပြန်လည်ပြုလုပ်ပေးခြင်းနှင့် အိမ်ထောင်စု လူဦးရေစာရင်းများဖြည့်စွက်ထည့်သွင်းပေးခြင်းလုပ်ငန်းများကို သွားရောက်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခင်မောင်ထွန်း(ပြန်/ဆက်)**



# တာဝန်ကို ဦးထိပ်ပန်ဆင်ကြသူများ

ဇဝ်

ပုဂ္ဂလိကဝန်ထမ်းဘဝ၊ ကိုယ်ပိုင်အသေးစားလုပ်ငန်းရှင်ဘဝ၊ နိုင်ငံ့ဝန်ထမ်းဘဝ စသည်တို့ကို ကျင်လည်ခဲ့တဲ့ စာရေးသူအတွက်တော့ နိုင်ငံ့ဝန်ထမ်းဘဝကို ပိုင်ဆိုင်ရခြင်းက အဖိုးမဖြတ်နိုင်တဲ့ ဂုဏ်ယူမှုတစ်ရပ် ဖြစ်ပါတယ်။ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ မိတ်ဆွေအပေါင်းအသင်းတွေ ငွေကြေးအောင်မြင်ပြည့်စုံလာကြတာ တွေ့တဲ့အခါ၊ ပုဂ္ဂလိကဝန်ထမ်းတွေ လစာတွေကောင်းတာကို ကြားတဲ့အခါ မိတ်ဆွေတွေအတွက် ဝမ်းသာမုဒိတာပွားပေမယ့် အားမကျခဲ့ပါဘူး။ ဘာကြောင့်လဲဆိုရင် အတတ်ပညာချင်းတူပေမယ့် စာရေးသူတို့က နိုင်ငံ့ဝန်ထမ်းတွေဖြစ်တာမို့ နိုင်ငံတော်နဲ့ ပြည်သူအကျိုးကို ပိုမိုဆောင်ရွက်ခွင့်ရတယ်လို့ ခံယူချက်ကြောင့် ဖြစ်ပါတယ်။

ဘယ်နေရာကိုရောက်ရောက် နိုင်ငံ့ဝန်ထမ်းဖြစ်တာကြောင့် ထိန်းသိမ်းနေထိုင်ရမယ့် အပြုအမူ၊ အပြောအဆိုတွေ၊ ယဉ်ကျေးမှုတွေကို အတတ်နိုင်ဆုံး ထိန်းသိမ်းနေထိုင်ကြရပါတယ်။ ကိုယ့်အပြုအမူ၊ ကိုယ့်လုပ်ရပ်တွေဟာ ကိုယ့်ဌာနအတွက် အကျိုးပြုနိုင်စေဖို့နဲ့ ဘယ်သောအခါမှ အကျိုးပျက်စီးဖို့ မဖြစ်စေရဘူးဆိုတဲ့အတွေးဟာ နိုင်ငံ့ဝန်ထမ်းတိုင်းမှာ ရှိမယ်လို့ ယုံကြည်ပါတယ်။ ပြည်သူတွေက နိုင်ငံတော်ရဲ့ မောင်းနှင်အားတွေဆိုရင် နိုင်ငံ့ဝန်ထမ်းတွေက မရှိမဖြစ်လိုအပ်တဲ့ အင်ဂျင်တွေပဲဖြစ်တယ်ဆိုတဲ့ ခံယူချက်နဲ့ ဂုဏ်ယူစွာ နေထိုင်ခဲ့တာပါ။

## အတော်ကို စိတ်ထိခိုက်ကြရ

လက်ရှိမှာ နိုင်ငံရေးအခြေအနေ အပြောင်းအလဲတစ်ရပ်ကို ကြုံလိုက်ရပြီး နိုင်ငံ့ဝန်ထမ်းတွေကြားထဲ သွေးထိုးလှုံ့ဆော်မှုတွေ၊ အယူအဆကွဲလွဲမှုတွေ ပေါ်ပေါက်လာခဲ့ပါတယ်။ ဌာနတွင်းက ဝန်ထမ်းအချို့ CDM လုပ်သွားကြတယ်။ အချို့ကျလည်း မလုပ်ပေမယ့် မြှောက်ပင့်ပေးပြီး ဌာနအကျိုးစီးပွားပျက်ပြားအောင် ကြံဆောင်ကြတယ်။ အများစုသော စာရေးသူတို့လို အေးအေးချမ်းချမ်းနဲ့ လုပ်ငန်းခွင် ပျော်ရွှင်လိုတဲ့သူတွေအတွက်တော့ အတော်ကို စိတ်ထိခိုက်ကြရပါတယ်။

ကိုယ့်တာဝန်အတွက် ရုံးကိုလာရာမှာတောင် ရုံးမတက်ဖို့ တိုက်တွန်းတာတွေ၊ မိတ်ဆွေအချို့ရဲ့ လှောင်ပြောင်ရယ်မောတာတွေကို ခံစားရတယ်။ အကျပ်ကိုင်သူအချို့က Social Punishment လုပ်မယ်ဆိုပြီး ပြောလာတာတွေကိုတောင် တိုက်ရိုက်ကြုံတွေ့လာရပါတယ်။ အစပိုင်းမှာ ကိုယ့်အယူအဆနဲ့ကိုယ် လွတ်လပ်စွာ သဘောထားကွဲလွဲကြတယ်ဆိုပြီး နားလည်ပေးနိုင်ခဲ့ပါတယ်။ နိုင်ငံ့အရေးဟာ နိုင်ငံသားအားလုံးနဲ့ သက်ဆိုင်တာမို့ မပိတ်ပင်မတားဆီးဘဲ ယုံကြည်ချက်ကြောင့်ဆိုတဲ့ စိတ်နဲ့ လွှတ်ထားပေးလိုက်ခြင်းကနေ နောက်ပိုင်းမှာ CDM မလုပ်တာနဲ့ သစ္စာဖောက်အဖြစ် ရောက်နေသယောင် ပြောဆိုတိုက်ခိုက်တာတွေကို တိုက်ရိုက်ကြုံလာရတဲ့အခါ ကိုယ့်ဌာနတွင်းက CDM လုပ်သွားတဲ့ မိတ်ဆွေတွေထက် ပြင်ပကနေ မြှောက်ပင့်သွေးထိုးပေးနေသူတွေကို အတော်လေးရွံရှာစက်ဆုပ်မိလာပါတော့တယ်။

ပြီးခဲ့တဲ့ရက်မှာ သတင်းတွေကို ကြည့်မိရင်း လူမှုကွန်ရက်ပေါ်က ပြည်ပရောက် မြန်မာသံအမတ်ကြီးတွေရဲ့ သဘောထားခံယူချက်တွေကို ကြည့်မိ၊ ဝေဖန်သူတွေရဲ့ သဘောထားတွေကို စေ့ငုကြည့်တဲ့အခါ လူချင်းတူပေမယ့် စိတ်ခံစားချက်ချင်းမတူညီ၊ လူချင်းတူပေမယ့် ခံယူချက်ချင်းကွဲပြား၊ လူချင်းတူပေမယ့် ပရနဲ့အတ္တ မကွဲပြားဘဲ ကိုယ့်အတွက်ကိုယ်ကြည့်တဲ့ လူ့အတ္တသမားတွေကို မြင်လာရပါတယ်။

**မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး ဦးမောင်မောင်လင်းကို CDM လုပ်ဖို့ လာရောက်တောင်းဆိုနေကြတာကို ရုပ်သံရိုက်ကူးထားတဲ့မှတ်တမ်း ကြည့်မိတဲ့အခါ တောင်းဆိုသူတွေကို အေးအေးဆေးဆေး ရှင်းပြနေတဲ့ သံအမတ်ကြီးကို တွေ့ရပါတယ်။ လာရောက်ဆွေးနွေးမှုကို လက်သင့်ခံပြီး အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ်နဲ့ သူ့အမြင်ကို ထုတ်ဖော်ပြောကြားနေတာ၊ လက်ရှိ နိုင်ငံရဲ့ပကတိအခြေအနေကို သုံးသပ်ပြတာနဲ့ နိုင်ငံတော်ရဲ့ကျေးဇူးသစ္စာကို စောင့်သိရိုသေတာတွေကို မြင်တွေ့ရပါတယ်။ အမှန်တရားက ဖိနပ်စီးတုန်း မုသာဝါဒက ကမ္ဘာတစ်ပတ်ပတ်မိနေပြီဆိုသလို သံအမတ်ကြီးရဲ့ ရင်ထဲက ပြည်သူတွေအထိနာမှာစိုးလို့ ပြောပြတဲ့စေတနာစကားတွေ၊ အခုလို ဆိုရှယ်မီဒီယာတွေကနေ အရှက်ခွဲနိုင်တာကို သိရက်နဲ့ သူ့ယုံကြည်ချက်၊ သူ့ခံယူချက်ကို ရှင်းပြနေတာတွေကို မြင်တွေ့ရတယ်။ လူမှုကွန်ရက်မှာ သူ့ကို ဝိုင်းဝန်းပြီး ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချနေတာကိုလည်း မြင်တွေ့နေရပါတယ်။ လောကကြီးမှာ အားကြီးသူသာ အနိုင်ရတယ်ဆိုရင် မတရားမှုတွေအားကြီးလာတဲ့အခါ ဘယ်လိုတွန်းလှန်ကြရမလဲ။ မတရားမှုနဲ့ မမှန်ကန်မှုတွေက ကြီးစိုးထားရင် အမှန်တရားက ခေတ္တငုပ်လျှိုးရတော့တာလို့ သံဝေဂသဘောပိုက်မိ။**

## အမှန်တရားက ခေတ္တငုပ်လျှိုး

မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးသံအမတ်ကြီး ဦးမောင်မောင်လင်းကို CDM လုပ်ဖို့ လာရောက်တောင်းဆိုနေကြတာကို ရုပ်သံရိုက်ကူးထားတဲ့ မှတ်တမ်း ကြည့်မိတဲ့အခါ တောင်းဆိုသူတွေကို အေးအေးဆေးဆေး ရှင်းပြနေတဲ့ သံအမတ်ကြီးကို တွေ့ရပါတယ်။ လာရောက်ဆွေးနွေးမှုကို လက်သင့်ခံပြီး အေးအေးချမ်းချမ်း တည်တည်ငြိမ်ငြိမ်နဲ့ သူ့အမြင်ကို ထုတ်ဖော်ပြောကြားနေတာ၊ လက်ရှိ နိုင်ငံရဲ့ ပကတိအခြေအနေကို သုံးသပ်ပြတာနဲ့ နိုင်ငံတော်ရဲ့ကျေးဇူးသစ္စာကို စောင့်သိရိုသေတာတွေကို မြင်တွေ့ရပါတယ်။ အမှန်တရားက ဖိနပ်စီးတုန်း မုသာဝါဒက ကမ္ဘာတစ်ပတ်ပတ်မိနေပြီဆိုသလို သံအမတ်ကြီးရဲ့ရင်ထဲက ပြည်သူတွေအထိနာမှာစိုးလို့ ပြောပြတဲ့ စေတနာစကားတွေ၊ အခုလို ဆိုရှယ်မီဒီယာတွေကနေ အရှက်ခွဲနိုင်တာကို သိရက်နဲ့ သူ့ယုံကြည်ချက်၊ သူ့ခံယူချက်ကို ရှင်းပြနေတာတွေကို မြင်တွေ့ရတယ်။ လူမှုကွန်ရက်မှာ သူ့ကိုဝိုင်းဝန်းပြီး ပြင်းပြင်းထန်ထန် ဝေဖန်ရှုတ်ချနေတာကိုလည်း မြင်တွေ့နေရပါတယ်။ လောကကြီးမှာ အားကြီးသူသာ အနိုင်ရတယ်ဆိုရင် မတရားမှုတွေအားကြီးလာတဲ့အခါ ဘယ်လိုတွန်းလှန်ကြရမလဲ။ မတရားမှုနဲ့ မမှန်ကန်မှုတွေက ကြီးစိုးထားရင် အမှန်တရားက ခေတ္တငုပ်လျှိုးရတော့တာလို့ သံဝေဂသဘောပိုက်မိပါတယ်။

အစ္စရေးသံအမတ်ကြီးလိုပဲ ပြည်သူတွေနဲ့ ရန်တိုက်ပေးခံရသူနောက်တစ်ဦးက နော်ဝေနိုင်ငံမှာ သွားရောက်တာဝန်ထမ်းဆောင်နေတဲ့ သံအမတ်ကြီး ဒေါ်မော်မော်ဖြစ်ပါတယ်။ အမျိုးသမီးတစ်ဦး နိုင်ငံရပ်ခြားအထိ သွားရောက်ပြီး နိုင်ငံ့တာဝန်ထမ်းဆောင်နေသူကို ဂုဏ်ယူအားပေးရမယ့်အစား CDM မှာ မပါဝင်တဲ့အတွက် သူပုန်အဖြစ် သတ်မှတ်ပါတယ်ဆိုပြီး ပြောဆိုနေကြတာတွေကို မြင်တွေ့ရပါတယ်။ ပြည်သူတွေအတွက် သံခင်းတမန်ခင်း ကိစ္စရပ်တွေမှာ တာဝန်မကျေပွန်တာလား၊ ပြည်ပရောက်နိုင်ငံသားတွေကို နှိပ်စက်ကလူပြုနေသလား၊ တစ်ခုမှမဟုတ်ပါဘူး။ နိုင်ငံအတွက် ပေးအပ်သမျှတာဝန်တွေ ကျေပွန်အောင်ဆောင်ရွက်သူ၊ နိုင်ငံအတွက် အလုပ်အကျွေးပြုသူ၊ မှန်ကန်သူကို အမှားဖြစ်အောင်၊ နိုင်ငံ့အတွက် ဒုက္ခပေးတဲ့သူဖြစ်အောင် ပြောဆိုရေးသားဝေဖန်နေခြင်းဟာ ဒီမိုကရေစီနည်းလမ်းကို သွေဖည်နေပြီလို့ ပြောရမှာဖြစ်ပါတယ်။

## နိုင်ငံခြားရေးမူဝါဒကို ဖော်ဆောင်နေကြရသူ

ဒီနေရာမှာ နိုင်ငံတော်ကနေ စေလွှတ်တဲ့အတွက် ကမ္ဘာ့နိုင်ငံအချို့ကို အလုပ်တာဝန်ဖြင့် သွားရချိန်တွေမှာ ကြုံတွေ့နေရတဲ့ ပြည်ပရောက် မြန်မာသံရုံးအချို့ကို ရောက်ရှိခဲ့ဖူးပါတယ်။ များသောအားဖြင့် သံရုံးအသိုင်းအဝိုင်းမိသားစုတွေဟာ အခွင့်ထူးခံလူတန်းစားတွေ မဟုတ်ကြပါဘူး။ အားလုံးဟာ အမိမြေကနေ ဝေးကွာနေရပေမယ့် နိုင်ငံအတွက် နိုင်ငံတကာမျက်နှာစာကနေ တာဝန်ယူပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဆိုတဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ နိုင်ငံခြားရေးမူဝါဒကို ဖော်ဆောင်နေကြရသူတွေပါ။ သူတို့တွေဟာ အခြားသောပြည်တွင်းမှာရှိတဲ့ နိုင်ငံ့ဝန်ထမ်းတွေအတိုင်း နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရပြီး ကိုယ့်နိုင်ငံနဲ့ ရောက်ရှိနိုင်ငံတွေအကြား မိတ်ဝတ်မပျက်ဆက်ဆံရေးကို ဖော်ဆောင်ကြရသူတွေ ဖြစ်ပါတယ်။

ဒီလို နိုင်ငံတော်ရဲ့ အရေးကြီးတဲ့ တာဝန်တွေကို ကျေပွန်အောင် ထမ်းဆောင်ကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို အတင်းအကျပ်ဖိအားပေးပြီး အလုပ်တာဝန်တွေ မထမ်းဆောင်ဖို့ တိုက်တွန်းတာကို အံ့သြလို့ မဆုံးနိုင်ပါဘူး။ ပြည်ပရောက်နေတဲ့ မြန်မာနိုင်ငံသားတိုင်းရဲ့ အရေးကိစ္စမှန်သမျှကို ဆောင်ရွက်ပေးနေတာ မြန်မာသံရုံးတွေပဲ ဖြစ်ပါတယ်။ သံရုံးတွေဟာ ပြည်ပရောက် မြန်မာတွေအတွက်တော့ မိဘအိမ်ပဲ ဖြစ်ပါတယ်။ အကယ်၍များ သံရုံးမိသားစုတွေ အားလုံး CDM လုပ်သွားကြမယ်ဆိုရင် အဲဒီနိုင်ငံမှာ ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားတွေ အရေးကိစ္စတစ်ရပ်ရပ်ကြုံလာတဲ့အခါ ဘယ်သူက ဆောင်ရွက်ပေးကြမလဲ၊ ဆိုက်ရောက်နိုင်ငံရဲ့ ဥပဒေရေးရာတွေ၊ သံခင်းတမန်ခင်းနည်းအရ ဖြေရှင်းညှိနှိုင်းမှုတွေကို ဘယ်သူတွေက လုပ်ဆောင်ပေးကြမလဲ၊ နိုင်ငံကူးလက်မှတ်သက်တမ်းကုန်ဆုံးတဲ့အခါ ဘယ်သူတွေက တာဝန်ယူကြမလဲ စတဲ့ မေးခွန်းပေါင်းစုံကို တွေးမိရင်း စိတ်မသက်မသာ ဖြစ်မိပါတယ်။

ပြီးခဲ့တဲ့ရက်ပိုင်းက ကုလသမဂ္ဂမှာ တာဝန်ထမ်းဆောင်နေတဲ့ မြန်မာသံအမတ်ကြီး ဦးကျော်မိုးထွန်းက အလွတ်သဘောတွေ့ဆုံပွဲတစ်ခုမှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ကိုယ်စားမပြုဘဲ တရားမဝင်အဖွဲ့အစည်းတစ်ခုကို ကိုယ်စားပြုတယ်ဆိုပြီး ပြောဆိုသွားတာကို ကြားတွေ့ရပါတယ်။

စာမျက်နှာ ၇ သို့ ❂

**ဒီနေရာမှာ နိုင်ငံတော်ကနေ စေလွှတ်တဲ့အတွက် ကမ္ဘာ့နိုင်ငံအချို့ကို အလုပ်တာဝန်ဖြင့် သွားရချိန်တွေမှာ ကြုံတွေ့နေရတဲ့ ပြည်ပရောက် မြန်မာသံရုံးအချို့ကို ရောက်ရှိခဲ့ဖူးပါတယ်။ များသောအားဖြင့် သံရုံးအသိုင်းအဝိုင်းမိသားစုတွေဟာ အခွင့်ထူးခံလူတန်းစားတွေ မဟုတ်ကြပါဘူး။ အားလုံးဟာ အမိမြေကနေ ဝေးကွာနေရပေမယ့် နိုင်ငံအတွက် နိုင်ငံတကာမျက်နှာစာကနေ တာဝန်ယူပြီး ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးဆိုတဲ့ နိုင်ငံတကာဆက်ဆံရေးနဲ့ နိုင်ငံခြားရေးမူဝါဒကို ဖော်ဆောင်နေကြရသူတွေပါ။ သူတို့တွေဟာ အခြားသောပြည်တွင်းမှာရှိတဲ့ နိုင်ငံ့ဝန်ထမ်းတွေအတိုင်း နိုင်ငံတော်နဲ့ နိုင်ငံသားတို့ရဲ့ ကျေးဇူးသစ္စာကို စောင့်သိရိုသေကြရပြီး ကိုယ့်နိုင်ငံနဲ့ ရောက်ရှိနိုင်ငံတွေအကြား မိတ်ဝတ်မပျက် ဆက်ဆံရေးကို ဖော်ဆောင်ကြရသူတွေဖြစ်။**

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ KNU/KNLA ငြိမ်းချမ်းရေးကောင်စီနှင့် DKBA အဖွဲ့တို့အား ဆန်၊ ဆီနှင့် ကျွန်းမျိုးစေ့များ ထောက်ပံ့ပေးအပ်

**ဘားအံ မတ် ၉**

ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ KNU/KNLA ငြိမ်းချမ်းရေးကောင်စီနှင့် DKBA အဖွဲ့တို့အား ဆန်၊ ဆီနှင့် ကျွန်းမျိုးစေ့များ ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို မတ် ၉ ရက် မွန်းလွဲ ၂ နာရီခန့်က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၂)၌ ကျင်းပသည်။



ထောက်ပံ့ပေးအပ်သည့် အခမ်းအနားတွင် ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက KNU/KNLA ငြိမ်းချမ်းရေးကောင်စီနှင့် DKBA အဖွဲ့တို့သည် အပစ်အခတ်ရပ်စဲပြီး ငြိမ်းချမ်းရေးရယူ၍ အတူတကွ နေထိုင်လာခဲ့သည်မှာ နှစ်ကာလအားဖြင့် ကြာမြင့်ပြီဖြစ်ကြောင်း၊ မတ် ၂ ရက်က ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီမှ KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ စောထော့လေး၊ အထွေထွေအတွင်းရေးမှူး ဒေါက်တာနော်ကပေါ်ထူးနှင့် အဖွဲ့ဝင်များအား ထို့ကော်ကိုးဒေသ၌ သွားရောက်တွေ့ဆုံရာတွင် ကျွန်းစိုက်ပျိုးရန် မျိုးစေ့များ ထပ်မံလိုအပ်သည်ဟု သိရသည့်အတွက် ကျွန်းမျိုးစေ့များ ထောက်ပံ့ပေးရခြင်းဖြစ်ကြောင်း၊ လာမည့်မိုးရာသီတွင် မိမိတို့ဒေသ၌ စိုက်ပျိုးဖြစ်ထွန်းနိုင်သည့် အပင်များကို တစ်အုပ်တစ်မစိုက်ပျိုးနိုင်ရန် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှလည်း ညွှန်ကြားထားပါကြောင်း၊ သစ်တောဦးစီးဌာနနှင့် ညှိနှိုင်း၍ ပျိုးပင်ပေါင်းလေးသိန်းကျော်ကို ပျိုးထောင်ထားပြီး ကရင်ပြည်နယ်တစ်ပြည်နယ်လုံးတွင် စိုက်ပျိုးသွားရန် ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ငြိမ်းချမ်းရေးအဖွဲ့များကလည်း ကျွန်းပင်များ ပျိုးထောင်စိုက်ပျိုးမည်ကို သိရသည့်အတွက် ဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ပါကြောင်း၊ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင် မိသားစုများအနေဖြင့် ကိုဗစ်ကာလတွင် အလုပ်အကိုင်အခက်အခဲများရှိသည်ဟု ကြားသိရသည့်အတွက် ယနေ့ ဆန်နှင့်ဆီကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ နောင်တွင်လည်း ထောက်ပံ့ပေးသွားနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက KNU/KNLA ငြိမ်းချမ်းရေးကောင်စီသို့ ကျွန်းမျိုးစေ့ ၁၀ တင်း၊ ဆန်အိတ် ၁၅၀ နှင့် ဆီပိသ္သာ ၁၅၀ တို့ကိုလည်းကောင်း၊ DKBA တပ်ဖွဲ့ဝင်မိသားစုများအတွက် ဆန်အိတ် ၁၅၀ နှင့် ဆီပိသ္သာ ၁၅၀ တို့ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ရာ KNU/KNLA ငြိမ်းချမ်းရေးကောင်စီနှင့် DKBA အဖွဲ့တို့မှ ကိုယ်စားလှယ်များက လက်ခံရယူခဲ့ကြပြီး ကိုယ်စားလှယ်တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက နယ်စပ်ကုန်စည်စီးဆင်းမှုနှင့်ပတ်သက်၍ ကချင်ပြည်နယ်ကုန်စည်ပို့ဆောင်ရေးအသင်းနှင့် ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား မတ် ၉**

ကချင်ပြည်နယ်အတွင်း ပြည်တွင်း၊ ပြည်ပကုန်သွယ်ရေးလုပ်ငန်းများ စနစ်တကျဖြင့် ကုန်စည်စီးဆင်းမှု လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးနှင့် အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းဆောင်ရွက်ရန် ကိစ္စရပ်များနှင့်ပတ်သက်၍ ကချင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီက ပြည်နယ်ကုန်စည်ပို့ဆောင်ရေးအသင်းမှ တာဝန်ရှိသူများနှင့် မတ် ၉ ရက် နံနက် ၁၁ နာရီတွင် ညှိနှိုင်းဆွေးနွေးကြသည်။

**အဓိကအရေးပါ**

ညှိနှိုင်းဆွေးနွေးရာတွင် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က မိမိတို့ ကချင်ပြည်နယ်အတွက် နယ်စပ်ကုန်စည်စီးဆင်းမှုသည် အရေးပါကြောင်း၊ ပြည်နယ်အတွင်းမှ စိုက်ပျိုးမွေးမြူရေးထွက်ကုန်များကို သယ်ယူ၊ တင်ပို့ရာတွင်လည်းကောင်း၊ တစ်ဖက်တရုတ်နိုင်ငံမှ ကုန်စည်တင်ပို့/ ဖြန့်ဖြူးရာတွင်လည်းကောင်း နယ်စပ်ကုန်စီးဆင်းမှုသည် အဓိကအရေးပါသည့် လုပ်ငန်းဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်သွယ်ရေးလုပ်ငန်းများ ပိုမိုခိုင်မာပြီး လုပ်ငန်းမြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့ကောင်စီအနေဖြင့် ကုမ္ပဏီလုပ်ငန်းရှင်များ၊ ပြည်နယ်အတွင်းရှိ ကုန်စည်




သယ်ယူပို့ဆောင်ရေးအဖွဲ့အစည်းများ စုစည်းပါဝင်သည့် ပြည်နယ်ကုန်စည်ပို့ဆောင်ရေးအသင်းကို ဖွဲ့စည်းတည်ထောင်ပေးခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်စည်စီးဆင်းမှုပိုမိုအားကောင်းလာစေရန် အလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကချင်ပြည်နယ်ကုန်စည်ပို့ဆောင်ရေးအသင်းမှ တာဝန်ရှိသူများက ပြည်နယ်ကုန်စည်ပို့ဆောင်ရေးအသင်း ဖွဲ့စည်းဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ညှိနှိုင်းဆောင်ရွက်ဆဲအခြေအနေများ၊ တရုတ်နိုင်ငံနှင့် ကုန်စည်စီးဆင်းမှုအခြေအနေများတွင် ယာဉ်အဝင်/ အထွက်အတွက် ညှိနှိုင်းဆောင်ရွက်ရာတွင် တစ်ဖက်နိုင်ငံ၏ အကန့်အသတ်များနှင့် ကြုံတွေ့ရသည့် အခက်အခဲများ၊ သွင်းကုန်/ထုတ်ကုန်များ သယ်ယူပို့ဆောင်/ ဖြန့်ဖြူးနေမှုအခြေအနေများကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ကောင်စီအဖွဲ့ဝင်များနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကုန်စည်ပို့ဆောင်ရေးအသင်းအား မူဝါဒခိုင်ခိုင်မာမာချမှတ်ပြီး လျင်မြန်စွာဆောင်ရွက်နိုင်ရေး၊ နှစ်နိုင်ငံကုန်သွယ်ရေးကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်နိုင်ရေးတို့နှင့်ပတ်သက်၍ ဖြည့်စွက်ဆွေးနွေးကြသည်။

ဆွေးနွေးမှုများအပေါ် ပြည်နယ်ကောင်စီဥက္ကဋ္ဌက ကချင်ပြည်နယ်ကုန်စည်ပို့ဆောင်ရေးအသင်းအား ခိုင်မာသည့်မူဝါဒများချမှတ်ပြီး လျင်မြန်စွာ အကောင်အထည်ဖော်ဆောင်ရွက်ကြရေး၊ ကုန်သွယ်မှုလုပ်ငန်းအခြေအနေကို ပြည်နယ်ကောင်စီအဖွဲ့သို့ စဉ်ဆက်မပြတ်တင်ပြရေး၊ တစ်ဖက်တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုကို ညှိနှိုင်းဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံ၏ ဥပဒေနှင့်အညီ ညှိနှိုင်းဆောင်ရွက်ရေးတို့ကို ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

**ပြည်နယ်(ပြန်/ဆက်)**

❂ စာမျက်နှာ ၆ မှ

ဒါကြောင့် အဆိုပါသံအမတ်ကြီးကို ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်လိုက်တာကိုလည်း တွေ့ရပါတယ်။ ဒါပေမယ့် နောက်ကွယ်က ဖြစ်ရပ်တွေကလည်း လူမှုကွန်ရက်ပေါ်မှာ ဆက်တိုက်ပျံ့နှံ့လာပါတယ်။ ပြည်သူတွေနဲ့ အတူရှိတယ်လို့ ပြောကြားခဲ့တဲ့သူဟာ ပြည်သူတွေ အထိအခိုက်အဖိတ်အစဉ် ဖြစ်ရတဲ့အခါမှာရော အနားမှာရှိခဲ့ပါသလား။ နိုင်ငံရေးခိုလှုံခွင့်ကိုယူပြီး တစ်ဖက်နိုင်ငံသားတွေအဖြစ်ခံယူပြီး ပြည်သူနဲ့အတူလို့ ပြောဆိုလာတာကို လက်ခံတဲ့ မြန်မာနိုင်ငံသားဟာ စဉ်းစားတွေးခေါ်မှုအရာမှာ တော်တော်အားနည်းနေပြီလို့ ဆိုရမှာပါပဲ။

**“ရုံးမတက်နဲ့ ရှန်းထွက်”လို့ အော်နေကြသူတွေ၊ မြှောက်ပေးကြသူတွေဟာ ကလေးတွေ ထိခိုက်ကြတဲ့အခါ စိတ်မကောင်းဖြစ်တဲ့အကြောင်း အွန်လိုင်းကနေ ဖြန့်ဝေရေးသားနေရုံပဲလား။ ဘယ်သူနိုင်နိုင် အာဏာမရတဲ့ ပြည်သူတွေကပဲ ပေးဆပ်ကြရတာပဲ မဟုတ်လား။ ဆူပူသူ၊ ဆန္ဒပြသူနဲ့ CDM လုပ်သူတွေထဲမှာ နိုင်ငံရေးသဘောတရားနားမလည်ပါဘူး။ သို့သော် နိုင်ငံကောင်းစားစေချင်လို့ဆိုတဲ့ စေတနာနဲ့ ရိုးသားစွာ၊ အေးချမ်းစွာ ဆန္ဒပြသူလည်း ရှိမှာပါ။ နောက်ကွယ်မှာ မိမိအကျိုးစီးပွားအရ ဆန္ဒပြသူတွေလည်း ရှိနိုင်ပါတယ်။ ထောက်ပံ့မှုတွေကို မျှော်ကိုးပြီး ဆန္ဒပြသူလည်း အများသားပါ။ အကျိုးအမြတ်တစ်စုံတစ်ရာအတွက် ရည်ရွယ်ပြီး လုပ်ကြတာ၊ သူများလုပ်လို့ လိုက်လုပ်ကြတာမျိုးလည်း တစ်ပုံကြီးပါပဲ။**

ဒါကြောင့် ဘယ်သူတွေအကောက်ကြံ ဖောက်ပြန်ပြီး ရုံးမတက်အောင် ဖိအားပေးလည်း အပြုံးမပျက်၊ အမုန်းလည်းမဖက်ဘဲ ယုံကြည်ချက်အတိုင်း ရုံးတက်ကြသူ အနယ်နယ်အရပ်ရပ်မှ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ရေခြားမြေခြား နိုင်ငံ့တာဝန်ထမ်းဆောင်ပေးကြသူတွေအားလုံးကို လေးစားဂုဏ်ယူမိပါကြောင်း။ ။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ လူမှုရေး

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး၊

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၈၁၆၆၄ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၆၃၅၁၇ ဦးဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၁၅၃၃၁ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၉၀၄ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၆၁၉၆ ဦး ဖြစ်သည်။

၃။ မဲဆန္ဒရှင်စာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်သည်-

### အမရပူရမြို့နယ်၏ မဲဆန္ဒရှင်စာရင်း စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေး တိုင်းဒေသကြီး အမရပူရမြို့နယ် မဲရုံပေါင်း ၁၃၇ ရုံ | ၁၈၁၆၆၄ | ၁၆၃၅၁၇ | ၁၅၃၃၁ | ၉၀၄ | ၁၆၁၉၆ |

၄။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၅။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်တွင် မဲရုံပေါင်း ၁၃၇ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၉၄၃၀၈ ၊ မဲပေးအသုံးပြုခဲ့သော လက်ခံဖြတ်ပိုင်းများမှာ ၁၅၀၇၄၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၄၃၅၆၄ ဖြစ်သော်လည်း အမရပူရမြို့နယ်၏ ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးရာတွင် ကျန်တန်းရပ်ကွက်၊ မဲရုံအမှတ်(၁)၏ ပြည်သူ့လွှတ်တော်မဲလက်မှတ်များကို ရှာဖွေတွေ့ရှိခြင်းမရှိသဖြင့် မြေပြင်လက်ကျန်မှာ ၃၉၃၃၃ ဖြစ်ပြီး ပျောက်ဆုံး ၄၂၃၁ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

### အမရပူရမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၈၉၂၅၀ | ၁၅၀၁၄၄ | ၃၉၁၀၆ | ၃၄၈၇၅ | ၄၂၃၁ | - |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၅၀၅၈ | ၆၀၀ | ၄၄၅၈ | ၄၄၅၈ | - | - |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | - | - | - | - | - | - |
| | စုစုပေါင်း | ၁၉၄၃၀၈ | ၁၅၀၇၄၄ | ၄၃၅၆၄ | ၃၉၃၃၃ | ၄၂၃၁ | |

၆။ ဖော်ပြပါ ရှာဖွေတွေ့ရှိခြင်းမရှိသည့် ကျန်တန်းရပ်ကွက်၊ မဲရုံအမှတ်(၁)၏ ပြည်သူ့လွှတ်တော်မဲလက်မှတ်ဖြတ်ပိုင်းများအစား အမျိုးသားလွှတ်တော်မဲလက်မှတ်များကို ထည့်သွင်း၍ တွက်ချက်ပါက ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၉၄၃၀၈၊ အသုံးပြုမှုမှာ ၁၅၂၄၇၄၊ ကျန်ရမည့်မဲလက်မှတ်အရေအတွက်မှာ ၄၁၈၃၄ ၊ မြေပြင်လက်ကျန်မှာ ၃၉၇၅၃ ရှိမည်ဖြစ်ပြီး လျော့နည်းပျောက်ဆုံးမှုမှာ ၂၀၈၁ ဖြစ်ပါသည်။

### အမရပူရမြို့နယ် ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၈၉၂၅၀ | ၁၅၁၈၇၄ | ၃၇၃၇၆ | ၃၅၂၉၅ | ၂၀၈၁ | - |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၅၀၅၈ | ၆၀၀ | ၄၄၅၈ | ၄၄၅၈ | - | - |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | - | - | - | - | - | - |
| | စုစုပေါင်း | ၁၉၄၃၀၈ | ၁၅၂၄၇၄ | ၄၁၈၃၄ | ၃၉၇၅၃ | ၂၀၈၁ | |

၇။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများ၊ နည်းဥပဒေ ၆၆(ဧ)တွင် "မဲရုံပိတ်ချိန်တွင် မဲရုံမှူးသည် အောက်ပါတို့ကို အထုပ်တစ်ထုပ်စီထုပ်ပြီးလျှင် မိမိ၏ချိပ်တံဆိပ်ကို ရိုက်နှိပ်ရမည်။ အထုပ်ပေါ်တွင် အထုပ်အတွင်းရှိ ပစ္စည်းအမျိုးအမည်၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအမည်နှင့် မဲရုံအမှတ်တို့ကို ရေးသားရမည်။ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ မဲရုံကိုယ်စားလှယ် သို့မဟုတ် အကူကိုယ်စားလှယ်များအားလည်း မိမိတို့၏ချိပ်တံဆိပ်ကို ရိုက်နှိပ်လိုက ရိုက်နှိပ်ခွင့်ပြုပြီး ယင်းအထုပ်များကို အထုပ်ကြီးတစ်ထုပ် ပြုလုပ်ရမည်-

( ၁ ) မသုံးဘဲကျန်နေသော ဆန္ဒမဲလက်မှတ်များ၊ လက်ခံဖြတ်ပိုင်းများနှင့် ပုံစံ(၁၆-၁)၊

( ၂ ) မဲရုံတွင် အသုံးပြုသော မဲစာရင်း

( ၃ ) ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၊

( ၄ ) ပယ်မဲ ပုံစံ(၁၇)များ" ဟု ပြဋ္ဌာန်းထားသည်။

၈။ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်တွင်လည်း အထက်ပါ နည်းဥပဒေအတိုင်း ဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်ပါသည်။

၉။ သို့ရာတွင် စိစစ်တွေ့ရှိချက်များအရ ဆန္ဒမဲလက်မှတ်များထုတ်ယူခြင်းနှင့် မဲလက်မှတ်များ ထုပ်ပိုးသိမ်းဆည်းရာတွင် အားနည်းချက်များရှိခဲ့ပြီး သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေ၊ လုပ်ငန်းလမ်းညွှန်များပါအတိုင်း လိုက်နာဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# တပ်ကုန်းမြို့နယ်၌ အသက်(၆၅)နှစ်အထက် ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံ

**တပ်ကုန်း မတ် ၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော်တပ်ကုန်းမြို့နယ်အတွင်းရှိ အသက်(၆၅)နှစ်အထက် ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး စတင်ထိုးနှံခြင်းကို ယနေ့ နံနက် ၉ နာရီက အောင်ဇေယျရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်း ဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်း မပြုမီ ကျန်းမာရေးဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်းများ ဆောင်ရွက်ပေးပြီး ပုံမှန်အနေအထားရှိမှသာ ကာကွယ်ဆေးထိုးနှံပေးလျက်ရှိသည်။

အဆိုပါကာကွယ်ဆေးထိုးနှံရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မင်းနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာထွန်းထွန်းတို့ လာရောက်ကြည့်ရှုအားပေးသည်။ တပ်ကုန်းမြို့နယ်၌ အသက်(၆၅)နှစ်အထက် ပြည်သူပေါင်း ၁၆၉၂၁ ဦး၊ ဌာနဆိုင်ရာဝန်ထမ်းပေါင်း ၃၁၈၅ ဦးတို့ကို တစ်ရက်လျှင် လူဦးရေ ၁၀၀၀ နှုန်းခန့်ဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**





# ဝေါမြို့၌ ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် စတင်ထိုးနှံပေး

**ဝေါ မတ် ၉**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် ပြည်သူ့ဆေးရုံ၌ ယမန်နေ့ မွန်းတည့် ၁၂ နာရီမှစတင်ကာ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျောင်းဆရာ ဆရာမများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် စတင်ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ စတင်ထိုးနှံပေးရာတွင် မတ် ၈ ရက်တွင် ၅၀၅ ဦးအား ကာကွယ်ဆေးထိုးပေးခဲ့ပြီး ဝန်ထမ်း ၂၄၉၅ ဦးအား မတ် ၁၁ ရက်အထိ ကာကွယ်ဆေးများ စနစ်တကျ ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပြီးသူများအား လေးပတ်အကြာတွင် ဒုတိယအကြိမ် ကာကွယ်ဆေးကို ထပ်မံထိုးနှံပေးသွားမည်ဖြစ်ကာ ကာကွယ်ဆေးကို ဒုတိအကြိမ်ထိုးပြီးမှသာလျှင် ရောဂါကာကွယ်နိုင်စွမ်းကို အပြည့်အဝရရှိမည်ဖြစ်ကြောင်းဝေါမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။ **အောင်မြတ်လင်း (ပြန်/ဆက်)**

# ကယားပြည်နယ် လွိုင်ကော်မြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် စတင်ထိုးနှံ

**လွိုင်ကော် မတ် ၉**

ကယားပြည်နယ် လွိုင်ကော်မြို့၌ ဆရာတော်၊ သံဃာတော်များနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ လွိုင်ကော်မြို့အတွင်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် စတင်ထိုးနှံခြင်းကို ယနေ့ နံနက်ပိုင်းမှစ၍ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်းနှင့် လွိုင်ကော်ပြည်သူ့ဆေးရုံကြီးတို့၌ ထိုးနှံဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်နယ်ကုသရေးနှင့် ကျန်းမာရေးဦးစီးဌာနမှူးနှင့် ကျန်းမာရေးဝန်ထမ်းများက ဌာနဆိုင်ရာများနှင့် ပြည်သူများအား တစ်ကြိမ်လျှင် ၁၀ ဦးစီခွဲ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ထိုးနှံပေးပြီး ထိုးနှံပြီးသော ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအား သီးသန့်နားနေဆောင်တွင် မိနစ် ၃၀ ခန့် နားနေစေကာ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ထို့နောက် ညနေပိုင်းတွင် လွိုင်ကော်မြို့နယ်အတွင်းရှိ ဆရာတော်၊ သံဃာတော်များအား ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၌ လည်းကောင်း၊ လွိုင်ကော်မြို့နယ်အတွင်းရှိရပ်ကွက်/ကျေးရွာများမှ ပြည်သူများအား လွိုင်ကော်ပြည်သူ့ဆေးရုံကြီး၌ လည်းကောင်း ထိုးနှံဆောင်ရွက်ပေးခဲ့ပြီး ဆရာတော်၊ သံဃာတော်များအား ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လွိုင်ကော်)မှ ဒုတိယဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ အဖွဲ့ဝင်နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



❖ **ကျောဖုံးမှ**

ဆောင်ရွက်ပေးနိုင်ရန် Medical Team များ ဖွဲ့စည်းထားရှိခြင်းတို့ကို စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ နေပြည်တော်၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိပြီး အခြားသော တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# ဆင်ခြင်တုံတရားလက်ကိုင်ထား လူငယ်လူရွယ်များ

**သိဒ္ဓိအောင်**

လောက၌ ကျင်လည်ရှင်သန်ရာမှာ သတိပညာဆိုတဲ့ ဆင်ခြင်တုံတရားကို လက်ကိုင်ထားရမှာ ဖြစ်ပါတယ်။ ဆင်ခြင်တုံတရားကင်းမဲ့တဲ့ ဆောင်ရွက်ပြုမူမှုတွေဟာ အကျိုးရရှိစေမှာထက် အပြစ်တွေကိုသာ ရှေးရှုစေတတ်တာကြောင့် အသိရှိရှိ သတိရှိရှိနဲ့ လိုက်နာနေထိုင်ဖို့ လိုအပ်ပါတယ်။

ဆင်ခြင်တုံတရားရှိဖို့ဆိုရင် ကြောင်းကျိုးဆင်ခြင်ဉာဏ်ရယ်၊ အသိပညာဗဟုသုတရယ် ရှိနေဖို့ လိုအပ်ပါတယ်။ အကြောင်းအရာတွေကို သုံးသပ်နိုင်၊ ခွဲခြမ်းစိတ်ဖြာနိုင်၊ ဆက်စပ်တွေးခေါ်နိုင်တဲ့ ဆင်ခြင်တုံတရားရှိနေရင်တောင် အတ္တတွေ၊ အစွဲတွေရဲ့ လွှမ်းမိုးမှုအရိပ်အောက်က လွတ်ဖို့အတွက် သတိတို့၊ သတ္တိတို့ ရှိနေရမှာ ဖြစ်ပါတယ်။ အရေးကြီးတာက 'ငါလည်း မှားနိုင်တယ်'ဆိုတဲ့ အချက်ကို နှလုံးသွင်းထားနိုင်ဖို့ပါပဲ။

**ဆင်ခြင်တုံတရားကင်းမဲ့တဲ့ လူ့အဖွဲ့အစည်း**

နည်းပညာထွန်းကားတဲ့ ယနေ့ကမ္ဘာကြီးမှာ အကြောင်းအရာတစ်ခုကို သိကြားမြင်တွေ့လိုက်တယ်ဆိုတိုင်း ရာနှုန်းပြည့်မှန်ကန်တယ်လို့ ယုံကြည်လို့ မရပါဘူး။ အဖြစ်အပျက်တွေကို ဦးစွာဆင်ခြင်ပြီးမှ လက်ခံယုံကြည်ရမှာ ဖြစ်သလို ပြန်လည်မျှဝေခြင်းကိုလည်း ပြုလုပ်ရမှာ ဖြစ်ပါတယ်။ ကနေ့ မြန်မာနိုင်ငံရဲ့ မြို့အချို့က လမ်းမကြီးတွေပေါ်မှာ ဖျက်လိုဖျက်ဆီးစိတ်ဓာတ်နဲ့ စုရုံးဆူပူကာ မင်းမဲ့စရိုက်ဆန်စွာ ပြုလုပ်နေကြသူတချို့ဟာ သွေးထိုး လှုံ့ဆော်မှုတွေကြားထဲ မြှောက်ပင့်ပေးတိုင်း အော်ဟစ်နေကြတာကို တွေ့မြင်နေရပါတယ်။ ဥပဒေမဲ့လုပ်ရပ်တွေကို အများပြည်သူဆိုင်ရာလမ်းမကြီးတွေမှာ ပြုလုပ်နေကြသူတွေကြောင့် ဆင်ခြင်တုံတရားကင်းမဲ့တဲ့ လူ့အဖွဲ့အစည်းအဖြစ် ရောက်ရှိသွားနိုင်တယ်ဆိုတာ ဆန္ဒပြဆူပူသူတိုင်း သတိထားဖို့ လိုအပ်ပါတယ်။

အဖွဲ့အစည်းတစ်ခု ထွန်းကားဖို့ဆိုရင် ဆွေးနွေး၊ မေးမြန်း၊ စူးစမ်း၊ ရှာဖွေ၊ လေ့လာမှုတွေ ရှိနေရမှာ၊ ပြုလုပ်နေရမှာ ဖြစ်ပါတယ်။ အကြောင်းအရာကိစ္စတွေရဲ့ အမှန်တကယ် ဖြစ်စဉ်ကို သိရှိအောင် မေးမြန်းစူးစမ်း လေ့လာခြင်းမရှိဘဲ သွေးထိုးလှုံ့ဆော်မှုတွေကြားမှာ ဝေဝါးယောင်မှားနေမယ်ဆိုရင် အနာဂတ်တို့၊ လွတ်လပ်မှုတို့၊ ဂုဏ်သိက္ခာတို့၊ တည်ငြိမ်မှုတို့နဲ့ ဝေးကွာသွားမှာဖြစ်ပြီး အေးချမ်းသာယာခြင်းဆိုတာကိုပါ ဆုံးရှုံးသွားနိုင်တယ်ဆိုတာ သတိချပ်သင့်ပါတယ်။

ဆင်ခြင်တုံတရားရှိတဲ့ လူ့အဖွဲ့အစည်းဖြစ်ဖို့ဆိုရင် အဂတိတရားလေးပါးကို သိရှိပြီး လိုက်နာကျင့်သုံးနေထိုင်ကြဖို့ လိုအပ်ပါတယ်။ ဗုဒ္ဓမြတ်စွာဘုရားက သိင်္ဂါလလုလင်အား အဂတိတရားလေးပါးကို မလိုက်စားအပ်ကြောင်း မဟာကရုဏာတော်ဖြင့် ဆုံးမတော်မူခဲ့ရာ ယင်းအဂတိတရားလေးပါးမှာ ဆန္ဒာဂတိ၊ ဒေါသာဂတိ၊ မောဟာဂတိ၊ ဘယာဂတိတို့ပဲ ဖြစ်ပါတယ်။

ဆန္ဒာဂတိဆိုရာမှာ (ချစ်ခင်သဖြင့် မလိုက်သင့်သည့်ဘက်သို့ လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်း)၊ ဒေါသာဂတိဆိုရာမှာ (စိတ်ဆိုးသဖြင့် မလိုက်သင့်သည့်ဘက်သို့ လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်း)၊ မောဟာဂတိဆိုရာမှာ (ဆင်ခြင်တုံတရားမရှိဘဲ မိုက်မဲတွေဝေသဖြင့် မလိုက်သင့်သည့်ဘက်သို့ လိုက်ခြင်း၊ မပြုသင့်သည်ကိုပြုခြင်း)၊ ဘယာဂတိဆိုရာမှာ (ကြောက်ရွံ့သဖြင့် မလိုက်သင့်သည့်ဘက်သို့ လိုက်ခြင်း၊ မပြုသင့်သည်ကို ပြုခြင်း) စသည်ဖြင့် အဓိပ္ပာယ်ဖွင့်ဆိုထားရှိတာကို ဖော်ပြလိုပါတယ်။

**အကောင်းထက် အဆိုးဘက်ကိုသာ ဦးတည်**

လတ်တလော မြန်မာနိုင်ငံရဲ့ ဖြစ်စဉ်ဖြစ်ရပ်တွေကို လေ့လာကြည့်ပါက လမ်းပေါ်ထွက် ဆူပူရမ်းကားကြသူတွေမှာ လူမှုကွန်ရက်တွေက အခြေအမြစ်မရှိတဲ့ သတင်းတွေ၊ တရားမဝင်အဖွဲ့အစည်းတွေရဲ့ ထုတ်ပြန်ချက်တွေကို ဖတ်ရှုပြီး မြှောက်ပင့်သွေးထိုးတဲ့ စကားတွေအတိုင်း မင်းမဲ့စရိုက်ဆန်တဲ့ လုပ်ရပ်တွေကို အဟုတ်ထင်၊ အမှန်ထင်ကာ ပြုလုပ်နေကြသူတွေ ဖြစ်ပါတယ်။ ဆန္ဒာဂတိကြောင့် ဖြစ်ပေါ်လာတဲ့ ခံစားချက်ကို ဒေါသာဂတိနဲ့ စိတ်လိုက်မာန်ပါကာ မောဟာဂတိနဲ့ ဆင်ခြင်တုံမဲ့ လုပ်ရပ်မှားတွေ ပြုလုပ်နေကြပါက အကောင်းထက် အဆိုးဘက်ကိုသာ ဦးတည်ပြီး ထိခိုက်ဆုံးရှုံးမှုတွေ များလာမှာကို အထူးသတိထားဖို့ လိုပါတယ်။

ဆန္ဒပြဆူပူနေကြတဲ့ အဖွဲ့တွေမှာ Generation Z ဆိုတဲ့ လူငယ်လူရွယ်တွေကို ရှေ့တန်းတင်ပြီး သွေးထိုးလှုံ့ဆော် မြှောက်ပင့်ပေးနေတာတွေက လူငယ်လူရွယ်တွေကို နေရာပေး အလေးထားသလို ထင်ရကောင်း ထင်ရနိုင်သော်လည်း လက်တွေ့ဖြစ်စဉ်မှာတော့ တိုင်းပြည်ရဲ့ အနာဂတ် အသီးအပွင့်တွေကို ပွင့်လန်းမွှေးကြိုင်စေခွင့်မရအောင် အဖူးအငုံဘဝနဲ့တင် စိတ်ဓာတ်ရေး ကိုယ်ကျင့်တရားပါ ရိုက်ချိုးဖျက်ဆီးနေတာဖြစ်တာကြောင့် နောက်ကွယ်က ဆန္ဒပြပွဲကြိုးကိုင်သူတွေရဲ့ လုပ်ရပ်ကို ရှုတ်ချမိပါတယ်။ ဆန္ဒပြအဖွဲ့ထဲ ပါဝင်နေကြတဲ့ တချို့လူငယ်တွေမှာ ယဉ်ကျေးတဲ့ စိတ်သန္တာန်ပါ ပျောက်ကွယ်နေကြပြီး ရဟန်းသံဃာတွေ၊ ဆရာ ဆရာမတွေ၊ ဆန္ဒပြဆူပူမှုထဲ မပါဝင်တဲ့ မိတ်ဆွေ ဆရာသမားသူငယ်ချင်းတွေအပေါ်မှာတောင် ညစ်ညမ်းသော စကားလုံး၊ ရိုင်းစိုင်းသောအပြုအမူတွေနဲ့ ပြုမူနေကြတာကလည်း အနီးဆုံး လက်ဦးဆရာဖြစ်တဲ့ မိဘရဲ့ သွန်သင်ဆုံးမမှု ပေါ့လျော့ခဲ့တာကြောင့်လည်း တစ်ခုအပါအဝင်ပါပဲ။ Generation Z ရဲ့ ဆူပူအုံကြွ ပညာဉာဏ် နည်းပါးသူအချို့ကြောင့် ပြယုဂ်တွေဟာ အကျည်းတန်နေရပြီ မဟုတ်ပါလား။

**ပညာသည် တန်ခိုးစွမ်းအင်**

ပညာလို့ ဆိုလိုက်တာကြောင့် ဆူပူဆန္ဒပြအဖွဲ့ထဲမှာ ပါဝင်ကြတဲ့ Generation Z တွေက 'ငါတို့က ပညာတတ်၊ ဘယ်တက္ကသိုလ်တက်နေတာ၊ ဘယ်ကျောင်းက ဘာမေဂျာနဲ့ ဘွဲ့ရထားတာ' ဆိုပြီး ပြန်တုံ့ပြန်ကြမယ်ဆိုတာ ယုံကြည်ပါတယ်။ ဆိုလိုချင်တဲ့ 'ပညာ' ဆိုတာက 'အမှားအမှန်ကို သေချာစွာ ခွဲခြမ်းသိမြင်နိုင်ခြင်း'ပါ။ 'အသိမပါတဲ့ အတတ်သည် အကန်းနှင့်တူပြီး အတတ်မပါသော အသိသည် အကျိုးနှင့်တူ၏'ဟု ပညာရှိတို့က ဆိုခဲ့ကြပါတယ်။ တက္ကသိုလ်တွေ မည်သို့ပင်တက်တက်၊ စာတွေဘယ်လောက်တတ်တတ် ပညာ(သင်ညာ)သာ သင်ယူပြီးမြောက်ခြင်းဟု ဆိုနိုင်ပါတယ်။ အသိပညာပြည့်စုံဖို့ ပုံစံမျိုးစုံနဲ့ လေ့လာသင်ယူနေရမှာဖြစ်သလို အတတ်ပညာဖြစ်လာဖို့လည်း အချိန်များစွာ ရင်းနှီးပြီး လေ့ကျင့်ဖို့ လိုအပ်ပါတယ်။ သို့မှသာ အမှန်တကယ် အလုပ်ဖြစ်တဲ့၊ ဆင်ခြင်တုံတရားရှိတဲ့ 'ပညာ'ကို ရရှိပိုင်ဆိုင်ရမှာ ဖြစ်ပါတယ်။ 'ပညာသည် တန်ခိုးစွမ်းအင် (Knowledge is Power)'ဟု ဆိုရိုးရှိသော်လည်း အလုပ်ဖြစ်သော၊ အသုံးချနိုင်သော ပညာစစ်ဖြစ်နေဖို့ လိုအပ်ပါတယ်။

ပညာသင်ယူနေတဲ့ အရွယ်၊ ဘဝကို စတင်ရုန်းကန်နေတဲ့ အရွယ်တွေဖြစ်တဲ့ Generation Z တွေရဲ့ ဒီကနေ့ ပြုလုပ်နေတဲ့ Campaign မျိုးစုံဟာ မှန်ကန်တဲ့ လုပ်ရပ်လား၊ မှားတဲ့လုပ်ရပ်လားဆိုတာ ကိုယ်တိုင်တွေးခေါ် စဉ်းစားဆုံးဖြတ်ပြီး လူမှုကွန်ရက်က ရင်းမြစ်မရှိတဲ့ စာသားတွေအတိုင်း အဖျက်အမှောင့်လုပ်ရပ်၊ ဆူပူမှုတွေကို ဆက်လက်လုပ်သင့်သလားဆိုတာ မျက်စိဖွင့် နားစွင့်ရင်း ဆင်ခြင်တုံတရားရှိရှိနဲ့ ဆန်းစစ်ဆင်ခြင်ကြရမှာ ဖြစ်ပါတယ်။ လူငယ်လူရွယ်တွေ လက်ရှိပြုလုပ်နေတဲ့ လမ်းပေါ်ထွက် ဆန္ဒပြမှုတွေအပြင် အဖျက်အမှောင့် လုပ်ရပ်တွေကို အမြန်ဆုံး အဆုံးသတ်ကာ နိုင်ငံချစ်စိတ်နဲ့အတူ နိုင်ငံသားကောင်းပီသစွာ ဥပဒေဘောင်အတွင်း နေထိုင်ပြီး ဆင်ခြင်တုံတရားရှိရှိ တာဝန်နဲ့ ဝတ္တရားတွေကို လေးစားလိုက်နာ နေထိုင်နိုင်ကြရေး အသိပေးရေးသားလိုက်ရပါတယ်။ ။

> **ပညာသင်ယူနေတဲ့ အရွယ်၊ ဘဝကို စတင်ရုန်းကန်နေတဲ့ အရွယ်တွေဖြစ်တဲ့ Generation Z တွေရဲ့ ဒီကနေ့ ပြုလုပ်နေတဲ့ Campaign မျိုးစုံဟာ မှန်ကန်တဲ့လုပ်ရပ်လား၊ မှားတဲ့လုပ်ရပ်လားဆိုတာ ကိုယ်တိုင်တွေးခေါ် စဉ်းစားဆုံးဖြတ်ပြီး လူမှုကွန်ရက်က ရင်းမြစ်မရှိတဲ့ စာသားတွေအတိုင်း အဖျက်အမှောင့်လုပ်ရပ်၊ ဆူပူမှုတွေကို ဆက်လက်လုပ်သင့်သလားဆိုတာ မျက်စိဖွင့်နားစွင့်ရင်း ဆင်ခြင်တုံတရားရှိရှိနဲ့ ဆန်းစစ်ဆင်ခြင်ကြရမှာဖြစ်။**

## ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း လက္ကားရောင်းဝယ်ရေး အမှတ်(၃) သမဝါယမအသင်းလီမိတက်မှ Contract Farming စနစ်ဖြင့် အသင်းသားတောင်သူများအား ဆောင်ရွက်ပေး

**ပြည် မတ် ၉**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်း လက္ကားရောင်းဝယ်ရေးအမှတ် (၃) သမဝါယမအသင်းလီမိတက်သည် တောင်သူအကျိုးတူလယ်ယာ Contract Farming စနစ်ဖြင့် ဆောင်ရွက်လျက်ရှိရာ အသင်းသားတောင်သူ ၂၈၁ ဦး၏ လယ်ဧက ၁၀၉၀ ကို ထွန်ယက်ခြင်း၊ မျိုးစပါးဖြန့်ဖြူးခြင်း၊ အချိန်ကာလအလိုက် ဓာတ်မြေဩဇာပိုးသတ်ဆေး၊ ပေါင်းသတ်ဆေးဖြန့်ဖြူးခြင်း၊ သီးနှံပေါ်ချိန် ရိတ်သိမ်းခြွေလှေ့ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းတို့ကို စာရင်းမှတ်စနစ်ဖြင့် ဆောင်ရွက်ပေးပြီး သီးနှံရောင်းချပြီးချိန် လုပ်ငန်းဆောင်တာ ဝန်ဆောင်မှုစရိတ်များကို သင့်တင့်သည့် အတိုးနှုန်းသာသတ်မှတ်ရယူပြီး ဖြစ်ပေါ်လာသော အကျိုးအမြတ်များကို အကျိုးတူအသင်းသား တောင်သူများသို့ အကျိုးဖြစ်ထွန်းစေသည့်စနစ်ဖြင့် အသင်းနှင့် အသင်းသားတောင်သူတို့ နှစ်ဖက်သဘောတူစာချုပ် Contract ကို ရိုးရှင်းပွင့်လင်းစွာဖြင့် သီးနှံတစ်ရာသီချင်းအလိုက် စာချုပ်ချုပ်ဆို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



**ကမ္ဘာ့အပူချိန် လျော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့ ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး





**တိုကျို မတ် ၉**
ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့သည် လွတ်လပ်ပွင့်လင်းသော အင်ဒို-ပစိဖိတ်ဒေသ၏ အရေးပါမှုနှင့်စပ်လျဉ်း၍ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန် ယနေ့တွင် သဘောတူညီခဲ့ကြကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဂျပန်ဝန်ကြီးချုပ် ဆူဂါနှင့် အိန္ဒိယဝန်ကြီးချုပ် မိုဒီတို့သည် ယနေ့တွင် ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးရာ၌ အထက်ပါအတိုင်းသဘောတူညီခဲ့ခြင်းဖြစ်သည်။ ယင်းသို့ ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးရာတွင် ဂျပန်ဝန်ကြီးချုပ်ဆူဂါက မြောက်ကိုရီးယားနိုင်ငံက ပြန်ပေးဆွဲထားသော ဂျပန်နိုင်ငံသားများအရေးနှင့် စပ်လျဉ်း၍ ဝန်ကြီးချုပ်မိုဒီ၏ နားလည်မှုနှင့် ထောက်ခံမှုရရှိရေး တောင်းဆိုခဲ့သည်။

ဂျပန်နိုင်ငံဝန်ကြီးချုပ် ဆူဂါ၊ အိန္ဒိယဝန်ကြီးချုပ် မိုဒီ၊ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဩစတြေးလျဝန်ကြီးချုပ် စကော့မောရစ်ဆင်တို့သည် ယခုသီတင်းပတ်ကုန်ပိုင်းတွင် လေးနိုင်ငံအစည်းအဝေးတစ်ရပ်ကို အွန်လိုင်းမှတစ်ဆင့် ကျင်းပရန် စီစဉ်လျက်ရှိကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**

# တရုတ်နိုင်ငံထုတ် CoronaVac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပဉ္စမအသုတ် ချီလီနိုင်ငံ လက်ခံရရှိ




**ဆန်တီယေဂို မတ် ၉**
ချီလီနိုင်ငံအစိုးရသည် တရုတ်နိုင်ငံဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ Sinovac မှ ထုတ်လုပ်သည့် CoronaVac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပဉ္စမအသုတ်ကို မတ် ၈ ရက်တွင် လက်ခံရရှိခဲ့ကြောင်းနှင့် ရောက်ရှိလာသည့် ပဉ္စမအသုတ် ကာကွယ်ဆေးများကို ဆန်တီယေဂိုအပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ချီလီနိုင်ငံကျန်းမာရေးဝန်ကြီး အင်းနရစ်ပါရစ်နှင့် အခြားတာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

Sinovac ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် ဇန်နဝါရီ ၂၀ ရက်တွင် ချီလီပြည်သူ့ကျန်းမာရေးဌာနက ခွင့်ပြုချက်ပေးခဲ့သည်။ တရုတ်နိုင်ငံထုတ် ကာကွယ်ဆေးများသည် ဖေဖော်ဝါရီ ၃ ရက်တွင် စတင်ခဲ့သည့် ချီလီနိုင်ငံ၏ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်၏ အခြေခံဖြစ်ကြောင်း၊ ချီလီနိုင်ငံ၌ ယခုနှစ်၏ ပထမသုံးလတာကာလအတွင်း ကူးစက်မှုအန္တရာယ်မြင့်မားသည့်အုပ်စုဝင် လူပေါင်း ငါးသန်းကို ရောဂါခုခံအားရရှိစေရန် ရည်ရွယ်ချက်နှင့်အတူ နှစ်လယ်ပိုင်းတွင် လူပေါင်း ၁၅ သန်းထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ရန် ရည်ရွယ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင် ချီလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူပြီးသူ ၄၁၇၆၀၉၄ ရှိပြီး ၎င်းတို့အနက် ထက်ဝက်ကျော်မှာ ကာကွယ်ဆေးထိုးနှံမှု နှစ်ကြိမ်စလုံး ခံယူခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ချီလီတစ်နိုင်ငံလုံးအတိုင်းအတာအရ မတ် ၈ ရက်အထိ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၆၀၅၃၃ ဦးရှိပြီး ၂၁၀၆၃ ဦးမှာ အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

## အာဖရိကဒေသတွင်း အပူချိန်များ မြင့်တက်လာခြင်းကို ဖြေရှင်းဆောင်ရွက်သွားမည်

**နိုင်ရိုဘီ မတ် ၉**
အာဖရိကဒေသတွင် အပူချိန်များမြင့်တက်လာခြင်းကို ဒေသတွင်းနိုင်ငံများက နည်းလမ်းရှာပြီး ဖြေရှင်းဆောင်ရွက်သွားရန် ကင်ညာနိုင်ငံမှ ပညာရှင်တစ်ဦးက ယနေ့ပြောကြားသည်။

ဒေသတွင်း ရာသီဥတုပူပြင်းလာခြင်းကြောင့် မိုးခေါင်ခြင်းနှင့် စားနပ်ရိက္ခာမလုံလောက်ခြင်းတို့နှင့်အတူ စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း အခက်အခဲများဖြစ်လာစေခဲ့ကြောင်း နိုင်ရိုဘီရာသီဥတုပြောင်းလဲမှုဆိုင်ရာအင်စတီကျုမှ ပါမောက္ခဖြစ်သူ ရှန်ဝမ်ဒီဂါက ပြောကြားသည်။

ရာသီဥတုပြောင်းလဲမှုသည် အာဖရိကဒေသတွင်း စားနပ်ရိက္ခာမလုံလောက်မှုနှင့် အာဟာရချို့တဲ့မှုများ၏ အကြောင်းရင်းဖြစ်ကြောင်းနှင့် အပူချိန်များမြင့်တက်လာမည်ဆိုပါက အခြေအနေဆိုးရွားသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ အာဖရိကဒေသတွင်းနိုင်ငံများမှ တာဝန်ရှိသူများအနေဖြင့် ဒေသတွင်းကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ထုတ်လုပ်မှုကို လျှော့ချပြီး သစ်ပင်များကို စိုက်ပျိုးကာ သစ်တောပြုန်းတီးမှုကို ကာကွယ်ခြင်းဖြင့် အပူချိန်များလျှော့ချသွားရန် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

နိုင်ငံများအားလုံးအနေဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လုပ်မှု လျှော့ချရန်အတွက် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ၎င်းအစီအစဉ်တွင် အာဖရိကဒေသတွင်းနိုင်ငံများမှ ပါဝင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။ ယခုဆယ်စုနှစ်များအတွင်း ကမ္ဘာတစ်ဝန်းအပူချိန်များမြင့်တက်လာမှုကြောင့် လူသားများအတွက် ပူပန်စရာအခြေအနေဖြစ်လာခဲ့ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

## AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား သက်ကြီးရွယ်အိုများအတွက် အရေးပေါ်သုံးစွဲရန် နော်ဝေ အတည်ပြု

**အော်စလို မတ် ၉**
နော်ဝေအစိုးရသည် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အသစ်ပြုလုပ်သော လေ့လာဆန်းစစ်ချက်များနှင့်အညီ အသက် ၆၅ နှစ်နှင့် အထက်ရှိ သက်ကြီးရွယ်အိုများအတွက် အရေးပေါ်သုံးစွဲရန် ယနေ့ အတည်ပြုလိုက်သည်။

ဗြိတိန်-ဆွီဒင်ဆေးဝါးကုမ္ပဏီအနေဖြင့် အသက် ၆၅ နှစ်နှင့် အထက်ရှိ သက်ကြီးရွယ်အိုများအတွက် အရေးပေါ် သုံးစွဲရန် AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို စမ်းသပ်မှု လုံလုံလောက်လောက် မပြုလုပ်သောကြောင့် နော်ဝေအစိုးရက အဆိုပါ ကာကွယ်ဆေးကို အသက် ၆၅ နှစ်အောက် ပြည်သူများအတွက် ပင်လျှင် ကနဦးကအရေးပေါ်သုံးစွဲရန် ကန့်သတ်ထားသည်။

သို့သော် သက်ကြီးရွယ်အိုများအပေါ် အသစ်ပြုလုပ်သော ဗြိတိန်ဆေးပညာရှင်များ၏ လေ့လာချက်များအပေါ် အခြေခံ၍ နော်ဝေပြည်သူ့ကျန်းမာရေးအေဂျင်စီက AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသက် ၁၈ နှစ်နှင့် အထက်ရှိ ပြည်သူအားလုံးအတွက် အရေးပေါ်သုံးစွဲရန် ပြန်လည် အတည်ပြုခဲ့ခြင်း ဖြစ်ခဲ့သည်။

တစ်ချိန်တည်းမှာပင် နော်ဝေဝန်ကြီးချုပ် အာနာဆိုလ်ဘာ့ခ်က ယခုအခါ သက်ကြီးပိုင်းနော်ဝေပြည်သူများသည် ယခုနှစ် နွေရာသီကာလအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုခံယူနိုင်ကြတော့မည်ဟု မျှော်လင့်ကြောင်း လွှတ်တော်အစည်းအဝေးတစ်ရပ်တွင် ပြောကြားပြီး မကြာသေးမီက နိုင်ငံအတွင်း ပြန်လည်ဖြစ်ပွားလာသည့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုထိန်းချုပ်ရန် ဒေသဆိုင်ရာ ဆေးဘက်အာဏာပိုင်များအား တိုက်တွန်းလိုက်သည်။

လူဦးရေ ၅ ဒသမ ၄ သန်းခန့် နေထိုင်သည့် နော်ဝေနိုင်ငံတွင် လက်ရှိအချိန်အထိ ပြည်သူ ၃၉၁၀၀၀ ကျော် ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီး ကျန် ၂၁၀၀၀၀ နီးပါးသည် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ပြီးဖြစ်ကြောင်း သိရသည်။

နော်ဝေနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစ၍ လက်ရှိအချိန်အထိ ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၆၃၂ ဦး ရှိကြောင်း အစိုးရမှ ထုတ်ပြန်သည့်နောက်ဆုံးအချက်အလက်များအရ သိရသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန် - ဂျေတီ**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လုံခြုံစွာဖြန့်ဖြူးရေးနှင့်ပတ်သက်၍ ဂျပန်က အာရှ-ပစိဖိတ်ဒေသနိုင်ငံများအား ကန်ဒေါ်လာ ၄၁ သန်း ပံ့ပိုးပေးမည်

**တိုကျို မတ် ၉**

ဂျပန်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအတွက် အပူချိန်ထိန်းချုပ်ထားနိုင်မည့် ဖြန့်ဖြူးရေးကွန်ရက်တစ်ခု တည်ဆောက်ရန် နိုင်ငံတကာအဖွဲ့အစည်းတစ်ခုမှတစ်ဆင့် အာရှနှင့် ပစိဖိတ်ဒေသရှိ နိုင်ငံပေါင်း ၂၅ နိုင်ငံအား အမေရိကန်ဒေါ်လာ ၄၁ သန်းခန့် ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့ပြောကြားသည်။

အဆိုပါ ထောက်ပံ့ငွေကို အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့ အပါအဝင် အာရှ-ပစိဖိတ်ဒေသရှိ ၂၅ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြန့်ဖြူးမှု ဘေးကင်းလုံခြုံရေးအတွက် အအေးခန်းသိုလှောင်ရုံများ၊ ကာကွယ်ဆေး သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ကာကွယ်ဆေးနှင့်ပတ်သက်၍ အခြားလိုအပ်သောကိရိယာများဝယ်ယူရေးအတွက် အသုံးပြုမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

ဂျပန်အစိုးရသည် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန်နှင့် ဖွံ့ဖြိုးဆဲနိုင်ငံအားလုံးရှိ လူတစ်ဦးချင်းစီနှင့် လူတိုင်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထောက်ပံ့ပေးရန် အာရှ-ပစိဖိတ်ဒေသ နိုင်ငံများအား ငွေကြေးပံ့ပိုးပေးမည်ဖြစ်ပြီး အဆိုပါ ထောက်ပံ့ငွေကို ကုလသမဂ္ဂ နိုင်ငံတကာကလေးများ ရန်ပုံငွေ(ယူနီဆက်) အဖွဲ့မှတစ်ဆင့် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ဘူတန်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ ကွတ်စ်အိုင်းလန်း၊ အရှေ့တီမော၊ ဖီဂျီ၊ လာအို၊ မလေးရှား၊ မော်လ်ဒိုက်၊ မိုင်ခရိုနီးရှား၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်၊ ပါပူအာနယူးဂီနီ၊ ဆာမိုအာ၊ သီရိလင်္ကာ၊ ဆော်လမွန်ကျွန်းစု၊ တွန်ဂါ၊ တူဗာလူ၊ ဗနာတူနှင့် ဗီယက်နမ် အစရှိသည့်ဒေသနှင့် နိုင်ငံများလည်း အဆိုပါထောက်ပံ့ကြေးကို လက်ခံရရှိကြမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်အစိုးရသည် COVAX အစီအစဉ်အတွက် အမေရိကန်ဒေါ်လာသန်း ၂၀၀ ခန့်ထည့်ဝင်ရန် ကတိကဝတ်ပြုခဲ့သည်။ COVAX အစီအစဉ်သည် ဖွံ့ဖြိုးဆဲနိုင်ငံအားလုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို လက်လှမ်းမီရရှိပြီး မျှမျှတတ ထိုးနှံမှုခံယူနိုင်ရေးအတွက် ဖွဲ့စည်းတည်ထောင်ထားသည့် ကမ္ဘာလုံးဆိုင်ရာ အစီအစဉ်တစ်ခုဖြစ်သည်။ ထို့အပြင်



COVAX အစီအစဉ်သည် ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် ကမ္ဘာတစ်ဝန်းသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၂ ဘီလီယံခန့် ဖြန့်ဖြူးပေးရန် ရည်ရွယ်ထားသည်။ **ကိုးကား - ကျိုဒိုနယူးစ် ဘာသာပြန် - ဂျေတီ**



# ယီမင်နိုင်ငံရှိ ရွှေ့ပြောင်းနေထိုင်သူများ ထိန်းသိမ်းရေးစင်တာ၌ မီးလောင်မှုကြောင့် သေဆုံးသူ ၆၀ ရှိလာ

**ဆာနား မတ် ၉**

မတ် ၇ ရက်က ယီမင်နိုင်ငံ မြို့တော်ဆာနားမြို့ရှိ ရွှေ့ပြောင်းနေထိုင်သူများ ထိန်းသိမ်းထားသည့် စင်တာတစ်ခု၌ မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် သေဆုံးသူပေါင်း ၆၀ အထိရှိလာကြောင်း ဟူသီအုပ်စုမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

မီးလောင်မှုကြောင့် လူ ၁၀၀ ကျော် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် မီးလောင်မှုကြောင့် သေဆုံးသူများတွင် အာဖရိက ရွှေ့ပြောင်းနေထိုင်သူများနှင့် အဆိုပါ စင်တာမှ ဝန်ထမ်းများလည်း ပါဝင်ကြောင်း သိရသည်။

အဆိုပါ စင်တာသည် ရွှေ့ပြောင်းနေထိုင်သူများအား မူလနေရပ်သို့ ပြန်လည်လွှဲပြောင်းပေးအပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း အကောင်အထည်မဖော်မီ နိုင်ငံအတွင်းသို့ တရားမဝင်ရောက်ရှိလာသည့် ရွှေ့ပြောင်းနေထိုင်သူများအား ထိန်းသိမ်းထားရန် အသုံးပြုသောစင်တာဖြစ်ကြောင်း တာဝန်ရှိသူက ရှင်းလင်းပြောကြားသည်။

တစ်ချိန်တည်းမှာပင် ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာ နိုင်ငံတကာအဖွဲ့က ဆာနားမြို့ရှိ ဟူသီအုပ်စုပိုင် ရွှေ့ပြောင်းနေထိုင်သူများ ထိန်းသိမ်းရေးစင်တာတစ်ခုတွင် မတ် ၇ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ပြီးနောက် မီးဘေးသင့် ရွှေ့ပြောင်းနေထိုင်သူများအတွက် အရေးပေါ်လူသားချင်းစာနာမှုဆိုင်ရာအကူအညီတောင်းဆိုထားသည်ဟု ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ယီမင်နိုင်ငံသည် နှစ်ချီကြာမြင့်သည့် ပြည်တွင်းစစ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသော်ငြားလည်း အာဖရိကဦးချိုဒေသနှင့် ဆော်ဒီအာရေဗျနိုင်ငံအကြား ခရီးသွားလာသည့်ရွှေ့ပြောင်းနေထိုင်သူသောင်းနှင့်ချီအတွက် ခရီးတစ်ထောက်ရပ်နားရာနိုင်ငံတစ်ခုဖြစ်သည်။

လွန်ခဲ့သည့် ၂၀၁၉ ခုနှစ်က ယီမင်နိုင်ငံသို့ ရောက်ရှိလာသည့်ရွှေ့ပြောင်းနေထိုင်သူ ၁၃၈၀၀၀ ကျော်ရှိသော်လည်း ၂၀၂၀ ပြည့်နှစ်တွင် ကိုဗစ်-၁၉ ရောဂါကြောင့် ရွှေ့ပြောင်းနေထိုင်သူ ၃၇၅၀၀ မျှသာ ရောက်ရှိလာကြောင်း ရွှေ့ပြောင်းနေထိုင်ရေးဆိုင်ရာ နိုင်ငံတကာအဖွဲ့က ပြောကြားသည်။

ဟူသီစစ်သွေးကြွအုပ်စုက ယီမင်နိုင်ငံ၏ မြောက်ဘက်ဒေသအတော်များများကို ထိန်းချုပ်ထားပြီး သမ္မတ မန်ဆောဟာဒီအား မြို့တော်ဆာနားမှ နှင်ထုတ်ခဲ့ချိန် ၂၀၁၄ ခုနှစ် နှောင်းပိုင်းမှစ၍ ယီမင်နိုင်ငံသည် ပြည်တွင်းစစ်နွံထဲ နစ်သွားသည်။

ယီမင်သမ္မတဟာဒီ ရာထူးမှ ဖြုတ်ချခံခဲ့ပြီး ဆော်ဒီအာရေဗျနိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ပြီးနောက် ဆော်ဒီအာရေဗျ ဦးဆောင်သော ညွန့်ပေါင်းတပ်ဖွဲ့က ၂၀၁၅ ခုနှစ် မတ်လတွင် ယီမင်နိုင်ငံ၏ ပြည်တွင်းရေးပဋိပက္ခကို ဝင်ရောက်စွက်ဖက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# အာဖဂန်နစ္စတန်အရှေ့ပိုင်း ဂါဇနီပြည်နယ်၌ လေကြောင်းမှ တိုက်ခိုက်မှုအတွင်း စစ်သွေးကြွငါးဦးသေ

**ဂါဇနီ မတ် ၉**

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း ဂါဇနီပြည်နယ်၌ မတ် ၈ ရက်တွင် လေကြောင်းမှ စီးနင်းတိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ စစ်သွေးကြွငါးဦးသေဆုံးခဲ့ကြောင်း ပြည်နယ်အစိုးရအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ ဝါဟီဒူလာ ဂျူမာဇာဒါက မတ် ၉ ရက်တွင် ပြောကြားသည်။

မတ် ၈ ရက် ညနေပိုင်းနှင့် ညပိုင်းအချိန်တွင် အာဖဂန်နစ္စတန် တိုက်လေယာဉ်များက အာနာခရိုင် ဒါရှက်အီ တာလ်ခါဇာဒေသအတွင်း စုဝေးနေသည့် တာလီဘန်တိုက်ခိုက်ရေးသမားများအား စီးနင်းတိုက်ခိုက်ခဲ့ရာ စစ်သွေးကြွငါးဦးသေဆုံးသွားကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းလေကြောင်းမှ စီးနင်းတိုက်ခိုက်မှုကြောင့် အာဖဂန်နစ္စတန်အစိုးရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အရပ်သားများ ထိခိုက်ဒဏ်ရာရရှိမှုမရှိဟု ဂါဇနီပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဂါဇနီပြည်နယ်အတွင်းရှိ အခင်းဖြစ်ဒေသ၌ လှုပ်ရှားနေသည့် တာလီဘန်စစ်သွေးကြွများကမူ ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ မှတ်ချက်ပြုပြောကြားခြင်းမရှိဟုသတင်းတွင် ဖော်ပြသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဇော်ဝင်း**

# အာဖရိက၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃ ဒသမ ၉၇ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ မတ် ၉**

အာဖရိက၌ ယနေ့နံနက်ပိုင်းအထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၉၇၅၀၄၅ ဦးအထိရှိလာခဲ့ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့သည်။

အာဖရိကသမဂ္ဂအဖွဲ့ဝင် ၅၅ နိုင်ငံ၏ ကျန်းမာရေးအေဂျင်စီများကို ကိုယ်စားပြုသော အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ ပြောကြားချက်အရ အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုကြောင့် သေဆုံးသူပေါင်း ၁၀၆၀၉၅ ဦးနှင့် ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူပေါင်း ၃၅၅၂၈၁၃ ဦးရှိကြောင်း သိရသည်။

အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှုအများဆုံးနိုင်ငံများမှာ တောင်အာဖရိကနိုင်ငံ၊ မော်ရိုကိုနိုင်ငံ၊ တူနီးရှားနိုင်ငံ၊ အီဂျစ်နိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့ဖြစ်ကြောင်း အဆိုပါ အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက မှတ်ချက်ပြုပြောကြားခဲ့သည်။

တောင်အာဖရိကနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၅၀၈၀၃ ဦး၊ အီဂျစ်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၁၀၃၈ ဦးနှင့် မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၈၆၈၃ ဦး အသီးသီးရှိကြောင်း သိရသည်။

လက်ရှိတွင် အာဖရိကနိုင်ငံများသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအများအပြားလိုအပ်မှုများကဲ့သို့သော စိန်ခေါ်မှုများဖြင့် ရင်ဆိုင်နေရကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာမှ ညွှန်ကြားရေးမှူး ဂျွန်အင်န်ကင်ဂါဆုန်ကမတ် ၇ ရက်တွင် ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**



# အီတလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ တစ်သိန်းကျော်အထိရှိလာ



**ရောမ မတ် ၉**

အီတလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ အရေအတွက်သည် မတ် ၈ ရက်တွင် တစ်သိန်းကျော် အထိ ရောက်ရှိလာခဲ့ကြောင်းနှင့် ယင်းအခြေအနေမှာ ဆေးရုံတက်ရောက်ရသူဦးရေ မြင့်တက်လာမှုနှင့် အတူ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုတစ်ကျော့ပြန် ဆိုးရွားစွာ မြင့်တက်လာခဲ့ခြင်းကြောင့်ဖြစ်ကြောင်း အီတလီဝန်ကြီးချုပ် မာရီယိုဒရာဂီက ပြောကြားခဲ့သည်။

**ရပ်တည်လျက်ရှိ**

အီတလီနိုင်ငံသည် ကမ္ဘာပေါ်၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှု အများဆုံးနိုင်ငံများစာရင်းတွင် အမေရိကန်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ မက္ကဆီကိုနိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ရုရှားနိုင်ငံနှင့် ဗြိတိန်နိုင်ငံတို့နောက် သေဆုံးမှုအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိသည်။

အီတလီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၁၈ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၁၀၀၁၀၃ ဦးအထိရှိလာခဲ့ကြောင်း အီတလီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကူးစက်သေဆုံးမှု အခြေအနေ ဆိုးရွားနေခြင်းကြောင့် အီတလီအစိုးရကလည်း နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်ကို သိသိသာသာ အရှိန်မြှင့်လုပ်ဆောင်လျက်ရှိကြောင်း အီတလီဝန်ကြီးချုပ် မာရီယိုဒရာဂီက ပြောကြားခဲ့သည်။

**ကိုးကား-စီအင်န်အေ**
**ဘာသာပြန်-အလင်းသစ်**




## COVAX အစီအစဉ်မှ AstraZeneca ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ ၁ ဒသမ ၁ သန်းခန့် အင်ဒိုနီးရှားနိုင်ငံ လက်ခံရရှိ

**ဂျကာတာ မတ် ၉**

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အစီအစဉ် COVAX ထံမှ AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁ ဒသမ ၁ သန်းခန့်ကို မတ် ၈ ရက်တွင် လက်ခံရရှိခဲ့ကြောင်း အင်ဒိုနီးရှား နိုင်ငံခြားရေးဝန်ကြီး ရက်နိုမာဆူဒီက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် အာရှတွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှုအများဆုံးနိုင်ငံဖြစ်သည်။ ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါကို တိုက်ဖျက်ရန်အတွက် အင်ဒိုနီးရှားနိုင်ငံသည် တစ်နှစ်အတွင်း ပြည်သူ ၁၁ သန်းအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးပေးရန် ရည်ရွယ်လျက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီလအတွင်းက စတင်ခဲ့ကြောင်း သိရသည်။

COVAX အစီအစဉ်မှ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ လက်ခံမရရှိမီက အင်ဒိုနီးရှားနိုင်ငံသည် တရုတ်နိုင်ငံ Sinovac Biotech ဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အလုံးရေ ၃၈ သန်းခန့် လက်ခံရရှိခဲ့ပြီးဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံသည် COVAX အစီအစဉ်မှ တစ်ဆင့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၁ ဒသမ ၇ သန်းခန့်အား မေလအတွင်း ရရှိမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ရက်နိုမာဆူဒီက ပြောကြားခဲ့သည်။

**ကိုးကား-စီအင်န်အေ၊ ဘာသာပြန်-အလင်းသစ်**

## လာအိုကျန်းမာရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ရောဂါကူးစက်နေသည့်အတွက် နိုင်ငံသားများ သတိရှိစွာ နေထိုင်ကြရန် ပြောကြား

**ဗီယင်ကျန်း မတ် ၉**

လာအိုနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားနေမှုများနှင့်ပတ်သက်ပြီး နိုင်ငံသားများ သတိရှိစွာ နေထိုင်ကြရန် လာအိုကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်တားဆီးရေးအတွက် နည်းလမ်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ကိုဗစ်-၁၉ ရောဂါပြန့်ပွားမှုကို အဆုံးသတ်ရေးဆောင်ရွက်ရာတွင် တာဝန်ရှိသူများ အပါအဝင် နိုင်ငံသားများအနေဖြင့် ကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာန ကူးစက်ရောဂါထိန်းချုပ်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် လက်ဆမီဗွန်ခန်ဆိုက လာအိုနိုင်ငံမြို့တော် ဗီယင်ကျန်း၌ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ယမန်နေ့က နိုင်ငံအတွင်းသို့ နိုင်ငံတကာနယ်စပ်ဝင်ပေါက်များမှ ၂၄၃၇ ဦး ဝင်ရောက်ခဲ့သည်။ နိုင်ငံအတွင်းရှိ ကိုဗစ်-၁၉ ရောဂါဆိုင်ရာခွဲခြားစောင့်ကြည့်ရေးစင်တာ ၃၂ ခုတွင်ရှိနေသော ၂၈၀၆ ဦးအား ကန့်သတ်စောင့်ကြည့်နေကြောင်း လာအိုနိုင်ငံ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ အမျိုးသားလုပ်ငန်းကော်မတီက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၁၇၈၃၂၇၅၁ | ဦး |
| သေဆုံးသူ | ၂၆၁၃၈၅၂ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၉၃၅၁၃၄၂၁ | ဦး |

## မော်လ်ဒိုက်နိုင်ငံ၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မတ် ၁၅ ရက်တွင် ဆောင်ရွက်သွားမည်



**မာလီ မတ် ၉**

မော်လ်ဒိုက်နိုင်ငံ၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မတ် ၁၅ ရက်မှစတင်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးဖြင့် ဆောင်ရွက်နေသော ပထမအကြိမ် ကာကွယ်ဆေးထိုးနှံမှုများ ဆောင်ရွက်နေခြင်းကို အမြန်ပြီးစီးစေရန် ဆောင်ရွက်သွားမည်ဖြစ်ပြီး မတ် ၁၅ ရက်မှစတင်၍ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး အာမက်နားဇနက ပြောကြားသည်။

အသက် ၁၈ နှစ်ပြည့်ပြီးသူ နိုင်ငံသားများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် အခွင့်အရေးရှိကြောင်း ၎င်းကပြောကြားသည်။ နိုင်ငံအတွင်း ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရေးအစီအစဉ်တွင် ၁၅၇၈၁၃ ဦးအား ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

Covishield ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို Oxford တက္ကသိုလ်နှင့် AstraZeneca ဆေးဝါးကုမ္ပဏီတို့၏ ဆေးဝါးထုတ်လုပ်မှုနည်းစနစ်ကိုရယူပြီး အိန္ဒိယနိုင်ငံ ဆီရမ်အင်စတီကျုမှ ထုတ်လုပ်ခြင်းဖြစ်သည်။ မော်လ်ဒိုက်နိုင်ငံအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ COVAX အစီအစဉ်မှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၂၀၀၀ ကို ရရှိခဲ့သည်။

မော်လ်ဒိုက်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ အရေအတွက်များပြားသောကြောင့် နိုင်ငံ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ ဝန်နှင့်အားမမျှသောအခြေအနေသို့ ရောက်ရှိနေကြောင်း ကျန်းမာရေးဆိုင်ရာ အရေးပေါ်လုပ်ငန်းစင်တာမှ တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# လမ်းမတော်မြို့နယ်၌ လူသတ်မှုဖြစ်ပွားခဲ့မှုအား ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၉**

လမ်းမတော်မြို့နယ်၌ လူသတ်မှုကျူးလွန်ခဲ့သူများမှ တစ်ဦးအား ဖမ်းဆီးရမိပြီး ကျန်ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

လမ်းမတော်မြို့နယ် မော်တင်ယာယီဈေးရပ်ကွက် ရွာသစ်ချောင်းလမ်းဘေးတွင် မတ် ၇ ရက် နံနက်ပိုင်းက ပါးစပ်၊ လက်နှင့် ခြေတို့တွင် တိပ်များဖြင့်ပတ်လျက်သေဆုံးနေသော အမည်မသိ အမျိုးသားအလောင်း တစ်လောင်းတွေ့ရှိရသဖြင့် လမ်းမတော်မြို့မရဲစခန်းတွင် (ပ)၃၂/၂၀၂၁၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂ ဖြင့် အမှုဖွင့် ဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဆက်လက်စုံစမ်းရာတွင် သေဆုံးသူမှာ ဦးသိန်းဟန် (၆၅)နှစ် (ဘ) ဦးစံတင့် (၁၄)ရပ်ကွက် ရွှေပေါက်ကံမြို့သစ် မြောက်ဥက္ကလာမြို့နယ်နေထိုင်သူဖြစ်ကြောင်း၊ ဦးသိန်းဟန် သေဆုံးမှုနှင့်ပတ်သက်၍ ဆက်လက်စုံစမ်းရာ သေဆုံးသူမှာ ရွှေတိဂုံစေတီ ရင်ပြင်တော် သန့်ရှင်းရေးဌာန ကြီးကြပ်ရေးမှူး(နေ့ဆိုင်း) ဖြစ်ပြီး မတ် ၆ ရက် နံနက် ၈ နာရီတွင် တာဝန်ထမ်းဆောင်ခဲ့ပြီးမွန်းလွဲ၃နာရီတွင် နေအိမ်သို့ ပြန်သွားကြောင်းသိရှိရသဖြင့် CCTV ကင်မရာ မှတ်တမ်းများကို ကြည့်ရှုစစ်ဆေးရာ ယင်းနေ့ မွန်းလွဲ ၃ နာရီ ၁၂ မိနစ်တွင် အရှေ့ဘက်စောင်းတန်းမှ ထွက်လာပြီး ဘုရားလမ်းအား ဖြတ်ကူး၍ ဘလောက်တုံးဖြင့် ကာရံထားသည့် သံပန်းတံတိုင်းအားကျော်ကာ ကားစီးရန် စောင့်ဆိုင်းနေကြောင်း တွေ့ရှိရပြီး ၃ နာရီ ၂၆ မိနစ်ခန့်တွင် YGN 5G/ 6965 Honda Civic ခဲရောင်ယာဉ်ဖြင့် လိုက်ပါသွားကြောင်း၊ ဆက်လက်၍ မသင်္ကာဖွယ်ယာဉ်အား ဆက်လက်စုံစမ်းရာ သာကေတမြို့နယ် ရှုခင်းသာလမ်းမှ သန်လျင်တံတားကို ကျော်ဖြတ်ကာ သန်လျင်မြို့နယ် ဗိုလ်ချုပ်ကျေးရွာ အမှတ်(၁၂)နယ်မြေအတွင်း ရောက်ရှိနေကြောင်း သိရှိရသဖြင့် မတ် ၈ ရက် ည ၇ နာရီခွဲတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က လိုက်လံပိတ်ဆို့ဖမ်းဆီးရာ ယာဉ်နှင့်အတူ **ဆန်းထိုက်အောင်(ခ) ထိုက်ကြီး(ခ) သံဘီ**အား ဖမ်းဆီးရမိခဲ့ကြောင်း။



ပြစ်မှုကျူးလွန်သူ ဆန်းထိုက်အောင်(ခ) ထိုက်ကြီး (ခ) သံဘီအား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

**ဆန်းထိုက်အောင်(ခ) ထိုက်ကြီး(ခ) သံဘီ** အား ဆက်လက်စစ်ဆေးရာ ၎င်းသည် မတ် ၆ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် **ရဲကို** (ပုဇွန်တောင်မြို့နယ်နေသူ) နှင့် **သွားကျိုး**(အမည်ရင်းမသိ) တို့နှင့်အတူ Honda Civic ခဲရောင်ယာဉ်ဖြင့် လုယက်မှု ကျူးလွန်ရန်အတွက် ကျောက်တံတား၊ လမ်းမတော်နှင့် ဒဂုံမြို့နယ်အတွင်း လှည့်ပတ်သွားလာခဲ့ကြောင်း၊ ထိုသို့ လှည့်ပတ်နေစဉ် ရွှေတိဂုံဘုရားလမ်း၊ ဗဟန်း (၃) လမ်း၊ ကားမှတ်တိုင်တွင် အသက် ၆၀ ခန့် အမျိုးသားတစ်ဦးအား တွေ့ရှိ၍ မေးမြန်းရာ ရွှေပေါက်ကံ မြို့သစ် (၁၄)ဂိတ်ကို ပြန်မည့်အကြောင်းပြောသဖြင့် ၎င်းတို့နှင့် လမ်းကြုံကြောင်း၊ အောက်ဆိုက်ကားဖြစ်၍ ငွေကျပ် ၁၀၀၀ ဖြင့် လိုက်ပါနိုင်ကြောင်း ပြောဆိုကာ ခေါ်ဆောင်မောင်းနှင်ခဲ့ရာ ကမ္ဘာအေးဘုရားလမ်း နဝဒေးရုပ်ရှင်ရုံ မှတ်တိုင်အကျော်တွင် ရဲကိုက ၎င်းအမျိုးသားအား အသင့်ပါလာသော စတီးခားဖြင့်ထောက်ပြီး သွားကျိုးက ချုပ်နှောင်ပေးစဉ် ရဲကိုက တိပ်ဖြင့်လက်အားပတ်၍ ချည်နှောင်ခဲ့ကြောင်း၊ ယင်းနောက် ကားနောက်ခန်းသို့ ဆွဲယူပြီး ခြေထောက်နှင့်ပါးစပ်တို့အား တိပ်ဖြင့်ပတ် ကြိုးဖြင့် ချည်၍ သံတုတ်ဖြင့် ဦးခေါင်း၊ လည်ပင်း၊ ခြေထောက်တို့အား ရိုက်နှက်ကာ ၎င်းအမျိုးသား သေဆုံးသွားသည့်အချိန်တွင် ဝတ်ဆင်လာသည့် ကျောက်ဖြူ/ နီပါ ရွှေလက်စွပ် တစ်ကွင်း၊ ရွှေဘောက်ချာ တစ်ရွက်၊ Oppo အမျိုးအစား ရွှေရောင်လက်ကိုင်ဖုန်း တစ်လုံး၊ စတီးရောင် နာရီ တစ်လုံး၊ ငွေစက္ကူရောရာ ငွေကျပ် သုံးသောင်းအား လုယူခဲ့ပြီး မော်တင်ယာယီဈေး ရပ်ကွက် ရွာသစ်ချောင်းလမ်းဘေး တွဲကားများရပ်ထားသည့် နေရာအရောက်တွင် လုယက်ခံရသူ အမျိုးသားအလောင်းအား ကားပေါ်မှ ဆွဲချထားခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ **ဆန်းထိုက်အောင်(ခ) ထိုက်ကြီး(ခ) သံဘီ** အား ဆက်လက်စစ်ဆေးခဲ့ရာ လွန်ခဲ့သော တစ်ပတ်ခန့်က **ရဲကို၊ သွားကျိုး၊ ကုလားလေး(ခ) ဗိုလ်ချုပ်** တို့နှင့်အတူ Honda Civic ခဲရောင်ယာဉ်ဖြင့် သန်လျင်မြို့ရှိ နေအိမ်သို့ ပြန်လာစဉ် မဟာဗန္ဓုလတံတားအဆင်း ကားမှတ်တိုင်တွင် အသက် ၄၅ နှစ်ခန့်ရှိ အမျိုးသမီးတစ်ဦးအား ငွေကျပ် ၁၀၀၀ ဖြင့် ကားကြုံလိုက်ပါနိုင်ကြောင်း လိမ်လည်ခေါ်ဆောင်ကာ အမျိုးသမီး ဝတ်ဆင်ထားသည့် ရွှေဆွဲကြိုး၊ ရွှေနားကပ်၊ ငွေစက္ကူရောရာ ငွေကျပ် ၆၀၀၀ ၊ အလှဖန်စီပစ္စည်းများနှင့် ကွမ်းယာပစ္စည်းများထည့်ထားသည့် ဆွဲခြင်းတို့အား ခါးထောက်လုယက်ကာ လူရှင်းသည့်နေရာအရောက်တွင် ရိုက်ပုတ်၍ ကားပေါ်မှ တွန်းချခဲ့ကြောင်း။

အလားတူ **ဆန်းထိုက်အောင်(ခ) ထိုက်ကြီး(ခ) သံဘီ** သည် **ရဲကို၊ သွားကျိုး၊ ကုလားလေး(ခ) ဗိုလ်ချုပ်** တို့နှင့်အတူ လွန်ခဲ့သော ဖေဖော်ဝါရီလအတွင်း နေ့ရက်မမှတ်မိ ညနေ ၆ နာရီခွဲခန့်တွင် အဆိုပါယာဉ်ဖြင့် လုယက်မှုကျူးလွန်ရန် ဆူးလေမှ ကမ္ဘာအေးဘုရားလမ်းအတိုင်း ထွက်ခွာခဲ့ရာ မြန်မာပလာဇာအရှေ့ ကားမှတ်တိုင်တွင် ကားစောင့်နေသည့် အသက် ၂၅ နှစ်ခန့်ရှိ အမျိုးသားတစ်ဦးအား ငွေကျပ် ၁၀၀၀ ဖြင့် ကားကြုံလိုက်ပါနိုင်ကြောင်း လိမ်လည်ခေါ်ဆောင်ကာ ၎င်းအမျိုးသားထံမှ သုံးဆင့်စတီးဂျိုင့် တစ်လုံး၊ အမျိုးအစား အရောင်မသိ လက်ကိုင်ဖုန်း တစ်လုံး၊ ကျောပိုးအိတ်အမည်းရောင် တစ်လုံး၊ ငွေစက္ကူရောရာ ငွေကျပ် ၃၀၀၀၀ တို့အား ခါးထောက်လုယက်ကာ လူရှင်းသည့်နေရာ အရောက်တွင် ရိုက်ပုတ်၍ ကားပေါ်မှတွန်းချခဲ့ကြောင်း ထွက်ဆိုခဲ့သည်။

ထို့ပြင် **ဆန်းထိုက်အောင်(ခ) ထိုက်ကြီး(ခ) သံဘီ** သည် ဘုရင့်နောင်နယ်မြေ ရဲစခန်း (ပ)၃၇၅/၂၀၁၇၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉(နှိုက်)/ကျင့် ၅၄ ဖြင့် လည်းကောင်း၊ လမ်းမတော်မြို့မရဲစခန်း (ပ)၂၃၀/၂၀၁၉၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉(နှိုက်)/ကျင့် ၅၄ ဖြင့် လည်းကောင်း၊ လသာမြို့မရဲစခန်း(ပ)၃၄၈/၂၀၁၉၊ ရာဇသတ်ကြီးပုဒ်မ ၃၇၉(နှိုက်)/ ကျင့် ၅၄ ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်အရေးယူခံခဲ့ရပြီး ထောင်ကျခဲ့ဖူးသူဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိသူ တရားခံ **ဆန်းထိုက်အောင် (ခ) ထိုက်ကြီး(ခ) သံဘီ** အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး အမှုဖွင့်ဆောင်ရွက်ထားရှိပြီး ကျန်တရားခံပြေးများဖြစ်သည့် **ရဲကိုနှင့် သွားကျိုး**တို့အား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းရှာဖွေလျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

သတင်းစဉ်




# ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်တွင် အမျိုးသမီးဝတ်လုံချည်များအား ကြိုးတန်း၍ ဆရာတော်ကြီးတစ်ပါး၏ရုပ်ပုံများ ချိတ်ဆွဲဆူပူအော်ဟစ်သူများအား စစ်ဆေးဖော်ထုတ်ရရှိ

**နေပြည်တော် မတ် ၉**

ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အတွင်း မတ် ၈ ရက် နံနက်ပိုင်းက ဆူပူဆန္ဒပြသူ လူအုပ်စုများအနေဖြင့်အမျိုးသမီးဝတ် လုံချည်များအား အလံသဖွယ်ကိုင်ဆောင်ခြင်း၊ အမျိုးသမီးဝတ် လုံချည်များကို အများပြည်သူ အသုံးပြုသွားလာနေသော လမ်းကြောင်းများ၏အပေါ်တွင် ကြိုးတန်းတန်း၍ ချည်နှောင်ထားခြင်း၊ ၎င်းအမျိုးသမီးဝတ် လုံချည်များပေါ်တွင် ဆရာတော်ကြီးတစ်ပါး၏ ရုပ်ပုံကားချပ်များကို ချိတ်ဆွဲထားခြင်းဖြင့် ဗုဒ္ဓဘာသာဝင်လူထုနှင့် သံဃာတော်များအနေဖြင့် လွန်စွာစိတ်မကောင်းဖြစ်ရခြင်း၊ မခံမရပ်နိုင်ဖြစ်ရခြင်းများအတွက် သာသနာတော်ညှိုးနွမ်းအောင် ဆောင်ရွက်မှုများအတွက် လိုအပ်သလို အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ထားရှိပြီးဖြစ်သည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ စိစစ်ခဲ့ပြီး မတ် ၈ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် စမ်းချောင်းမြို့နယ် ကျွန်းတောလမ်းနှင့် ချမ်းသာလမ်းဆုံထိပ်တွင် ဆူပူအော်ဟစ်ဆန္ဒပြသူ လူစုလူဝေးအင်အား ၂၀၀ ခန့်သည် အထက်ပါအတိုင်း အမျိုးသမီးဝတ် လုံချည်များပေါ်တွင် ဆရာတော်ကြီးတစ်ပါး၏ ရုပ်ပုံများကိုချိတ်ဆွဲ၍ ဆန္ဒပြခဲ့သည့် ဖြစ်စဉ်အပေါ် ဦးစီးဦးဆောင်ပြုလုပ်သူများအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ကြောင်း။



လူတစ်ဦးချင်းစီ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ညှိုးနွမ်းပျက်ပြားစေပြီး အောက်တန်းကျသော စိတ်ဓာတ်ဖြင့် မြန်မာ့ယဉ်ကျေးမှုနှင့် အမျိုးဘာသာသာသနာကို စော်ကားထိပါးနေသူများအား တွေ့မြင်ရစဉ်။

မြေပြင်သတင်းဖော်ထုတ်မှုအရ ဖော်ပြပါဖြစ်စဉ်တွင် ဦးစီးဦးဆောင်ပြုလုပ်သူ အောင်ကျော်ဦး (၅၂) နှစ် (ဘ) ဦးလှထွေး၊ ဗမာ/ဗုဒ္ဓ၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၂၁) ချမ်းသာလမ်း၊ ကျွန်းတောရပ်ကွက်၊ စမ်းချောင်းမြို့နယ်နေသူ၏ အိမ်ကိုသွားရောက်ရှာဖွေဖမ်းဆီးပြီး ညပိုင်းတွင် ယင်းရပ်ကွက်အတွင်း ဧည့်စာရင်းစစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဦးဆောင်သူ အောင်ကျော်ဦး အပါအဝင် ဆူပူဆန္ဒပြသူ ခုနစ်ဦး စစ်ဆေးဖော်ထုတ်နိုင်ခဲ့ပြီး ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကာ အခြားဒေသများတွင်လည်း ယခုကဲ့သို့ သာသနာတော်ညှိုးနွမ်းအောင် ဆောင်ရွက်မှုများရှိလာခဲ့ပါက အမျိုးဘာသာ၊ သာသနာအတွက် ထိထိရောက်ရောက် ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# နိုင်ငံ့ဝန်ထမ်းနှင့် ခံယူချက်

**ချမ်းမွန်**

"ခံယူချက်"သည် လူတစ်ဦး၏ဘဝ လူတစ်ဦး၏ လူမှုပတ်ဝန်းကျင်ကို ထိရောက်မှုများစွာ ရှိပေသည်။ လူတစ်ဦးတစ်ယောက်ပင်ဖြစ်လင့်ကစား တွေ့ကြုံရသော အဖြစ်အပျက်များ၊ ဖြတ်သန်းရသော ဘဝအတွေ့အကြုံများ၊ သင်ယူမှုအသစ်များ၊ အသက်အရွယ်၊ ပြောင်းလဲဖြတ်သန်းရသည့် ပတ်ဝန်းကျင်အဖုံဖုံတို့သည် လူတစ်ဦး တစ်ယောက်၏ တွေးခေါ်မှုပုံစံနှင့် အယူအဆပိုင်းဆိုင်ရာတို့ကို များစွာ ပြောင်းလဲစေပေသည်။ "မှန်သည်"ဟု ယူဆထားသော ကိစ္စများသည်ပင် နောင်တစ်ချိန်တွင် "အမှား"များ ဖြစ်လာနိုင်သကဲ့သို့ ခံယူသိမြင်ပုံကွာခြားမှုကြောင့် တစ်ချိန်က "မှားသည်"ဟု ယူဆခဲ့သော ကိစ္စများသည်လည်း ယနေ့အချိန်တွင် "အမှန်"များ ဖြစ်လာတတ်ပေသည်။

ယနေ့အချိန်တွင် နိုင်ငံ့ဝန်ထမ်းများတွင်ပင် ခံယူချက်များကွဲလွဲလျက်ရှိသည်ကို တွေ့မြင်ရပေသည်။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော် ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြသူများဖြစ်ပြီး နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရအဖွဲ့အစည်းများ မည်သို့ပြောင်းလဲစေကာမူ နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် ပြဋ္ဌာန်းထားရှိသည့် ထမ်းဆောင်ရမည့် တာဝန်၊ လိုက်နာရမည့် စည်းကမ်း၊ စောင့်ထိန်းရမည့် ကျင့်ဝတ်တို့ကိုလည်း သိရှိလိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

လက်ရှိကာလအခြေအနေအရ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၁၀၊ ပုဒ်မခွဲ(ခ)တွင် " နိုင်ငံ့ဝန်ထမ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာခြင်း"၊ ပုဒ်မခွဲ(င)တွင် "မိမိအား ပေးအပ်ထားသော တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ခြင်း"၊ ပုဒ်မခွဲ(စ) တွင် "ဤဥပဒေအရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားသော လုပ်ငန်းခွင်စည်းကမ်းများ၊ အမိန့်နှင့်ညွှန်ကြားချက်များကို လိုက်နာခြင်း"၊ ပုဒ်မခွဲ(ဆ)တွင် "ပါတီနိုင်ငံရေးကင်းရှင်းခြင်း"တို့ကို လိုက်နာရန် တာဝန်ရှိသည်ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားရှိသည်ကို တွေ့ရှိရပြီး နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၃၈ တွင် "ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဌာနဆိုင်ရာ နည်းလမ်းအရ အရေးယူနိုင်သည်။ ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူရန်ဆောင်ရွက်ရမည်"ဟူ၍လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ နည်းဥပဒေပုဒ်မ ၁၆၁၊ ပုဒ်မခွဲ(ဃ)တွင် "ခွင့်စည်းကမ်းများကို ဖောက်ဖျက်ပြီး ခွင့်မဲ့ပျက်ကွက်ခြင်း"၊ နည်းဥပဒေပုဒ်မ ၁၆၂၊ ပုဒ်မခွဲ(ဃ)တွင် "ဥပဒေနှင့်အညီ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန်ပျက်ကွက်ခြင်း"၊ နည်းဥပဒေပုဒ်မ ၁၆၃၊ ပုဒ်မခွဲ(န)တွင် လုံခြုံမှုအဆင့်အတန်းသတ်မှတ်ထားသည့် ဌာနဆိုင်ရာ စာရွက်စာတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် ပျက်ကွက်ခြင်း သို့မဟုတ် လုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်များကို မသက်ဆိုင်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသိပေးခြင်း"၊ နည်းဥပဒေပုဒ်မ ၁၆၃၊ ပုဒ်မခွဲ(ဖ)တွင် "နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် လှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်း"စသည့် ပြစ်မှုတစ်ခုခုအတွက် ဝန်ထမ်းကို ဌာနဆိုင်ရာ အရေးယူအပြစ်ပေးနိုင်သည်ဟု ပြဋ္ဌာန်းထားသည်ကို သိရှိရန်လိုအပ်ပါသည်။

**ယနေ့လျှောက်လမ်းနေသည့် ဒီမိုကရေစီလမ်းစဉ်တွင် လွတ်လပ်စွာ သဘောထားခံယူချက် ကွဲလွဲခွင့်ရှိပေသည်။ သို့ရာတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူနှင့်မတူညီဘဲ မိမိခံယူချက် မိမိယုံကြည်ချက်များကို နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန်ကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေများ၊ ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ စည်းဘောင်အတွင်းမှသာ ထုတ်ဖော်သင့်ပေသည်။ "ငါနဲ့မတူ ငါ့ရန်သူ" ဟု မသတ်မှတ်ဘဲ လူတစ်ယောက်ချင်းစီ၏ မတူညီသည့် ခံယူချက်နှင့် ယုံကြည်မှုများကို အပြန်အလှန် နားလည်မှုထားရှိကာ အချင်းချင်း မေတ္တာမပြတ် လေးစားအပ်ပါကြောင်း တိုက်တွန်းအပ်ပါသည်။**

ယခုအခါ နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားကို ရပ်တန့်စေရန် ရည်ရွယ်ချက်ဖြင့် ဝန်ထမ်းအချို့မှ ကိုယ်ပိုင်ခံယူချက်၊ ယုံကြည်ချက်ဖြင့် CDM (Civil Disobedience Movement) လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နေသူများရှိသကဲ့သို့ ခံယူချက်ချင်းတူညီသော်လည်း မိမိလစာငွေတစ်မျိုးတည်းကိုသာ မှီခိုနေရသည့် နောက်ပိုင်းမိသားစုလူမှုရေး အခက်အခဲများကြောင့် CDM လှုပ်ရှားမှုတွင် မပါဝင်နိုင်သည့်ဝန်ထမ်းများ၊ ခံယူချက်ခြင်း တူညီမှုမရှိသဖြင့် မပါဝင်သည့်ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့် အမိန့်၊ ညွှန်ကြားချက်များအရ အရေးယူခံရနိုင်သည်ကိုသိရှိသဖြင့် CDM လှုပ်ရှားမှုတွင် မပါဝင်သည့်ဝန်ထမ်းများ များစွာရှိပေသည်။ ကွဲပြားသည့်ခံယူချက်များဖြင့် CDM လှုပ်ရှားမှုတွင် မပါဝင်သည့် ဝန်ထမ်းများအား အတင်းအဓမ္မ ရုံးမတက်ရန် လှုံ့ဆော်လုပ်ဆောင်မှုများ၊ CDM လုပ်ရန် တွန်းအားပေးမှုများ၊ ရုံးတက်နေသည့် ဝန်ထမ်းများကို "နိုင်ငံတော်ကို ပုန်ကန်နေသည့်အဖွဲ့တွင်ပါဝင်သူများ"ဟုလည်းကောင်း၊ "လူသတ်သမားများ"ဟု လည်းကောင်း၊ Social Punishment ဟုလည်းကောင်း သတ်မှတ်မှုများကို စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်နေရပါသည်။

ယနေ့လျှောက်လမ်းနေသည့် ဒီမိုကရေစီလမ်းစဉ်တွင် လွတ်လပ်စွာ သဘောထားခံယူချက် ကွဲလွဲခွင့်ရှိပေသည်။ သို့ရာတွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် အများပြည်သူနှင့်မတူညီဘဲ မိမိခံယူချက် မိမိယုံကြည်ချက်များကို နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်ကို ဦးထိပ်ပန်ဆင်ကာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ဝန်ထမ်းကျင့်ဝတ်များနှင့်အညီ စည်းဘောင်အတွင်းမှသာ ထုတ်ဖော်သင့်ပေသည်။ "ငါနဲ့မတူ ငါ့ရန်သူ" ဟု မသတ်မှတ်ဘဲ လူတစ်ယောက်ချင်းစီ၏ မတူညီသည့်ခံယူချက်နှင့် ယုံကြည်မှုများကို အပြန်အလှန် နားလည်မှုထားရှိကာ အချင်းချင်း မေတ္တာမပြတ်လေးစားအပ်ပါကြောင်း တိုက်တွန်းအပ်ပါသည်။

ကိုးကား

(၁) ဝန်ထမ်းကျင့်ဝတ်၊ ၂၀၁၇။

(၂) နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ၂၀၁၃။

(၃) နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ ၂၀၁၄။

# ဒလမြို့နယ်သို့ နေ့စဉ် ရေဂါလန် ၃ ဒသမ ၃ သန်း ပေးဝေနိုင်ရေး ရန်ကုန်မြို့တော်စည်ပင် ကြိုးပမ်းဆောင်ရွက်

**ရန်ကုန် မတ် ၉**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်သို့ ရေလုံလောက်စွာ ပေးဝေနိုင်ရေး စီမံကိန်းကို ဂျပန်နိုင်ငံအစိုးရ အကူအညီဖြင့် အကောင်အထည်ဖော်နိုင်ရန်အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့က ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။


အဆိုပါစီမံကိန်းသည် ဒလမြို့နယ်ရှိ ရေသုံးစွဲသူပြည်သူများထံသို့ ရန်ကုန် ပေါက် ရေပေးဝေရေးစခန်းမှ နေ့စဉ် ရေဂါလန် တစ်သန်းပေးဝေလျက်ရှိသည့် ရေပမာဏအပြင် ရေဂါလန် ၃ ဒသမ ၃ သန်း ပိုမိုပေးဝေနိုင်မည်ဖြစ်သည်။ ထို့ပြင် ရန်ကုန်တောင်ပိုင်းခရိုင်ရှိ ကွမ်းခြံကုန်း၊ ကော့မှူး၊ တွံတေးမြို့နယ်များသို့ သောက်ရေသန့်များကို ရေသန့်ဘူးများ၊ ရေကားများဖြင့် နေ့စဉ် ရေဂါလန် ၆၆၀၀၀ ကို ဖြန့်ဖြူးရောင်းချပေးနိုင်မည်ဖြစ်သည်။

ဂျပန်အစိုးရထံမှ အထောက်အပံ့ရရှိနိုင်ရေးအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် ၂၀၁၅ ခုနှစ်မှစတင်၍ မြေပြင်ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများကို သုံးနှစ်ကြာဆောင်ရွက်ခဲ့သည်။ ဒလမြို့နယ်ရေပေးဝေရေးစီမံကိန်းသည် တွံတေးမြို့နယ် တွံတေးတူးမြောင်းဘေးဘုရားကြီးစုကျေးရွာအနီးတွင် ရေသန့်စင်စက်ရုံ တည်ဆောက်ပြီး တွံတေးတူးမြောင်းမှရေကို ရယူသန့်စင်မည်ဖြစ်သည်။

ဒလမြို့တွင် ရေဂါလန် ၃ ဒသမ ၃ သန်းဆံ့ Service Reservoir & Pumping Station တည်ဆောက်ပြီး ဒလမြို့အတွင်းသို့ ထပ်ဆင့်ဖြန့်ဖြူးပေးဝေသွားမည်ဖြစ်သည်။ ရေသန့်စင်စက်ရုံမှ ဒလမြို့သို့ ရေပိုက်လိုင်း ဆက်သွယ်ခြင်းလုပ်ငန်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည်။

ရေသန့်စင်စက်ရုံ တည်ဆောက်ခြင်းလုပ်ငန်း နှောင့်နှေးမှု မရှိစေရေးအတွက် ရာသီမရွေး ဆောင်ရွက်နိုင်ရန် စီမံကိန်းအဝင်လမ်း တည်ဆောက်ခြင်းလုပ်ငန်းကို ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့က နေ့ညကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရေသန့်စင်စက်ရုံ တည်ဆောက်မည့်မြေနေရာ ၁၈ ဒသမ ၇၈ ဧကတွင် သဲဖြည့်ခြင်းလုပ်ငန်းကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးဖြစ်သည်။

ရေသန့်စင်စက်ရုံ တည်ဆောက်ခြင်းလုပ်ငန်းကို JFE Engineering Corporation မှ တင်ဒါအောင်မြင်ပြီး Design and Build Works ဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ စီမံကိန်းတန်ဖိုးမှာ ဂျပန်ယန်း ၄ ဒသမ ၁၇၆ ဘီလီယံဖြစ်ပြီး နှစ်နှစ်ခွဲခန့်ကြာမြင့်မည်ဖြစ်သည်။


3-a. Image of Dala Water Treatment Plant

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့် ရေပေးဝေရေးလုပ်ငန်းမှ ဝန်ထမ်းများသည် ရန်ကုန်မြို့နေ ရေသုံးစွဲသူပြည်သူများ ရေပြတ်တောက်မှု မရှိစေရန်နှင့် ရေပုံမှန်သုံးစွဲနိုင်ရေးအတွက် ရန်ကုန်မြို့ရေပေးဝေရေးစနစ် ပုံမှန်လည်ပတ်နိုင်ရန် ၂၄ နာရီ အချိန်ပြည့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် စီမံကိန်းသစ်များကိုလည်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မျိုးမင်းသူရ**

တွေ့ဆုံမေးမြန်း

# နိုင်ငံရေးသမားတွေရဲ့ ချကျွေးတာကို မခံရအောင် ပြည်သူတွေနဲ့ ဝန်ထမ်းတွေအနေနဲ့ ရေရှည်အတွက် စဉ်းစားချင့်ချိန်တွေးတောကြပါလို့ ပြောချင်ပါတယ်

**ဦးဘမောင်**

CDM (Civil Disobedience Movement) လှုပ်ရှားမှုဖြစ်စဉ်များနှင့်ပတ်သက်၍ ပြည်သူများနှင့် CDM လုပ်ဆောင်လိုခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းများ၏ လက်တွေ့ရင်ဆိုင်ခံစားနေရမှုများကို တွေ့ဆုံမေးမြန်း ရေးသားလိုက်ရပါသည်။

**ပြည်သူတစ်ဦးဖြစ်သူ ဦးဘမောင်**

ကျွန်တော့်အနေနဲ့ ပြည်သူတွေကို လမ်းပေါ်ထွက်ဆန္ဒပြဖို့၊ ဝန်ထမ်းတွေကို CDM လုပ်ဖို့ အတင်းအဓမ္မဖိအားပေးဆွဲခေါ်တာမျိုး မလုပ်သင့်ဘူးလို့ မြင်တယ်။ အထူးသဖြင့် ဝန်ထမ်းတွေကို CDM လုပ်ဖို့ အတင်းအကျပ်ဖိအားပေးတာမျိုးကို ရှောင်သင့်ပါတယ်။ ဝန်ထမ်းတွေသာ CDM လုပ်ကြမယ်ဆိုရင် အဓိကပြည်သူတွေအတွက် အခက်အခဲတွေအများကြီးကြုံလာနိုင်တယ်။ ဒီနေရာမှာ အလျဉ်းသင့်လို့ ကျွန်တော်ဖတ်ဖူးတဲ့စာအုပ်ထဲက အကြောင်းအရာအချို့ကို ပြောခွင့်ပြုပါ။ အစိုးရကို မကျေနပ်လို့ ထိုင်ဆဲနေရုံနဲ့ နိုင်ငံရေးလုပ်ဆောင်ချက်က ပုံပေါ်လာမှာမဟုတ်ပါဘူး။ ကျွန်တော်နားလည်ထားတဲ့ နိုင်ငံရေးသမားတစ်ယောက်ရဲ့ ပဓာနရည်မှန်းချက်ဟာ အာဏာရရှိရေးပဲ ဖြစ်ပါတယ်။ အာဏာရှိမှသာ နိုင်ငံအတွက်၊ ပြည်သူအတွက် လိုရာပုံဖော်နိုင်မယ်။ ဒါကြောင့် သူတို့တွေအာဏာရရှိဖို့အတွက် ဘယ်လိုအသွင်သဏ္ဍာန်မျိုးနဲ့မဆို ဒီလမ်းကြောင်းပေါ်မှာ အမိအရလျှောက်လှမ်းနေမှာပဲ။ ဒါ့ကြောင့် နိုင်ငံရေးသမားတွေရဲ့ ချကျွေးတာကိုမခံရအောင် ပြည်သူတွေနဲ့ ဝန်ထမ်းတွေအနေနဲ့ ရေရှည်အတွက် စဉ်းစားချင့်ချိန်တွေးတောကြပါလို့ ပြောချင်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးအောင်လှ**

ကျွန်တော်တို့ဌာနမှာ ဝန်ထမ်းအင်အားက ကိုးရာနီးပါးရှိပါတယ်။ လက်ရှိမှာတော့ CDM လုပ်တဲ့ဝန်ထမ်းက တစ်ရာကျော်ရှိတယ်။ အခုလို CDM လှုပ်ရှားမှုကို ကျွန်တော့်အနေနဲ့ လုံးဝ(လုံးဝ) မထောက်ခံပါဘူး။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာက CDM လုပ်တဲ့သူတွေကို အပြစ်မမြင်ပါဘူး။ သို့ပေမယ့် မှန်တယ်လို့လည်း မဆိုပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကိုယ့်အယူအဆနဲ့ကိုယ် သဘောထားကွဲလွဲခွင့်ရှိလို့ပါ။

ဒါပေမယ့် တစ်ခုတော့ရှိတယ် ကိုယ်နဲ့မတူ ကိုယ့်ရန်သူလို သဘောထားနေကြတာတွေက အတော်ကိုဆိုးတယ်။ ဖေ့စ်ဘွတ်လို လူမှုကွန်ရက်စာမျက်နှာပေါ်မှာလည်း ရုံးမတက်နဲ့ ရုန်းထွက်လိုက်ပါတော့၊ အခုလိုရုံးတက်နေရတာ ပျော်နေလား၊ ရာထူးမက်နေလား၊ မရှက်ဘူးလား၊ ကိုယ့်လိပ်ပြာကိုယ်လုံရဲ့လားဆိုတဲ့စကားတွေ၊ စာတွေနဲ့ အမျိုးမျိုးတိုက်ခိုက်ဝေဖန်တာတွေရှိတယ်။ ရုံးတက်နေတဲ့ တစ်ယောက်ချင်းစီတိုင်း ဖေ့စ်ဘွတ်ပေါ်မှာတင်ပြီး အရှက်ခွဲမယ်ဆိုတဲ့ ခြိမ်းခြောက်မှုတွေကရှိသေးတယ်။ အဆိုးဆုံးကတော့ ဆဲဆို၊ ပုတ်ခတ်ပြောဆိုနေတာပါပဲ။

ကျွန်တော်တို့ဌာနက CDM လုပ်သွားတဲ့သူတွေကို ပြန်မေးချင်ပါတယ်။ မိမိကိုယ်ကိုယ် ပြန်စဉ်းစားကြည့်ပါ။ ကိုယ်က ကိုယ့်ရဲ့ဌာနမှာ ဘယ်လောက်အရေးပါလဲ၊ ဘယ်လောက်ဝမ်းစာပြည့်နေပြီလဲ၊ ရှိစဉ်ကလည်း ဘယ်လောက်စေတနာထားပြီး အလုပ်လုပ်ခဲ့လဲ ဒါတွေကို ပြန်စဉ်းစားပါ။ သူများတွေ CDM လုပ်လို့ ကိုယ်ကမလုပ်ရင် ရှက်စရာကောင်းတယ်ဆိုတဲ့ စိတ်ခံတတ်မျိုးတွေနဲ့ လုပ်တာကတော့ မကောင်းပါဘူး။ ကိုယ့်အယူအဆနဲ့ကိုယ် CDM လုပ်တာကို အပြစ်မဆိုချင်ပေမယ့် မလုပ်တဲ့သူတွေကို ဝေဖန်၊ ပြစ်တင်၊ ရှုတ်ချတာတွေ ရပ်တန်းကရပ်ပါလို့ တောင်းဆိုချင်တယ်။ ဘာပဲဖြစ်ဖြစ်ကိုယ့်လုပ်ဖော်ကိုင်ဖက်အချင်းချင်းမို့ မေတ္တာမပျက်ရှိနေပါတယ်လို့ ပြောချင်ပါတယ်။

**ပြည်သူတစ်ဦးဖြစ်သူ ဦးစိန်မောင်**

ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိတယ်ဆိုပေမယ့် ကိုယ်နဲ့ သဘောထားအယူအဆမတူသူကိုလည်း ဥပဒေမဲ့ နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီး၊ အရှက်ခွဲတာတွေ လုပ်လို့မရပါဘူး။ လက်ရှိအချိန်မှာ ဒီမိုကရေစီ၊ ဒီမိုကရေစီ ပါးစပ်ကသာအော်နေပြီး ဒီမိုကရေစီနဲ့ ပြောင်းပြန်ဖြစ်နေတာတွေကို တွေ့နေရပါတယ်။

တကယ်တမ်းစဉ်းစားကြည့်မယ်ဆိုရင် အခုလို ဆူပူအကြမ်းဖက်ဆန္ဒပြမှုတွေဟာ ဒီမိုကရေစီကို လိုချင်တာလား၊ ကိုယ့်ပါတီအာဏာပြန်ရဖို့ကို လိုလားတာလား မသဲကွဲဘူးဖြစ်နေတယ်။ ဒီမိုကရေစီရရှိဖို့ တကယ်လိုလားတယ်ဆိုရင် ပကတိအမှန်တရားကို လက်ခံဖို့လိုတယ်။ "ဒီလိုပြောတော့လည်း ဒါဟာ နိုင်ငံ့အရေးဖြစ်တယ်။ လူတစ်ဦးတစ်ယောက်ကောင်းစားဖို့၊ ပါတီတစ်ခုတည်း ကောင်းစားဖို့ အတွက်မဟုတ်ဘူး။ မြန်မာနိုင်ငံမှာရှိတဲ့ လူဦးရေ သန်း ၅၀ ရဲ့ ဆန္ဒလို့ ပြောကြလိမ့်မယ်။"ဆိုတော့ မြန်မာနိုင်ငံမှာ လူဦးရေ ၅၄ သန်းကျော်ရှိတယ်။ ကျေးရွာပေါင်းက ၃၃၀၀၀ ကျော်၊ ကျေးလက်နေပြည်သူတွေက ၃၃ သန်းကျော်ရှိတယ်။ ကျေးရွာတစ်ရွာကို လူဦးရေတစ်ထောင်ရှိတယ်ပဲထား၊ အဲဒီကျေးရွာမှာရှိတဲ့ လူတွေအားလုံး လမ်းပေါ်ထွက်ဆန္ဒပြမယ်လို့ထင်လား။ အလွန်ဆုံးဆန္ဒထွက်ပြမှ ၁၀ ရာခိုင်နှုန်းထက်မပိုပါဘူး။ နောက်တော့ မြန်မာနိုင်ငံမှာ ပင်စင်စား ကိုးသိန်းကျော်ရှိတယ်။ အဲဒီပင်စင်စားကြီးတွေအားလုံးလည်း လမ်းပေါ်ထွက်ဆန္ဒပြနေမယ်ထင်လား။ ပြီးတော့ CDM မလုပ်တဲ့ ဝန်ထမ်းတွေ၊ တပ်မတော်သားတွေ၊ ရဲတပ်ဖွဲ့ဝင်တွေ၊ မြို့နေပြည်သူတွေအားလုံးလည်း လမ်းပေါ်ထွက် ဆန္ဒပြနေတာမဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့ ပြောချင်တာကတော့ ပြည်သူတွေအားလုံး ဓမ္မနဲ့ အဓမ္မခွဲခြားသိမြင်နိုင်ပြီး ပကတိအမှန်တရားနဲ့ တည်ဆဲဥပဒေတွေကို လိုက်နာသင့်တယ်လို့ ပြောချင်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ ကိုရဲမင်း**

CDM စလုပ်ဖို့ ဘယ်သူတွေကများ အစပျိုးခဲ့ကြလဲ စဉ်းစားလို့မရဖြစ်ခဲ့တယ်။ ဘာဖြစ်လို့လဲဆိုတော့ CDM မလုပ်ရင်ဘဲ နိုင်ငံတော်ကို ပုန်ကန်နေသလိုလို၊ နိုင်ငံတော်ကို သစ္စာဖောက်နေသလိုလို၊ လမ်းပေါ်ထွက်ဆန္ဒပြသူတွေ ကျည်မှန်လို့သေဆုံးသွားတာကို ကိုယ်ကပဲ သတ်လိုက်မိသလိုလို၊ ကိုယ်တွေကပဲ စဉ်းစားတွေးခေါ်တတ်တဲ့ ဦးနှောက်မရှိသူလိုလို၊ ပညာမဲ့လူတန်းစားတွေဖြစ်နေသလိုလို၊ ကျွန်စိတ်ပေါက်နေတဲ့သူတွေ ဖြစ်နေတော့သလိုလို၊ ရှက်တတ်ရင်သေလို့ရနေတဲ့သူဖြစ်နေတော့ သလိုလို၊ ပြည်သူ့အစိုးရတက်လာရင် အလုပ်ပြုတ်တော့မှာ လိုလို စသည်စသည်ဖြင့် မရေရာမသေချာတဲ့ လိုလို (လိုလို)ဆိုတဲ့ပြဿနာပေါင်း သောင်းခြောက်ထောင်ဟာ CDM မလုပ်တဲ့သူတွေအပေါ်မှာ ခေါင်းစဉ်အမျိုးမျိုးနဲ့ ပုဒ်မအတပ်ခံနေရပါတယ်။ အဲဒီတော့ ကိုယ်လုပ်နေတဲ့လုပ်ရပ်တွေက ကိုယ်ပိုင်စဉ်းစားတွေးခေါ်တတ်တဲ့ ဦးနှောက်နဲ့ လုပ်ခဲ့တာသေချာရဲ့လား ကိုယ့်ကိုယ်ကိုယ် ဦးစွာမေးဖို့လိုပါတယ်။

ဘယ်လိုပဲပြောပြော ကျွန်တော်ကတော့ ကိုယ့်လိပ်ပြာကို ကိုယ်လုံတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဆဲတာကအစ မှန်လား၊ မှားလားမသိတဲ့ အကြောင်းအရာတွေအဆုံး သူများတွေတင်တဲ့ ပို့စ်တွေတိုင်းကို ခရက်ဒစ်ပေးတယ်၊ မရှယ်နဲ့နော် ကော်ပီကူးတင်ပါဆိုတာတွေကို ချင့်ချိန်ပြီး အမှား၊ အမှန်သုံးသပ်နိုင်ပြီး ကိုယ်ပိုင်ဦးနှောက်နဲ့ ဆုံးဖြတ်နိုင်ခဲ့လို့ပါပဲ။ သေချာစဉ်းစားကြည့်တော့ CDM မလုပ်ဖို့ ရွေးချယ်ခဲ့တယ်။ ကိုယ့်ခံယူချက်၊ ကိုယ့်အယူအဆနဲ့ကိုယ် လွတ်လပ်စွာသဘောထားကွဲလွဲခွင့်ရှိတယ်။ အမှန်တော့ နိုင်ငံ့ဝန်ထမ်းဆိုတာ ဘယ်အစိုးရတက်တက် ကိုယ်လုပ်ရမယ့်တာဝန်ကို လုပ်ရမှာပဲ မဟုတ်လား။ အစိုးရကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ပါတီနိုင်ငံရေး ကင်းကင်းရှင်းရှင်းနဲ့ အလုပ်လုပ်ကြရမှာပါ။ ကျွန်တော်ကတော့ ရှင်းတယ်၊ ကိုယ့်အလုပ်ကိုပဲ လုပ်မယ်။

**အောင်ငြိမ်းသူ**

■

ကြေးမုံ အယ်ဒီတာ့ထံ ပေးစာ

# အထိတ်တလန့်ဖြစ်စေဖို့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်နေသူတွေကို အရေးယူပေးပါ

**အယ်ဒီတာရှင့် –**

ပြည်သူတစ်ယောက်အနေနဲ့ရော မိဘတစ်ယောက်အနေနဲ့ပါ ကျွန်မကြုံတွေ့ရတဲ့ အဖြစ်အပျက်ကို တင်ပြလိုပါတယ်ရှင်။ ကျွန်မတွင် အရွယ်ရောက်နေပြီဖြစ်သည့် သားလေးတစ်ဦးနဲ့ သမီးလေးတစ်ဦး ရှိပါတယ်။ ကျွန်မရဲ့ အလုပ်အကိုင်ကတော့ နေပြည်တော် သပြေကုန်းဈေးမှာ ဈေးရောင်းပါတယ်ရှင်။ တပ်မတော်က နိုင်ငံတော်အာဏာကို ထိန်းသိမ်းလိုက်ပြီး နောက်ပိုင်းမှာလည်း နေပြည်တော်မှာရှိတဲ့ သပြေကုန်းဈေးနဲ့ မြို့မဈေးတွေမှာ ဈေးရောင်းချသူတွေရော ဈေးလာရောက်ဝယ်ယူသူတွေပါ စိတ်အေးချမ်းသာယာစွာနဲ့ ပုံမှန်အတိုင်း လှုပ်ရှားသွားလာနေကြပါတယ်။

ယခုရက်ပိုင်းအတွင်း မသမာသူလူတစ်စုဟာ သပြေကုန်းဈေးအပြင်ဘက်ကနေပြီး ပြည်သူတွေ အထိတ်တလန့်ဖြစ်စေမယ့် စကားမျိုး အော်ဟစ်ပြောဆိုထွက်ပြေးသွားတဲ့ အပြုအမူတွေ လုပ်ဆောင်လာပါတယ်။ ဒီလိုအော်ဟစ်ပြောဆိုမှုတွေကြောင့် ကျွန်မအပါအဝင် ဈေးရောင်းချသူနဲ့ ဈေးဝယ်သူတွေအားလုံး ဘယ်ပြေးလို့ပြေးရမယ် မှန်းမသိ အထိတ်တလန့်ဖြစ်နေရပါတယ်ရှင့်။ မတ်လ ၈ ရက်နေ့က လည်း မသမာသူများက ဈေးအပြင်ဘက်ကနေ "လုနေပြီ၊ လုနေပြီ ပြေးပြေး"ဆိုပြီး အော်ဟစ်ပြောဆိုမှုတွေကြောင့် ဈေးအတွင်းမှာရှိနေသူအားလုံး ကျွန်မတို့ သက်ဆိုင်ရာပစ္စည်းတွေကိုထားပြီး ထွက်ပြေးကြရတဲ့အဆင့်အထိ ရောက်နေရပါတယ်ရှင့်။ ဒီလိုဆောင်ရွက်မှုတွေကြောင့် ကျွန်မတို့ ဈေးသည်တွေရော ဈေးလာရောက်ဝယ်ယူသူတွေပါ နေ့တိုင်း စိုးရိမ်ထိတ်လန့်စွာနဲ့ အရောင်းအဝယ် ပြုလုပ်နေရပါတယ်။ ဒါကြောင့် ပြည်သူတွေကို အထိတ်တလန့်ဖြစ်စေဖို့ ရည်ရွယ်ချက်နဲ့ ဆောင်ရွက်နေသူတွေကို ဖမ်းဆီးအရေးယူပေးဖို့ သက်ဆိုင်ရာတာဝန်ရှိသူတွေကို အယ်ဒီတာမှတစ်ဆင့် တင်ပြလိုပါတယ်။

နောက်ပြီး ကျွန်မရဲ့ သားနဲ့သမီးဟာ လူမှုကွန်ရက်စာမျက်နှာပေါ်မှ နိုင်ငံရေးသမားတချို့ရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် လမ်းပေါ်ထွက်ဆန္ဒပြပွဲတွေမှာ လိုက်ပါဆောင်ရွက်ဖို့ ဆန္ဒရှိနေကြပါတယ်။ ရပ်ကွက်အတွင်းက လူငယ်တချို့လည်း ဆန္ဒပြပွဲတွေ လိုက်ပါဆောင်ရွက်နေရာကနေ တချို့ အိမ်ပြန်မလာကြခြင်းတို့ကြောင့် သူတို့ရဲ့မိဘတွေ စိတ်ဆင်းရဲမှုနဲ့ ကြုံတွေ့နေရပါတယ်ရှင့်။ ဒီလိုဆူပူအုံကြွမှုကို ဖြစ်ပေါ်စေတဲ့ ဆန္ဒပြပွဲတွေမှာ လိုက်ပါဆောင်ရွက်ဖို့ သွေးထိုးလှုံ့ဆော်ဖြားယောင်းနေသူတချို့ကိုလည်း ဖော်ထုတ်အရေးယူပေးဖို့ အယ်ဒီတာကတစ်ဆင့် ထပ်မံတင်ပြလိုပါတယ်ရှင့်။

**မကလျာ(ဈေးရောင်းသူ)**

## အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

**စာတည်းအဖွဲ့**

# နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်ဟောင်း ဦးမင်းသူအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မတ် ၉**

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အစိုးရဝန်ထမ်းများအား CDM တွင် ပါဝင်လာစေရေး အဓိကကြိုးကိုင်ဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်သော နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်ဟောင်း ဦးမင်းသူအား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက် နံနက် ၂ နာရီတွင် နေပြည်တော် ဟိုတယ်ဇုန်(၂)ရှိ ရွှေဂုံတိုင်ဟိုတယ်၌ ဖမ်းဆီးရမိခဲ့ပြီး ထိန်းသိမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

ဦးမင်းသူ၏ ဝန်ခံထွက်ဆိုချက်များအရ နေပြည်တော်ကောင်စီနယ်မြေအတွင်း နိုင်ငံ့ဝန်ထမ်းများအား တာဝန်ဝတ္တရားပျက်ကွက်စေရန် သွေးထိုးလှုံ့ဆော်နိုင်ရေးအတွက် ၈၈ မျိုးဆက်(ငြိမ်း/ပွင့်)မှ မင်းကိုနိုင်၊ ကျော်မင်းယု(ခ)ဂျင်မီတို့နှင့် ချိတ်ဆက်ဆောင်ရွက်မှုများပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်တွင် NLD ပါတီဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်ဖြစ်သော ဦးအောင်ကြည်ညွန့်က **"CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဝန်ထမ်းများအား လှုံ့ဆော်စည်းရုံးနိုင်ရန် CDM Supporting Team များ ဖွဲ့စည်းကာ သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ NLD ပါတီဝင်များမှ ဝိုင်းဝန်းကူညီကြရန်"** ညွှန်ကြားချက်စာ တစ်စောင်ထုတ်ပြန်ခဲ့ကြောင်း၊ ထို့ကြောင့် ဦးမင်းသူသည် ဖေဖော်ဝါရီ ၁၅ ရက်တွင် ခရိုင်အလုပ်အမှုဆောင်အဖွဲ့ဝင် ၁၀ ဦးခန့်ဖြင့် ပါတီခရိုင်ရုံးတွင် အစည်းအဝေးကျင်းပခဲ့ပြီး အစည်းအဝေး၌ CDM Supporting Team အား ဖွဲ့စည်းခဲ့ကြောင်း သိရှိရသည်။

အဆိုပါ CDM Supporting Team တွင် ဦးမောင်မောင်ဆွေ (မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်-၉၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ ဦးကျော်ထွေး (ဇမ္ဗူသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း)၊ ဦးဝင်းနိုင်ဦး (ပျဉ်းမနားမြို့နယ် NLD ပါတီ၊ အတွင်းရေးမှူး)၊ ဦးကျော်မြင့်ဦး(မန္တလေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်-၁၀၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဟောင်း)၊ ဦးသန်းစိုးအောင် (ပျဉ်းမနားမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း) နှင့် ဦးဇော်မင်းဦး (စိုက်ပျိုးရေးဦးစီးဌာန၊ အငယ်တန်းအင်ဂျင်နီယာ)တို့ပါဝင်ခဲ့ပြီး ၎င်းအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်ရန်နှင့် နေပြည်တော်ရှိ CDM လုပ်ဆောင်နေသည့် ဝန်ထမ်းများအား ကူညီထောက်ပံ့ပေးရန် ဦးနေလင်း(Relax ဗီနိုင်း)၊ ဦးမြတင့်(NLD ပါတီ၊ ခရိုင်နာယက)၊ ဦးဇော်မင်းကျော်(ရန်ကုန်မြို့၊ ခေတ်ပြတိုက်စာပေတိုက်ပိုင်ရှင်)၊ ဦးလှမျိုး (မြန်မာနိုင်ငံ ဆရာများသမဂ္ဂ)နှင့် ဦးသန့်ဇင်ထွန်း (ဒက္ခိဏသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဟောင်း)တို့ ပါဝင်ဆောင်ရွက်ခဲ့ကြောင်းနှင့် ပြည်တွင်း/ပြည်ပမှ ထောက်ပံ့ငွေများ ရရှိထားကြောင်း ဝန်ခံထွက်ဆိုထားပါသည်။

ထို့အပြင် ဦးမင်းသူသည် နေပြည်တော်ခရိုင်ပါတီရုံးတွင် ရုံးထိုင်၍ ဆန္ဒပြအဖွဲ့ ခေါင်းဆောင်များဖြစ်သည့် ဦးဝင်းနိုင်ဦး(ပျဉ်းမနားမြို့နယ် NLD ပါတီအတွင်းရေးမှူး)၊ ဦးမျိုးကိုဇင်မြင့်(NLD ပါတီ၊ နေပြည်တော် လူငယ်လုပ်ငန်းကော်မတီအဖွဲ့ဝင်)၊ ဦးကျော်မင်းလှိုင် (ဥတ္တရသီရိမြို့နယ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဟောင်း)၊ ဦးလှိုင်မင်းဦး (NLD ပါတီ၊ ဇမ္ဗူသီရိမြို့နယ် တွဲဖက်အတွင်းရေးမှူး) နှင့် အောင်အောင် (NLD ပါတီ၊ ပုဗ္ဗသီရိမြို့နယ်ဥက္ကဋ္ဌ) တို့နှင့်ချိတ်ဆက်၍ ဆန္ဒပြအဖွဲ့များ လှုပ်ရှားသွားလာနိုင်ရန် လမ်းကြောင်းထိန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့်အပြင် ဆန္ဒပြအဖွဲ့များနှင့် သွားရောက်ပူးပေါင်း၍ ဆူပူဆန္ဒပြစေရန်လှုံ့ဆော်မှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်၍ ဦးမင်းသူ၏ ထွက်ဆိုချက်များအရ ဆက်စပ်တရားခံများအား ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်ခဲ့ရာ မတ် ၁ ရက်တွင် ဦးကျော်မင်းလှိုင်အားလည်းကောင်း၊ မတ် ၂ ရက်တွင် ဦးသန့်ဇင်ထွန်းအားလည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ပြီး ကျန်ရှိသည့် ဆက်စပ်တရားခံများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ မတ် ၇ ရက်တွင် ဖမ်းဆီးရမိတရားခံများဖြစ်သည့် ဦးမင်းသူအား ပုဗ္ဗသီရိမြို့နယ် ပတ္တာနယ်မြေရဲစခန်း၌ (ပ)၃၀/၂၀၂၁ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း၊ ဦးကျော်မင်းလှိုင်အား ဥတ္တရသီရိမြို့နယ် ဘုရားကုန်းမြို့မရဲစခန်း၌ (ပ)၂၃/၂၀၂၁ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း၊ ဦးသန့်ဇင်ထွန်းအား လယ်ဝေးမြို့နယ် သာဝတ္တိနယ်မြေရဲစခန်း၌ (ပ)၂၄/၂၀၂၁ ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့်လည်းကောင်း အသီးသီးအမှုဖွင့်လှစ်၍ ထိန်းသိမ်းထားရှိကြောင်း သိရှိရသည်။

မိဘပြည်သူများအနေဖြင့် အဆိုပါ ဆက်စပ်တရားခံ ၁၅ ဦးအား ဝိုင်းဝန်းဖမ်းဆီးနိုင်ပါရန်နှင့် တွေ့ရှိပါက နီးစပ်ရာနယ်မြေခံတပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးပါရန်၊ လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

**သတင်းစဉ်**

# CDM လှုပ်ရှားမှုတွင် အဓိက ဦးဆောင်ပါဝင်သော ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာနမှ ပါမောက္ခ ဒေါက်တာအာကာမိုးသူအား ဖမ်းဆီးအရေးယူ

**နေပြည်တော် မတ် ၉**

၂၀၂၁ ခုနှစ် မတ် ၂ ရက် နံနက် ၈ နာရီတွင် လှိုင်မြို့နယ် ပါရမီလမ်းနှင့် မင်းဓမ္မလမ်းထောင့်ရှိ MICT ဝင်းအပေါက်ဝ၌ တက္ကသိုလ်ပေါင်းစုံ ဆရာ/ဆရာမများနှင့်ဝန်ထမ်းများ စုပေါင်းဆန္ဒပြရန် စုဝေးနေစဉ် CDM လှုပ်ရှားမှုတွင် အဓိက ဦးဆောင်ပါဝင်သည့် ရန်ကုန်တက္ကသိုလ် အရှေ့တိုင်းပညာဌာနမှ ပါမောက္ခ ဒေါက်တာအာကာမိုးသူအား ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဒေါက်တာအာကာမိုးသူအား မတ် ၁ ရက်တွင် နိုင်ငံသားအစုအဖွဲ့တစ်ခုကိုဖြစ်စေ၊ အများပြည်သူကိုဖြစ်စေ၊ ကြောက်ရွံ့စေလျှင်သို့မဟုတ် ကြောက်ရွံ့စေရန် ကြံရွယ်ခဲ့သောကြောင့် ရာဇသတ်ကြီး ပုဒ်မ-၅၀၅(က)ဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့မရဲစခန်း၌ အမှုဖွင့်လှစ်ခဲ့ပြီး အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

ဒေါက်တာအာကာမိုးသူသည် CDM ထောက်ပံ့ရေးကော်မတီ တစ်ရပ်အား ၎င်းအပါအဝင် ပါမောက္ခ ၇ ဦးဖြင့် ၁၂-၂-၂၀၂၁ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ဘဏ္ဍာငွေ ရှာဖွေရေးအဖွဲ့၊ သယ်ယူထောက်ပံ့ရေးအဖွဲ့၊ သတင်းနှင့်ပြန်ကြားရေးအဖွဲ့၊ မှတ်တမ်းနှင့် အချက်အလက်ပြုစုရေးအဖွဲ့၊ နည်းပညာနှင့် ဥပဒေအကြံပေးအဖွဲ့ဟူ၍ ရန်ကုန်တက္ကသိုလ်၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ ဒဂုံတက္ကသိုလ်၊ ရန်ကုန် အဝေးသင်တက္ကသိုလ်တို့မှ ပါမောက္ခနှင့် ကထိက ၁၅ ဦးဖြင့် ဦးဆောင်ဖွဲ့စည်းကာ CDM လှုပ်ရှားမှုကို ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်တွေ့ရှိရသည်။

အဆိုပါ CDM ဦးဆောင်လှုပ်ရှားသူ ပါမောက္ခနှင့် ကထိက ၁၅ ဦးအနက် ဒေါက်တာအာကာမိုးသူနှင့် ချိတ်ဆက်လှုပ်ရှားသည့် ကျန်ပါမောက္ခနှင့် ကထိက ၁၄ ဦးတို့အား ဆက်စပ်တရားခံအဖြစ် အမှုဖွင့်ဖမ်းဆီးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ အဆိုပါတရားခံ ၁၄ ဦးမှာ-

(၁) ဒေါက်တာဝေယံလင်း (ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာန)
(၂) ဒေါက်တာ နန်းနွယ်(တွဲဖက်ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်၊ ဒဿနိကဗေဒဌာန)
(၃) ဒေါက်တာအောင်ကျော်စွာ(တွဲဖက်ပါမောက္ခ၊ ရန်ကုန်တက္ကသိုလ်၊ ဓာတုဗေဒဌာန)
(၄) ဦးကြည်ထင်ပေါ်(တွဲဖက်ပါမောက္ခ၊ ရန်ကုန်နည်းပညာတက္ကသိုလ်၊ သင်္ချာဌာန)
(၅) ဒေါက်တာဝင်းပပထွန်း (တွဲဖက်ပါမောက္ခ၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ စိတ်ပညာဌာန)
(၆) ဦးလှမျိုး(ကထိက၊ ဒဂုံတက္ကသိုလ်၊ မနုဿဗေဒဌာန)
(၇) ဒေါက်တာ ကျော်သန်းမိုး (ကထိက၊ ဒဂုံတက္ကသိုလ်၊ ရူပဗေဒဌာန)
(၈) ဒေါက်တာယဉ်ယဉ်ဝင်း(ကထိက၊ ရန်ကုန်တက္ကသိုလ်၊ ဥပဒေဌာန)
(၉) ဦးတင်အောင်မိုး(ကထိက၊ ရန်ကုန်တက္ကသိုလ်)
(၁၀) ဒေါက်တာသန်းလွင်ဦး(ကထိက၊ ရန်ကုန်တက္ကသိုလ်၊ နိုင်ငံတကာဆက်ဆံရေးဌာန)
(၁၁) ဦးသန်းထိုက်အောင် (ကထိက၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်၊ သမိုင်းဌာန)
(၁၂) ဦးအောင်ကျော်စိုး (ကထိက၊ ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၊ သတ္တဗေဒဌာန)
(၁၃) ဒေါက်တာတိုးတိုးကျော် (ကထိက၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)၊
(၁၄) ဒေါက်တာသုလင်းဝေ(ကထိက၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)တို့ဖြစ်ကြောင်း သိရှိရသည်။

မိဘပြည်သူများအနေဖြင့် အဆိုပါဆက်စပ်တရားခံ ၁၄ ဦးအား ဝိုင်းဝန်းဖမ်းဆီးနိုင်ပါရန်နှင့် တွေ့ရှိပါက နီးစပ်ရာနယ်မြေခံတပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးပါရန်၊ လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။

**သတင်းစဉ်**

# မိုးညှင်းမြို့နယ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား မော်တော်ယာဉ်ဖြင့် ဝင်ရောက်တိုက်

**နေပြည်တော် မတ် ၉**

မိုးညှင်းမြို့ အရှေ့စုရပ်ကွက် ရွှေသာလျောင်းဇာတ်ရုံတွင် ယနေ့ နံနက်ပိုင်းက ခေါင်းဆောင်(စိစစ်ဆဲ) လူစုလူဝေးအင်အား ၃၀၀ ခန့် ဆူပူဆန္ဒပြနေကြသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ အကြိမ်ကြိမ် လူစုခွဲရန် သတိပေးသော်လည်း ဆူပူဆန္ဒပြသူလူစုလူဝေးမှ လူစုမခွဲသည့်အပြင် လုံခြုံရေးတာဝန်ဆောင်ရွက်နေသော တပ်ဖွဲ့ဝင်များကို တုတ်များ၊ ခဲများ၊ လေးခွများဖြင့် ပစ်ခတ်ရန်ပြုလာသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးသုံး ဒသမ ၁၂ ဗို့ ပြောင်းချောသေနတ်ဖြင့် ပစ်ခတ်ဖြိုခွဲခဲ့ရကြောင်း သိရသည်။

ထိုသို့ ဖြိုခွဲရာမှ ထွက်ပြေးသည့် လူစုလူဝေးအား လိုက်လံရှင်းလင်းသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စိမ်းရတနာမွန်တောင်ရပ်ကွက် ဇောဓိလမ်းဆုံ၌ အခြေပြုနေစဉ် ယာဉ်အမှတ် NPW 9k/9288 Honda Fit အဖြူရောင် လိုင်စင် (စိစစ်ဆဲ)သည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အရှိန်ပြင်းစွာဖြင့် မောင်းနှင်ကာ ဝင်တိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှောင်တိမ်းခဲ့ရကာ ယာဉ်အား ရပ်တန့်စေရေး အဓိကရုဏ်းနှိမ်နင်းရေးသေနတ်ဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရသည်။

အဆိုပါ မောင်းနှင်ထွက်ပြေးသွားသော ယာဉ်သည် စက်ကုန်းရပ်ကွက် (၆)လမ်း ထိပ်ရှိ နေအိမ်ခြံဝင်းအား ဝင်ရောက်တိုက်မိပြီး ယာဉ်မောင်းမှာ ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးခဲ့ရာ မင်းခန့်ဝေ (၂၄)နှစ် (ဘ) ဦးစိုးနိုင် အရှေ့စုရပ်ကွက် မိုးညှင်းမြို့နယ်နေသူအား ဖမ်းဆီးရမိခဲ့ပြီး ၎င်းအား စစ်ဆေးမေးမြန်းချက်အရ ယာဉ်ပေါ်တွင် ၎င်းနှင့်အတူ လိုက်ပါလာသူ အမျိုးသားနှစ်ဦး (စိစစ်ဆဲ)သည် ဒဏ်ရာရရှိကာ မော်တော်ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**



# မေတ္တာနဲ့သာ တုံ့ပြန်ပါ

## ကိုထွန်းခင်

ခင်မင်ရတဲ့ မိတ်ဆွေတစ်ယောက်က CDM မှာ မပါဝင်တဲ့အတွက် သူ့ရဲ့ဓာတ်ပုံကို ဗီနိုင်းဖောက် ဖေ့စ်ဘွတ်ပေါ်တင်ပြီး အရှက်ခွဲခံရတဲ့ အကြောင်း ပြောလာပါတယ်။ စာရေးသူက သူ့ရဲ့မိခင်မှာ ကင်ဆာရောဂါဝေဒနာ ခံစားနေရပြီး ဆေးသွင်းကုသနေရတာ တစ်နှစ်နီးပါး ရှိနေတာကို သိထားတဲ့အတွက် ကျန်းမာရေးအခြေအနေကို မေးမြန်းရာ အတော်မကောင်းတော့ကြောင်း၊ မိုးကုတ်ဆရာတော်ကြီး ဟောကြားသည့် အလုပ်ပေးဝိပဿနာတရားတွေကို အချိန်ပြည့် ဖွင့်ပေးထားရပြီး အနားမှာ အနီးကပ်စောင့်ကြပ်ဂရုစိုက်နေရကြောင်း၊ တိုင်းရေးပြည်ရာအဖြာဖြာကို သိရှိပါသော်လည်း မိခင်ကြီးရဲ့ ကျန်းမာရေးက အရေးကြီးနေလို့ အာရုံစိုက်နေရတဲ့အတွက် သူများ CDM သော်လည်း သူ့မှာစိတ်မဝင်စားနိုင်ကြောင်း ပြောလာပါတယ်။

### ကလဲ့စားမချေတော့ပါ

အဲဒါကို အတွင်းကျကျမသိတဲ့ လုပ်ဖော်ကိုင်ဖက်တစ်ဦးက အခုလိုလုပ်လိုက်တာလို့လည်း ပြောပါတယ်။ Social Bullying လုပ်ရင် တိုင်ကြားလို့ရတဲ့ ဖုန်းနံပါတ်တွေရှိတယ်ဆိုပေမယ့် မတိုင်တော့ပါဘူး။ ဒီလိုနည်းနဲ့ ကလဲ့စားမချေတော့ပါဘူးတဲ့။ ပြုသူအသစ်ဖြစ်သူအဟောင်း၊ သူတို့ပေးတဲ့အကုသိုလ်ကို ကိုယ်မယူရင် သူတို့ဆီမှာပဲရှိလိမ့်မယ်လို့ ဆိုပါတယ်။

မိတ်ဆွေက သူ့စိတ်ကို အမြဲသတိထားပြီး ဘာတွေနဲ့ပဲကြုံကြုံ စိတ်ကြည်လင်အောင်၊ အေးချမ်းအောင်နေပါတယ်တဲ့။ ကုသိုလ်ရအောင်တောင် အလှူအတန်းတွေ လုပ်နေရသေးတာ၊ လူတိုင်းအပေါ် နားလည်ခွင့်လွှတ်ပေးနိုင်တာ၊ လူတိုင်းအပေါ် မေတ္တာနဲ့ဆက်ဆံတာလည်း ကုသိုလ်ရတာပါပဲ။ သူတို့ပြောချင်တာ ပြောလိုက်ရလို့၊ လုပ်ချင်တာ လုပ်လိုက်ရလို့ သူတို့စိတ်ချမ်းသာသွားရင် ကိုယ်လည်း ကုသိုလ်ရပါတယ်လို့ ပြောလာပါတယ်။

မိတ်ဆွေနဲ့ စကားစမြည်ပြောပြီး လမ်းခွဲလာခဲ့ပေမယ့် တွေးစရာတွေက တစ်ပုံတစ်ပင်။ မြန်မာနိုင်ငံမှာ ဖေဖော်ဝါရီလဆန်းကစတင်ပြီး နိုင်ငံကို အရေးပေါ်အခြေအနေ ကြေညာထားရပါတယ်။ နွေဦးတော်လှန်ရေးလို့ခေါင်းစဉ်နဲ့ လူထုလှုပ်ရှားမှုတွေ၊ လူငယ်တွေ လမ်းပေါ်ထွက် ဆန္ဒပြကြပါတယ်။

ဒ့ါအပြင် ဝန်ထမ်းတွေအားလုံး အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) မှာ ပါဝင်ပြီဆိုရင် အစိုးရရဲ့ ယန္တရားတစ်ခုလုံး ရပ်ဆိုင်းသွားပြီး နွေဦးတော်လှန်ရေးဟာ အောင်မြင်ပြီလို့ ယူဆနေကြပါတယ်။ ဒ့ါကြောင့် ရန်ပြုဆန့်ကျင်လိုသူအချို့နဲ့ တိုင်းပြည်ကို အကျိုးမလိုလားသူတွေ၊ ပျက်စီးရာပျက်စီးကြောင်း ပြုလုပ်နေသူဟာ နိုင်ငံ့ဝန်ထမ်းတွေကို ပစ်မှတ်ထားပြီး ရုံးမတက်ရအောင် နည်းအမျိုးမျိုးနဲ့ ဟန့်တားနှောင့်ယှက်တာ၊ သွေးဆောင်ဖြားယောင်းတာ၊ ဖိအားပေးအကျပ်ကိုင် ခြိမ်းခြောက်တာတွေကို လုပ်ဆောင်နေကြပါတယ်။

ကိုယ်ပိုင်ယုံကြည်ချက်၊ ရပ်တည်ချက်တွေနဲ့ နိုင်ငံ့ဝန်ထမ်းအချို့ CDM မှာ ပါဝင်ကြပေမယ့် အချို့ကတော့ သွေးထိုးလှုံ့ဆော်မှုတွေ၊ ခြိမ်းခြောက်အကျပ်ကိုင်မှုတွေကြောင့် ဝတ်ကျေတန်းကျေဆိုသလို ပါဝင်နေကြရပါတယ်။ အချို့ဆိုရင် အာဏာဖီဆန်ရေးလှုပ်ရှားမှု (CDM) မှာ ပါဝင်တယ်လို့ မဖြစ်မနေကြေညာလိုက်ပေမယ့် သုံး၊ လေးရက်အကြာမှာတော့ ပုံမှန်အတိုင်း ရုံးပြန်တက်နေကြတာတွေလည်း ရှိပါတယ်။

တကယ်တော့ ရုံးပြန်တက်လို့ အပြစ်ပြောစရာမလိုသလို CDM မှာ မပါဝင်လို့လည်း အခုလိုအရှက်ခွဲတာ၊ လှောင်ပြောင်တာတွေ လုပ်စရာမလိုဘူးလို့ထင်ပါတယ်။ မကြာခင်ကပဲ အပြင်မှာ မျက်မှန်းတန်းမိနေပြီး ဖေ့စ်ဘွတ်မှာ Friend ဖြစ်နေသူတစ်ယောက်က တင်ထားပါတယ်။ သူလည်း အရင်က နိုင်ငံ့ဝန်ထမ်းတစ်ဦးပါ။

ဒါပေမယ့် တာဝန်ကျေလို့ အသိအမှတ်ပြုခံရတဲ့၊ အလုပ်ကြိုးစားတဲ့ဝန်ထမ်းတစ်ဦး၊ ပရော်ဖက်ရှင်နယ်တစ်ဦးတော့ မဟုတ်ပါဘူး။ သူ CDM လှုပ်ရှားမှုမှာ ပါဝင်နေတာကိုတော့ သူတင်တဲ့ ဓာတ်ပုံတွေ၊ ဗီဒီယိုတွေကြောင့် သိထားပါတယ်။ သူက CDM မှာ မပါဝင်တဲ့သူတွေကို စာရင်းပြုစုနေပါတယ်တဲ့။ မကြာခင် ဓာတ်ပုံနဲ့တကွ တင်မယ်လို့လည်း လူမှုကွန်ရက်မှာ ခြိမ်းခြောက်ရေးသားထားပါတယ်။

နွေဦးတော်လှန်ရေးအစမှာ အကြမ်းမဖက်ဘူး၊ အားလုံးအပေါ် မေတ္တာနဲ့ငြိမ်းချမ်းစွာ ဆန္ဒပြမယ်လို့ ကြွေးကြော်ခဲ့ကြပါတယ်။ အသားအရောင်၊ လူမျိုး၊ ဘာသာတရား၊ ငွေကြေး၊ ပညာစတဲ့ ကွဲပြားမှုတွေ ဆိုတာမရှိ၊ ဒေါသကို ရှေ့တန်းမတင်ဘဲ မေတ္တာထားနိုင်တဲ့ စိတ်ဓာတ်ခွန်အားရှိသူတွေ၊ လူတစ်ဦးချင်းစီရဲ့ လူ့အခွင့်အရေးကို တန်ဖိုးထားသူတွေ၊ ခေါင်းဆောင်ဆိုတာမရှိ အားလုံးဟာ ခေါင်းဆောင်တွေလို့ ပြောဆိုအသိအမှတ်ပြုခဲ့ကြပါတယ်။

အခုတော့ CDM မှာ မပါဝင်တဲ့ နိုင်ငံ့ဝန်ထမ်းတွေကို လူမှုကွန်ရက်ပေါ်တင်ပြီး အရှက်ခွဲမယ့်၊ လှောင်ပြောင်သရော်မယ့်၊ ကဲ့ရဲ့ပြစ်တင်မယ့် သူတွေကရော မြန်မာနိုင်ငံသား ပြည်ထောင်စုဖွားတိုင်းရင်းသား ပြည်သူအချင်းချင်းပဲ မဟုတ်ဘူးလား။ ကိုယ်နဲ့အယူအဆမတူတိုင်း၊ အများနဲ့မတူတိုင်း ဆန့်ကျင်တိုက်ခိုက်နေတာတွေကရော ဖြစ်သင့်ပါရဲ့လား။

နိုင်ငံရဲ့ ပကတိအခြေအနေကို စဉ်းစားသုံးသပ်ပြီး ကိုယ့်ရဲ့ နိုင်ငံရေးခံယူချက်၊ ယုံကြည်ချက်ကြောင့် ကိုယ်စိတ်ဆန္ဒရှိတဲ့အတိုင်း ရပ်တည်ပါ။ ရပ်တည်လို့ရပါတယ်။ ဒီလိုပါပဲ သူများတွေရဲ့ ရပ်တည်ချက်ကိုလည်း လွတ်လပ်ခွင့်ပေးရမှာ ဖြစ်ပါတယ်။ သူ့မှာ ကိုယ်မသိနိုင်တဲ့ အကြောင်းတရားတွေ၊ ကိုယ်မဖြတ်သန်းဖူးတဲ့ အတွေ့အကြုံတွေ၊ ကိုယ်ဉာဏ်နဲ့မမီနိုင်တဲ့ အတွေးအခေါ်တွေလည်း ရှိကောင်းရှိနေနိုင်တယ်။

### ဒီမိုကရေစီနဲ့ ဖီလာဆန့်ကျင်

ဘယ်လိုပင် အယူအဆအမျိုးမျိုး ကွဲပြားနေပါစေ ဒီမိုကရေစီဆိုတဲ့ အတိုင်း အများဆန္ဒအတိုင်း ဆောင်ရွက်ရမှာဖြစ်သလို လူနည်းစုရဲ့ဆန္ဒကိုလည်း အလေးထားရမှာ ဖြစ်ပါတယ်။ ဒီမိုကရေစီလို့ ကြွေးကြော်နေပြီး အချို့လုပ်ရပ်တွေဟာ ဒီမိုကရေစီနဲ့ ဖီလာဆန့်ကျင်နေသလို ဥပဒေကို မျက်ကွယ်ပြုရာလည်း ရောက်နေပါတယ်။

ပေါက်ပင်ဘာကြောင့်ကိုင်းရတယ်၊ ဗျိုင်းနားလို့ ကိုင်းရတယ် ဆိုတာလို အားလုံးဟာ သူ့အကြောင်းတရားတွေနဲ့သူ ဖြစ်ပါတယ်။ လူတစ်ယောက်နဲ့တစ်ယောက် ဘဝပေးအခြေအနေတွေ မတူကြပါဘူး။ ကိုယ့်အတွက် ဘဝမှာ တောင့်တလိုက်ရင် အရာရာ ပြည့်စုံတယ်၊ လိုအပ်ချက်မရှိ၊ ပူပင်စရာမရှိ ဘဝလမ်းကြောင်းဟာ ဖြောင့်တန်းနေတိုင်း သူများတွေလည်း ဒီလိုပဲဖြစ်မှာပဲလို့ ထင်လို့မရပါဘူး။

### ကလေးဆန်လွန်း

ကိုယ်က စိတ်သွားတိုင်းကိုယ်ပါ နောက်ကြောင်းအေးပေမယ့် မိသားစုအရေးကို ထည့်တွက်ငဲ့ကွက်ရတဲ့ အခြေအနေတွေနဲ့ လူတွေလည်း ရှိပါတယ်။ လောကကြီးကို၊ အရာရာကို၊ လူအများကို ကိုယ့်စိတ်အတိုင်း လိုက်ပါရမယ်၊ ကိုယ်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရမယ်ဆိုတဲ့ အတွေးတွေ၊ လုပ်ရပ်တွေက ကလေးဆန်လွန်းပါတယ်။

လူမှုအသိုင်းအဝိုင်းမှာ အရှက်ရအောင်၊ အဆက်အဆံမပြုဘဲ ဖယ်ကြဉ်လိုက်တဲ့အတွက် နောင်ကို ဒီလိုအမှားမျိုးမပြုဘဲ နောင်တရအောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ Social Bullying ပြုလုပ်နေကြတာလို့ အကြမ်းဖျင်း နားလည်ထားပါတယ်။ အဲဒါကို တချို့က “ Social punishment ဆိုတာ မြတ်ဗုဒ္ဓလည်း လုပ်ခဲ့ဖူးပါတယ်။ မြတ်ဗုဒ္ဓရဲ့ ဖွားဖက်တော် ဆန္နမထေရ်ဟာ ဘယ်သူ့ရဲ့ အဆုံးအမကိုမှ မခံတာကြောင့် ဘုရားကိုယ်တော်တိုင် Social punishment ပေးခဲ့ဖူးပါတယ်” တစ်ဖက်စောင်းနင်း လိုရာဆွဲပြီး ရေးကြ၊ ပြောကြတာကို တွေ့ရပါတယ်။

အတုမရှိ အနှိုင်းမဲ့ မြတ်စွာဘုရားရှင်က သတ္တဝါတွေအပေါ်မှာ မေတ္တာထားပြီး အရှင်ဆန္နမထေရ်ကို တရားထူးတရားမြတ်ရစေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဒီလိုဒဏ်ခတ်လိုက်တာ ဖြစ်ပါတယ်။ အခု Social Bullying လုပ်နေကြသူတွေကရော တကယ်ပဲ မေတ္တာထားလို့လား၊ အကျိုးဆုတ်ယုတ်စေချင်တာလားဆိုတာတော့ ကိုယ်တိုင်သာ အသိဆုံးဖြစ်ပါလိမ့်မယ်။ ဘယ်အရာမဆို ကိုယ်စိုက်တဲ့အပင်ကို ကိုယ်သာရိတ်သိမ်းရမှာ ဖြစ်ပါတယ်။

ဒါကြောင့် ပါမောက္ခချုပ်ဆရာတော်ကြီး ဟောကြားခဲ့ဖူးတဲ့ တရားဆုံးမစာလေးနဲ့ ဆောင်းပါးကို နိဂုံးချုပ်လိုက်ပါတယ်။

“ကိုယ်နေနေရတဲ့(Society)မှာက နှုတ်စည်းကမ်းရှိတဲ့သူတွေ ရှိသလို နှုတ်စည်းကမ်းမရှိတဲ့သူတွေလည်း ရှိနိုင်တယ်။ ပြောချင်ရာပြောတဲ့ ပုဂ္ဂိုလ်တွေရဲ့စကားတွေကို လိုက်ပြီးတော့ ပြဿနာဖြစ်နေရင်တော့ ဆုံးနိုင်မှာမဟုတ်တော့ဘူး။ အဲဒါကိုတော့ မြတ်စွာဘုရားက မေတ္တာနှလုံး အစဉ်သုံးလို့ ဒီလိုဟောခဲ့ပါတယ်။ ဘာပဲပြောပြော မေတ္တာနဲ့သာ တုံ့ပြန်ပါတဲ့” ။ ။

> ❖ ပေါက်ပင်ဘာကြောင့်ကိုင်းရတယ်၊ ဗျိုင်းနားလို့ ကိုင်းရတယ်ဆိုတာလို အားလုံးဟာ သူ့အကြောင်းတရားတွေနဲ့သူ ဖြစ်ပါတယ်။ လူတစ်ယောက်နဲ့တစ်ယောက် ဘဝပေး အခြေအနေတွေ မတူကြပါဘူး။ ကိုယ့်အတွက် ဘဝမှာ တောင့်တလိုက်ရင် အရာရာ ပြည့်စုံတယ်၊ လိုအပ်ချက်မရှိ၊ ပူပင်စရာမရှိ ဘဝလမ်းကြောင်းဟာ ဖြောင့်တန်းနေတိုင်း သူများတွေလည်း ဒီလိုပဲဖြစ်မှာပဲလို့ ထင်လို့မရပါဘူး။
>
> ❖ ကိုယ်က စိတ်သွားတိုင်းကိုယ်ပါ နောက်ကြောင်းအေးပေမယ့် မိသားစုအရေးကို ထည့်တွက်ငဲ့ကွက်ရတဲ့ အခြေအနေတွေနဲ့ လူတွေလည်း ရှိပါတယ်။ လောကကြီးကို၊ အရာရာကို၊ လူအများကို ကိုယ့်စိတ်အတိုင်း လိုက်ပါရမယ်၊ ကိုယ်ဖြစ်စေချင်တဲ့အတိုင်း ဖြစ်ရမယ်ဆိုတဲ့ အတွေးတွေ၊ လုပ်ရပ်တွေက ကလေးဆန်လွန်းပါတယ်။

# ယခင် UEC ၏ မဲရလဒ်ကြေညာချက်အပေါ် ယခု UEC ၏ မဲလက်မှတ်စစ်ဆေးတွေ့ရှိချက်အရ ကွာခြားချက်များအား သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် မတ် ၉**

ယခင် ဦးလှသိန်းဦးဆောင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဲရလဒ်ကြေညာချက်များအပေါ် ဦးသိန်းစိုးဦးဆောင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လိုအပ်သည့်မြေပြင်စစ်ဆေးမှုများကို ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၅ ရက်မှစတင်၍ ယနေ့မတ်လ ၉ ရက်အထိ စုစုပေါင်းမြို့နယ် ၁၄ မြို့နယ်၏ စစ်ဆေးတွေ့ရှိချက်များကို UEC မှ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယခင် ဦးလှသိန်းဦးဆောင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဲရလဒ်ကြေညာချက်များနှင့် ယခုဦးသိန်းစိုး ဦးဆောင်သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ မဲရလဒ်ကြေညာချက်တို့ နှိုင်းယှဉ်စစ်ဆေးခဲ့ရာ ယခု UEC ၏ လက်ရှိမြေပြင်စစ်ဆေးချက်အရ မြို့နယ်ပေါင်း ၁၄ မြို့နယ်အတွက် မဲလက်မှတ်ထုတ်ယူရရှိမှု ၂၀၇၆၀၆၅ စောင်ရှိပြီး အသုံးပြုမဲလက်မှတ် ၁၄၃၆၅၁၆ စောင်ရှိသဖြင့် ကျန်ရမည့် မဲလက်မှတ်မှာ ၆၃၉၅၄၉ စောင်ရှိရမည်ဖြစ်သော်လည်း မြေပြင်လက်ကျန်မှာ ၅၉၆၀၀၇ စောင်ရှိပြီး ပျောက်ဆုံး ၆၅၅၃၀၊ ပိုသုံး ၂၁၉၈၈ စောင်ဖြစ်၍ မဲမသမာမှုရှိနိုင်သည့် မဲလက်မှတ်အရေအတွက် ၈၇၅၁၈ စောင်ဖြစ်ကြောင်း တွေ့ရှိရသည်။

ယခင် UEC ၏ ပြည်သူ့လွှတ်တော်ဆန္ဒမဲ ရလဒ်ကြေညာချက်အရ ပယ်မဲ၊ ပျောက်မဲ၊ ခိုင်လုံမဲ အရေအတွက်စုစုပေါင်း ၁၄၄၈၃၆၃ စောင်ရှိခဲ့ပြီး ယခု UEC ၏ စစ်ဆေးတွေ့ရှိချက်အရ အသုံးပြုခဲ့သည့် မဲလက်မှတ်အရေအတွက်မှာ ၁၄၃၆၅၁၆ စောင်ရှိသဖြင့် မဲမသမာမှု ရှိနိုင်သည့်အရေအတွက် ၁၁၈၄၇ စောင်ရှိကြောင်း တွေ့ရှိရသည်။

ယခုစစ်ဆေးတွေ့ရှိချက်ကို ထပ်မံအသေးစိတ်စစ်ဆေးခြင်း၊ မြေပြင်စစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်၍ စိစစ်တွေ့ရှိချက်များအား ထပ်မံထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

### ယခင် UEC ၏ မဲရလဒ်ကြေညာချက်အပေါ် ယခု UEC ၏ မဲလက်မှတ်စစ်ဆေးတွေ့ရှိချက်အရ ကွာခြားချက်များ စိစစ်တင်ပြခြင်း

| စဉ် | မဲဆန္ဒနယ် | မဲဆန္ဒရှင်ဦးရေ | ယခင် UEC ကြေညာချက် | | | | ယခု UEC ကြေညာချက် | | | | | | ယခင် UEC နှင့် ယခု UEC ကြေညာချက်အရ အသုံးပြုမဲလက်မှတ် ကွာခြားချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | ပယ်မဲ | ပျောက်မဲ | ခိုင်လုံမဲ | ပေါင်း | မဲလက်မှတ်ထုတ်ယူရရှိ | မဲလက်မှတ်အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မဲလက်မှတ်မြေပြင်လက်ကျန် | ကွာခြားချက် - ပျောက်ဆုံး | ကွာခြားချက် - ပိုသုံး | |
| ၁ | ဇမ္ဗူသီရိမြို့နယ် | ၉၅၀၄၇ | ၁၁၁၃ | ၈ | ၆၉၂၅၃ | ၇၀၃၇၄ | ၉၈၅၅၀ | ၆၇၅၆၅ | ၃၀၉၈၅ | ၂၅၀၀၅ | ၅၉၈၀ | - | +၂၈၀၉ |
| ၂ | ဒက္ခိဏသီရိမြို့နယ် | ၃၁၆၅၇ | ၈၅၂ | ၂၅ | ၂၃၆၆၀ | ၂၄၅၃၇ | ၃၅၁၅၃ | ၂၄၄၆၅ | ၁၀၆၈၈ | ၁၀၄၈၅ | ၂၀၃ | - | +၇၂ |
| ၃ | ပျဉ်းမနားမြို့နယ် | ၁၃၈၃၅၆ | ၂၃၇၉ | ၂၆ | ၁၀၃၂၂၄ | ၁၀၅၆၂၉ | ၁၅၀၉၄၁ | ၁၀၅၇၆၂ | ၄၅၁၇၉ | ၄၃၁၉၁ | ၁၉၈၈ | - | -၁၃၃ |
| ၄ | လယ်ဝေးမြို့နယ် | ၂၂၁၃၈၈ | ၆၁၃၀ | ၂၅ | ၁၅၃၈၇၉ | ၁၆၀၀၃၄ | ၂၄၅၆၁၁ | ၁၆၄၀၀၇ | ၈၁၅၉၄ | ၈၀၆၂၈ | ၂၇၄ | ၃၀၈ | -၃၉၇၃ |
| ၅ | ဇေယျာသီရိမြို့နယ် | ၈၂၂၁၄ | ၁၈၉၉ | ၆ | ၇၀၁၅၈ | ၇၂၀၆၃ | ၉၀၅၄၉ | ၇၂၀၉၂ | ၁၈၄၅၇ | ၁၈၃၁၃ | ၄၃၈ | ၂၉၄ | -၂၉ |
| ၆ | တပ်ကုန်းမြို့နယ် | ၁၈၀၈၃၈ | ၄၂၈၅ | ၆၃ | ၁၂၈၇၆၅ | ၁၃၃၁၁၃ | ၂၀၄၃၉၈ | ၁၂၉၂၆၈ | ၇၅၁၃၀ | ၆၈၃၇၄ | ၆၈၀၄ | ၄၈ | +၃၈၄၅ |
| ၇ | ပုဗ္ဗသီရိမြို့နယ် | ၉၈၀၇၇ | ၁၄၂၀ | ၄၃ | ၇၇၃၆၁ | ၇၈၈၂၄ | ၁၀၈၉၅၉ | ၇၈၅၇၆ | ၃၀၃၈၃ | ၃၀၃၁၆ | ၉၇၈ | ၉၁၁ | +၂၄၈ |
| ၈ | ဥတ္တရသီရိမြို့နယ် | ၅၈၆၄၉ | ၁၃၁၂ | ၈ | ၄၅၀၀၀ | ၄၆၃၂၀ | ၆၀၅၉၀ | ၄၆၁၅၈ | ၁၄၄၃၂ | ၁၄၁၈၇ | ၂၄၅ | - | +၁၆၂ |
| ၉ | ပျော်ဘွယ်မြို့နယ် | ၂၁၆၆၉၁ | ၄၃၇၅ | ၄၇ | ၁၇၄၄၅၈ | ၁၇၈၈၈၀ | ၂၅၀၅၃၈ | ၁၇၇၅၂၂ | ၇၃၀၁၅ | ၇၀၁၁၇ | ၇၀၂၃ | ၄၁၂၅ | +၁၃၅၈ |
| ၁၀ | ကျောက်တံတားမြို့နယ် | ၂၃၉၈၄ | ၁၈၇ | ၇၈ | ၁၄၉၇၁ | ၁၅၂၃၆ | ၂၆၃၀၄ | ၁၅၀၅၅ | ၁၁၂၄၉ | ၁၁၀၁၉ | ၃၀၆ | ၉၆ | +၁၈၁ |
| ၁၁ | တာဝမ္မမြို့နယ် | ၁၂၇၁၀၇ | ၉၈၁ | ၃၁ | ၈၁၄၀၃ | ၈၂၄၁၅ | ၁၄၀၁၁၄ | ၇၈၇၇၈ | ၆၁၅၅၆ | ၅၅၈၀၄ | ၁၁၇၄၅ | ၅၉၉၃ | +၃၆၃၇ |
| ၁၂ | မိတ္ထီလာမြို့နယ် | ၂၅၉၀၃၀ | ၄၉၅၁ | ၉၅ | ၁၉၆၆၁၃ | ၂၀၁၆၅၉ | ၂၈၆၅၂၄ | ၂၀၄၃၅၈ | ၈၂၁၆၆ | ၇၀၅၁၁ | ၁၂၆၁၂ | ၉၅၇ | -၂၆၉၉ |
| ၁၃ | မဟာအောင်မြေမြို့နယ် | ၁၇၂၇၄၁ | ၉၂၉ | ၂၀ | ၁၂၉၃၀၃ | ၁၃၀၂၅၂ | ၁၇၅၇၇၉ | ၁၂၇၃၆၀ | ၄၈၄၁၉ | ၄၇၄၄၇ | ၈၇၀၅ | ၇၇၁၆ | +၂၈၉၂ |
| ၁၄ | ပုသိမ်ကြီးမြို့နယ် | ၁၉၉၆၁၂ | ၂၉၂၄ | ၈၃ | ၁၄၅၈၅၉ | ၁၄၈၈၆၆ | ၂၀၁၈၃၈ | ၁၄၅၅၅၉ | ၅၆၂၇၉ | ၄၉၅၈၀ | ၈၂၃၉ | ၁၅၄၀ | +၃၃၀၇ |
| | စုစုပေါင်း | ၁၈၉၆၃၈၀ | ၃၃၇၉၇ | ၅၅၈ | ၁၄၁၄၀၀၈ | ၁၄၄၈၃၆၃ | ၂၀၇၆၀၆၅ | ၁၄၃၆၅၁၆ | ၆၃၉၅၄၉ | ၅၉၆၀၀၇ | ၆၅၅၃၀ | ၂၁၉၈၈ | |

# မန္တလေးအဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီး ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်

**မန္တလေး မတ် ၉**

မန္တလေးမြို့အဆင့်မြင့်ဈေးချိုတော်နှင့် တိုက်တန်းကြီး ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုတက်ရောက် အမှာစကားပြောကြားသည်။



အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် ဈေးအကျိုးတော်ဆောင်များ တက်ရောက်ကြသည်။

**ဆွေးနွေးမှာကြား**

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ကိုက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ရှေ့လုပ်ငန်းစဉ် (၅)ရပ်မှ တတိယအချက်ဖြစ်သော ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများကို ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်ဟူသော ရှေ့လုပ်ငန်းစဉ်ကို ချမှတ်ထားပါကြောင်း၊ ချမှတ်ထားသော လုပ်ငန်းစဉ်ပါအတိုင်း မန္တလေးမြို့ရှိ ဈေးများကို ဖွင့်လှစ်ပြီး ပြည်သူများ၏ စီးပွားရေးလုပ်ငန်းများ ပြန်လည် လည်ပတ်နိုင်အောင် ဆောင်ရွက်ရန် ယခုအစည်းအဝေးအားကျင်းပခြင်းဖြစ်ပါကြောင်း၊ ဈေးများဖွင့်နိုင်ရန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဈေးဖွင့်နိုင်ရေး ဆောင်ရွက်ရာတွင် ဝယ်သူအကျိုး၊ ရောင်းသူအကျိုး၊ ထုတ်လုပ်သူအကျိုး၊ ကာယဉာဏဝန်ထမ်းများ၏ အကျိုးကို ရှေးရှုဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဈေးချိုတော် ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အခက်အခဲများရှိပါက တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီမှ ကူညီဖြေရှင်းပေးသွားမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

**ပေါင်းစပ်ညှိနှိုင်း**

၎င်းနောက် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ ဈေးအကျိုးတော်ဆောင်များက လိုအပ်သည်များကို ဆွေးနွေးကြပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အဆိုပါ ဈေးချိုတော်ကြီးအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် ကျန်းမာရေးဆိုင်ရာစည်းကမ်းချက်များနှင့်အညီ မတ် ၂၀ ရက်တွင် ဖွင့်လှစ်နိုင်ရန် လျာထားပြီး မန်းမြန်မာပလာဇာနှင့် ရတနာပုံဈေးတို့ကိုလည်း ဖွင့်လှစ်နိုင်ရေး ဆက်လက်ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**


# မန္တလေးမြို့ရှိ ဆူပူဆန္ဒပြမှုများတွင် အဓိကဦးဆောင်ပါဝင်သော အောင်မှိုင်းဆန်းအား ဖမ်းဆီးအရေးယူ

**နေပြည်တော်  မတ်  ၉**

၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် မန္တလေးမြို့ရှိ ဆူပူဆန္ဒပြမှုများတွင် ဦးဆောင်ပါဝင်သူ အောင်မှိုင်းဆန်းအား ဖမ်းဆီးရမိခဲ့သည်။ အောင်မှိုင်းဆန်းသည် အစိုးရ၏ အုပ်ချုပ်မှုယန္တရားများ ရပ်တန့်စေရန်နှင့် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ထိခိုက်စေရန် ရည်ရွယ်ချက်ဖြင့် မဟာအောင်မြေမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်များတွင် ဖေဖော်ဝါရီ ၈ ရက်မှ ၂၆ ရက်အတွင်း ဆူပူဆန္ဒပြမှုများ၌ စုစုပေါင်း ၁၇ ကြိမ် ကိုယ်တိုင်ဦးဆောင်ပါဝင်ခဲ့ကြောင်း သိရှိရသည်။

အောင်မှိုင်းဆန်းသည် ဖေဖော်ဝါရီ ၁၄ ရက်တွင် ချမ်းအေးသာစံမြို့နယ်ရှိ ဈေးချိုနာရီစင်ရှေ့၌လည်းကောင်း၊ ဖေဖော်ဝါရီ ၂၀ ရက်တွင် ချမ်းမြသာစည်မြို့နယ်ရှိ တရုတ်ကောင်စစ်ဝန်ရုံးရှေ့၌ လည်းကောင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် ချမ်းအေးသာစံမြို့နယ်ရှိ ဒိုင်းမွန်းအရောင်းစင်တာရှေ့၌လည်းကောင်း ပြည်သူများအခွန်မဆောင်ရန်၊ ဝန်ထမ်းများရုံးမတက်ဘဲ CDM ပြုလုပ်ကြရန်နှင့် အသစ်ခန့်အပ်ထားသော အုပ်ချုပ်ရေးမှူးများအား အသိအမှတ်မပြုကြရန် တိုက်တွန်းလှုံ့ဆော် ဟောပြောမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အောင်မှိုင်းဆန်းအား မတ် ၃ ရက်တွင် မဟာအောင်မြေမြို့နယ် အမှတ်(၉)နယ်မြေရဲစခန်း၌ နိုင်ငံသားအစုအဖွဲ့ကိုဖြစ်စေ၊ အများပြည်သူကိုဖြစ်စေ ကြောက်ရွံ့စေလျှင် သို့မဟုတ် ကြောက်ရွံ့စေရန် ကြံရွယ်ခဲ့သောကြောင့် ရာဇသတ်ကြီးဥပဒေပုဒ်မ-၅၀၅(က)ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီးဖြစ်သည်။



အောင်မှိုင်းဆန်း၏ ထွက်ဆိုချက်အရ ဆူပူဆန္ဒပြမှုများတွင် ဦးဆောင်ပါဝင်လှုပ်ရှားနေသည့် ဆက်စပ်တရားခံ ၂၃ ဦးအား အမှုဖွင့်ဖမ်းဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ တရားခံ ၂၃ ဦးမှာ-

(က) တေဇာဆန်း(ချမ်းမြသာစည်မြို့နယ်)
(ခ) စိုးမိုးနိုင် (ခ) ဒိန်းဒေါင်(ချမ်းအေးသာစံမြို့နယ်)
(ဂ) ရဲရင့်ကျော်(မဟာအောင်မြေမြို့နယ်)
(ဃ) သန်းထိုက်(ချမ်းအေးသာစံမြို့နယ်)
(င) အောင်ဇော်ဦး(မဟာအောင်မြေမြို့နယ်)
(စ) အိမွန်ခင်(ရတနာပုံတက္ကသိုလ်)
(ဆ) တွတ်ပီ(ပုသိမ်ကြီးမြို့နယ်)
(ဇ) မြတ်သူ (ခ) မြတ်သူရအောင်(အောင်မြေသာစံမြို့နယ်)
(ဈ) အောင်မင်းခန့်(ပြည်ကြီးတံခွန်မြို့နယ်)
(ည) ဒေါ်ခင်သန်းမြင့်(အောင်မြေသာစံမြို့နယ်)
(ဋ) ဦးခင်မောင်သိန်း(အောင်မြေသာစံမြို့နယ်)
(ဌ) ဦးကောသံလ(ဗားကရာကျောင်းတိုက်၊ အမရပူရမြို့နယ်)
(ဍ) ဦးအာစာရ(မြတောင်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်)
(ဎ) ဦးရေဝတ(အမယ်ဆိုင်ကျောင်းတိုက်၊ ချမ်းအေးသာစံမြို့နယ်)
(ဏ) ခိုင်မင်း(စဉ့်ကိုင်မြို့နယ်)
(တ) မျိုးဝင်း(ပုသိမ်ကြီးမြို့နယ်)
(ထ) သိန်းအောင်မြင့်(မဟာအောင်မြေမြို့နယ်)
(ဒ) ဖိုးဇေယျာ(မဟာအောင်မြေမြို့နယ်)
(ဓ) ဇော်ဇော်လတ်(မဟာအောင်မြေမြို့နယ်)
(န) ပွင့်ဖြူလတ်(ချမ်းအေးသာစံမြို့နယ်)
(ပ) ဇော်မိုးကျော်(မဟာအောင်မြေမြို့နယ်)
(ဖ) ဒေါ်မြင့်မြင့်ခိုင်(အောင်မြေသာစံမြို့နယ်)
(ဗ) ရန်နိုင်မင်း(မဟာအောင်မြေမြို့နယ်) တို့ဖြစ်ကြောင်း သိရှိရသည်။

မိဘပြည်သူများအနေဖြင့် အဆိုပါ ဆက်စပ်တရားခံ ၂၃ ဦးအား ဝိုင်းဝန်းဖမ်းဆီးနိုင်ပါရန်နှင့် တွေ့ရှိပါက နီးစပ်ရာနယ်မြေခံတပ်၊ ရဲစခန်းများသို့ အကြောင်းကြားပေးပါရန်၊ လက်ခံထားသူများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာထားသည်။ **သတင်းစဉ်**

## ရွှေပြည်သာမြို့နယ်ရှိ ''စု''အသက်မွေးဝမ်းကျောင်းသိပ္ပံအား လုံခြုံရေးအရစစ်ဆေးရန် ဆောင်ရွက်စဉ် သင်တန်းတာဝန်ခံတစ်ဦး နေအိမ်အပေါ်ထပ်မှ ခုန်ချထွက်ပြေးရာမှ သေဆုံးမှုဖြစ်ပွား

**နေပြည်တော်  မတ်  ၉**


နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လုံခြုံရေးဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်အတွင်း နယ်မြေလုံခြုံရေးအတွက် လှည့်ကင်းလှည့်လည်ဆောင်ရွက်လျက်ရှိသော လုံခြုံရေးပူးပေါင်းအဖွဲ့သည် မတ် ၈ ရက် ည ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် အမှတ်(၁၂)ရပ်ကွက် နှင်းဆီလမ်း အမှတ်(၅၁၂)ရှိ ''စု'' အသက်မွေးဝမ်းကျောင်းသိပ္ပံရှေ့သို့အရောက်၌ မသင်္ကာဖွယ်တွေ့ရှိသဖြင့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၃ ပုဒ်မခွဲ (ဆ)အရ စစ်ဆေးနိုင်ရန် ဆောင်ရွက်ခဲ့ရာ သင်တန်းတာဝန်ခံ ဦးဇော်မြတ်လင်း(၄၄)နှစ်က တံခါးဖွင့်ပေးခြင်းမရှိဘဲ နေအိမ်မီးများပိတ်၍ အိမ်အပေါ်ထပ်သို့ တက်ပြေးသွားခဲ့ပြီး နေအိမ်အပေါ်ထပ်မှ အိမ်အနောက်ဘက်သို့ ခုန်ချထွက်ပြေးစဉ် ခြံစည်းရိုးတွင် ထောင်ထားသော နှစ်လက်မခန့်ရှိ စတီးပိုက်ပေါ်သို့ မှောက်လျက်ကျသဖြင့် ဝမ်းဗိုက်ပေါက်ပြဲဒဏ်ရာရရှိခဲ့သည်။

ထိုသို့ဖြစ်ပွားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဦးဇော်မြတ်လင်းအား မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီးသို့ အမြန်ဆုံးပို့ဆောင်ပေးခဲ့သော်လည်း ဦးဇော်မြတ်လင်းမှာ ရရှိဒဏ်ရာဖြင့် သေဆုံးခဲ့ကြောင်း သိရှိရပြီး သေဆုံးမှုနှင့်ပတ်သက်၍ ရွှေပြည်သာမြို့မရဲစခန်း၌ သေမှုသေခင်း ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မူဆယ်မြို့နယ်အတွင်း လက်ပစ်ဗုံးသယ်ဆောင်လာသူတစ်ဦးအား ဖမ်းဆီးရမိ

**နေပြည်တော်  မတ်  ၉**



ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့နယ်အတွင်း လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့ ဟိုနားရပ်ကွက် ခရိုင်ပြည်သူ့ဆေးရုံသစ်အနီး မြို့ရှောင်လမ်းဘေး၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်စဉ် ယနေ့နံနက် ၁၀ နာရီခွဲခန့်တွင် မြို့ရှောင်လမ်းအတိုင်း OHC တိုးဂိတ်ဘက်သို့ လမ်းလျှောက်လာသူအား မသင်္ကာ၍ စစ်ဆေးခဲ့ရာ ကျုံစင်ဟိုက်(ဘ) ဦးတုန်ယုလင် မူဆယ်မြို့နေသူဖြစ်ပြီး ၎င်း၏ အနွေးထည်အင်္ကျီအတွင်းမှ ကြိုးဆွဲလက်ပစ်ဗုံးတစ်လုံး၊ ဓားတစ်ချောင်း၊ ဆိုင်ကယ်သော့ဖွင့်ရာတွင် အသုံးပြုသော သုံးမြောက်ခွသော့အတုတစ်ချောင်းတို့နှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူနှင့် သိမ်းဆည်းရမိ ပစ္စည်းများအား မူဆယ်မြို့မရဲစခန်းသို့ စနစ်တကျလွှဲပြောင်းအပ်နှံပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မင်္ဂလာဒုံမြို့နယ်၌ ဆန္ဒပြလူစုလူဝေးဖြစ်ပွားမှုအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲ

**နေပြည်တော်  မတ်  ၉**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် (၂/က)ရပ်ကွက် ခရေပင်လမ်းမကြီးနှင့် သပြေပင်လမ်းထိပ်၌ အင်အား ၅၀၀၀ ခန့်ဖြင့် မတ် ၈ ရက် ည ၁၁ နာရီ မိနစ် ၄၀ ခန့်တွင် ခရေပင်လမ်းမကြီးအား အတားအဆီးပြုလုပ်၍ ပိတ်ဆို့ဆန္ဒဖော်ထုတ်နေသဖြင့် ည ၁၁ နာရီ ၄၅ မိနစ်ခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လူစုခွဲရန် ညှိနှိုင်းဖြေလျှော့ခဲ့သော်လည်း ဆက်လက်ဆန္ဒထုတ်ဖော်နေသဖြင့် ၁၂ ဗို့ကျည် ၈၂ တောင့်၊ Sound Six Bang ၁၅ လုံး၊ မျက်ရည်ယိုဗုံး ၂၅ လုံး၊ ၉ မမကျည်တောင့် ၃၄၀၊ ၇ ဒသမ ၆၂ ကျည် ၁၁ တောင့်တို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရာ ယနေ့နံနက် ၁ နာရီခန့်တွင် လူစုကွဲသွားခဲ့ပြီး ဆန္ဒဖော်ထုတ်သူများအနက်မှ စိုးမင်း(ဘ)ဦးမြသောင်း (၂/က)ရပ်ကွက် မင်္ဂလာဒုံမြို့နယ်နေသူတွင် ယာလက်မောင်းသွေးထွက်ဒဏ်ရာ(မစိုးရိမ်ရ)၊ ကိုမျိုးတွင် ဝဲတင်ပါးသွေးထွက်ဒဏ်ရာ(မစိုးရိမ်ရ) ရရှိခဲ့သဖြင့် မင်္ဂလာဒုံမြို့နယ်ရှိတပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀)သို့ပို့ဆောင်ကုသပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လူငယ်များအား အသုံးချမှု ရပ်တန်းက ရပ်ကြပါ

ကိုပြည့်

"ဘဝဆိုတာ အချိန်တွေနဲ့ ဖွဲ့စည်းထားတာ၊ အချိန်ကို တန်ဖိုးရှိအောင် အသုံးချမှ တန်ဖိုးရှိတဲ့ဘဝ ဖြစ်လာနိုင်တာ" ဆိုတဲ့ စာကြောင်းလေး စာရေးဆရာ ဆရာအောင်သင်း ရေးသားထားတာကို ဖတ်ရှုမှတ်သားခဲ့ဖူးတယ်။ မြန်မာနိုင်ငံမှာလည်း အချိန်ကိုတန်ဖိုးရှိစွာ အသုံးချတတ်တဲ့၊ အသုံးချနေမယ့်လူငယ်တွေ များများရှိဖို့ လိုအပ်နေချိန်လည်း ဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံရဲ့အနာဂတ်ကို ဦးဆောင်ကြမယ့် လူငယ်တွေကို လက်ဆင့်ကမ်းပေးကြရမယ့် လူကြီးတွေရဲ့ လုပ်ဆောင်ချက်ကလည်း အဓိကကျလျက်ရှိပါတယ်။

ရိုးသားဖြူစင်တဲ့ လူငယ်တွေကို မြင့်မားတဲ့ဘဝ၊ အေးချမ်းလုံခြုံတဲ့နေရာတွေ ရောက်ရှိဖို့ ရှေ့ဆောင်လမ်းပြသွန်သင်ဆုံးမဖို့ရာ အဓိကတာဝန်ရှိတာက မိဘ၊ ဆရာသမား၊ မိတ်ကောင်းဆွေကောင်းတွေပဲ မဟုတ်လား။ မြန်မာနိုင်ငံရဲ့ လတ်တလော ဖြစ်စဉ်တွေမှာ အတ္တနဲ့ အစွဲသာ ရှေ့တန်းမထားဘဲ အမှန်မြင်အောင်ကြည့်ပါက ဥပဒေမဲ့ လုပ်ရပ်တွေကို လမ်းပေါ်ထွက်ပြီး လုပ်လာစရာအကြောင်းကိစ္စမျိုး လုံးဝမရှိပါဘူး။ ဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ မြန်မာနိုင်ငံမှာလည်း ပြည်သူတွေရဲ့ ဆန္ဒသဘောထားအသီးသီးကို ဘယ်သူ့ကိုမှ မထိခိုက်စေဘူးဆိုရင် သတ်မှတ်စည်းကမ်းများနဲ့အညီ ဆန္ဒထုတ်ဖော်ခွင့်ရရှိနေတာ အများအသိပါပဲ။

### ဒီမိုကရေစီစံနှုန်း

ဒီမိုကရေစီစံနှုန်းနဲ့အညီ လွတ်လပ်စွာ ပြောဆိုခွင့်၊ ဆန္ဒထုတ်ဖော်ခွင့်၊ စည်းရုံးလှုပ်ရှားခွင့်တွေကို နှစ်သက်သဘောကျစွာ ပြုလုပ်နေကြပေမယ့် လိုက်နာကျင့်သုံးရမယ့် ဒီမိုကရေစီစံနှုန်းတွေကိုကျ မေ့နေကြသူက ခပ်များများ။ ဒီမိုကရေစီဆိုတာ စည်းကမ်းရှိမှု၊ သာတူညီမျှရှိမှု၊ ကိုယ်ကျင့်တရားကောင်းမွန်မှု၊ ပူးပေါင်းဖွဲ့စည်းမှု၊ နိုင်ငံကြီးသားပီသမှု၊ ဘာသာတရားကိုင်းရှိုင်းမှု၊ စွမ်းရည်သတ္တိရှိမှု၊ ခေါင်းဆောင်ပီသမှု၊ တက်ကြွဖျတ်လတ်မှု စသည်တို့နဲ့ ဟန်ချက်ညီမှသာ အနှစ်သာရ ပြည့်ဝတဲ့ ဒီမိုကရေစီကို ခံစားကြရမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီမှာ အရေးကြီးဆုံးက စည်းကမ်းရှိမှုပါပဲ။ စည်းကမ်းဆိုတာက စည်းနဲ့ကမ်းကို ပေါင်းစပ်ထားတာပဲလို့ အလွယ်ပြောလို့ရသော်လည်း အရံအတား အကန့်အသတ်ဘောင်ဖြစ်တဲ့ "စည်း"နဲ့ လှိုင်းတံပိုးလွတ်ကင်းရာအရပ် "ကမ်း" ဆိုပြီး အဓိပ္ပာယ်ဖွင့်ဆိုနိုင်ပါသေးတယ်။ ဒါကြောင့် သတ်မှတ်ထားတဲ့၊ ချမှတ်ထားတဲ့၊ ကန့်သတ်ထားတဲ့အရာများကို မကျူးလွန်မဖောက်ဖျက်စေရန် စည်းကမ်းဆိုတာ ချမှတ်ထားတာဖြစ်ပြီး လူသားတိုင်းကလည်း လေးစားလိုက်နာနေမှ "စည်းကမ်းဟူသည် လူ့တန်ဖိုး" ဆိုတဲ့ စကားနဲ့အညီ "လူသားတိုင်းလည်း တန်ဖိုး"ရှိနေမှာ ဖြစ်ပါတယ်။

ဒီမိုကရေစီစနစ်ကျင့်သုံးနေတဲ့ မြန်မာနိုင်ငံမှာ စည်းကမ်းကို ကောင်းစွာ လိုက်နာကျင့်သုံးဖို့က အရေးကြီးပါတယ်။ လက်ရှိကာလမှာ စည်းကမ်းမဲ့ လမ်းပေါ်ထွက်ပြီး ဆူပူဆန္ဒပြနေကြတဲ့ အဖွဲ့တွေကို ကြည့်လိုက်ရင် အများစုက လူငယ်တွေ ဖြစ်နေကြတာကို တွေ့ရမှာ ဖြစ်ပါတယ်။ တိုင်းပြည်အတွက် အကျိုးရှိမယ့် တာဝန်နဲ့ ဝတ္တရားတွေကိုထမ်းရွက်ဖို့ အရာမှာတော့ စိတ်ပါဝင်စားမှုမရှိဘဲ ဖျက်လိုဖျက်ဆီး လုပ်ရပ်နဲ့ စည်းကမ်းဘောင်အပြင်က လုပ်ရပ်မျိုးတွေမှာတော့ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်နေကြတာကလည်း ကောင်းတဲ့လက္ခဏာ မဟုတ်ပါဘူး။ လူငယ်တွေအနေနဲ့ ကိုယ်တိုင်လည်း နားလည်မှုမရှိ၊ နားလည်အောင်လည်း ကြိုးစားမှုမရှိဘဲ လူမှုကွန်ရက်မှ ရေးသားထားမှုများကို အဟုတ်ထင်ကာ တလွဲမာန်နဲ့ လမ်းပေါ်ထွက် ဆန္ဒပြ ဆူပူအုံကြွဖျက်ဆီးနေတာကလည်း ဒီမိုကရေစီစံနှုန်းတွေနဲ့ ကိုက်ညီမှုမရှိဘဲ စည်းကမ်းမလိုက်နာခြင်းကြောင့် ရလာမယ့်အကျိုးဆက်က နာကျင်ခြင်း၊ ထိခိုက်ခြင်း၊ ကြေကွဲဝမ်းနည်းခြင်းတွေနဲ့ အဆုံးသတ်မှုဆိုတာကို အသိသတိရှိဖို့လိုပါတယ်။

ဆန္ဒပြအဖွဲ့ထဲ လိုက်ပါနေတဲ့ စက်ရုံဝန်ထမ်းတစ်ဦးက "ကျွန်တော်တို့ကို CDM အတွက်ဆိုရင် ဆန္ဒထွက်ပြလို့ရတယ်၊ အလုပ်ကို မလာလည်း ရတယ်"ဆိုပြီး သူ့ရဲ့ ဆန္ဒပြပွဲမှာ ပါဝင်ရခြင်းအကြောင်းကို ပြောပြလို့ သိလိုက်ရတယ်။ "မင်းကွာ ကိုယ့်အလုပ်ကိုသာ သွားစမ်းပါ၊ မင်းတို့ အလုပ်မသွားလို့ စက်ရုံက မလည်ပတ်နိုင်ဘဲ စက်ရုံပိတ်ပစ်လိုက်ရရင် အလုပ်ပြုတ်ပြီး ဒုက္ခရောက်မှာက မင်းတို့ အလုပ်ရုံဝန်ထမ်းတွေပဲ"လို့ ပြောတဲ့အခါမှာတော့ "အလုပ်ရှင်က စက်ရုံပိတ်ရလည်း ကျွန်တော်တို့ကို ထမင်းကျွေးထားမယ်တဲ့၊ စိတ်မပူနဲ့"တဲ့။

> **ဒီလိုမျိုး နိုင်ငံပျက်စီးရာပျက်စီးကြောင်း၊ ဝန်ထမ်းအလုပ်သမားတွေ ပျက်စီးရာပျက်စီးကြောင်း နောက်ကွယ်က ပြုလုပ်နေကြတဲ့ အလုပ်ရှင်တွေ ဘယ်လောက်များရှိနေမလဲဆိုတာ တွေးမိရင်း "မင်းတို့ တစ်ပတ်ကို တစ်ရက် နားရချိန်မှာတောင် ခွင့်တစ်ရက်ယူရင်၊ နေ့တစ်ဝက်လောက်လေး နားရင်တောင် မင်းတို့ အလုပ်ရှင်က လစာကို မညှာမတာ ဖြတ်ခဲ့တာကွာ၊ စက်ရုံကြီး ပိတ်သွားရင်တောင် ထမင်းကျွေးထားမယ် ဆိုတဲ့စကား ဖြစ်နိုင်ပါ့မလား"လို့ ပြောလိုက်သော်လည်း လူငယ်ပီပီ ဖက်ရှင်ကျကျဝတ်ပြီး နေ့စဉ် လူစုလူဝေးနဲ့ အော်ဟစ်နေရတာကို အကြိုက်တွေ့နေတဲ့ လေသံနဲ့ "မသိဘူးဗျာ၊ သူများတွေ ထွက်နေသရွေ့ ကျွန်တော်လည်း ထွက်ဦးမယ်၊ အလုပ်ပြုတ်လည်း ပြုတ်ပါစေ" ဆိုပြီး ဘဝကို ခပ်လွယ်လွယ်လို့ ထင်နေတဲ့ လူငယ်တွေကကော ဒီဆန္ဒပြလူအုပ်ကြီးထဲ ဘယ်လောက်များ ပါဝင်နေမလဲ။ စဉ်းစားရင်းနဲ့ သက်ပြင်းသာ အခါခါချမိရတယ်။**

### သက်ပြင်းသာ အခါခါချမိ

ဒီလိုမျိုး နိုင်ငံပျက်စီးရာ ပျက်စီးကြောင်း၊ ဝန်ထမ်းအလုပ်သမားတွေ ပျက်စီးရာပျက်စီးကြောင်း နောက်ကွယ်က ပြုလုပ်နေကြတဲ့ အလုပ်ရှင်တွေ ဘယ်လောက်များရှိနေမလဲဆိုတာ တွေးမိရင်း "မင်းတို့ တစ်ပတ်ကို တစ်ရက်နားရချိန်မှာတောင် ခွင့်တစ်ရက် ယူရင်၊ နေ့တစ်ဝက်လောက်လေး နားရင်တောင် မင်းတို့ အလုပ်ရှင်က လစာကို မညှာမတာ ဖြတ်ခဲ့တာကွာ၊ စက်ရုံကြီး ပိတ်သွားရင်တောင် ထမင်းကျွေးထားမယ်ဆိုတဲ့ စကား ဖြစ်နိုင်ပါ့မလား" လို့ ပြောလိုက်သော်လည်း လူငယ်ပီပီ ဖက်ရှင်ကျကျဝတ်ပြီး နေ့စဉ် လူစုလူဝေးနဲ့ အော်ဟစ်နေရတာကို အကြိုက်တွေ့နေတဲ့ လေသံနဲ့ "မသိဘူးဗျာ၊ သူများတွေ ထွက်နေသရွေ့ ကျွန်တော်လည်း ထွက်ဦးမယ်၊ အလုပ်ပြုတ်လည်း ပြုတ်ပါစေ"ဆိုပြီး ဘဝကို ခပ်လွယ်လွယ်လို့ထင်နေတဲ့ လူငယ်တွေကကော ဒီဆန္ဒပြလူအုပ်ကြီးထဲ ဘယ်လောက်များ ပါဝင်နေမလဲ။ စဉ်းစားရင်းနဲ့ သက်ပြင်းသာ အခါခါချမိရတယ်။

ကိုဗစ်-၁၉ ကြောင့် စီးပွားရေးလုပ်ငန်းတွေ၊ အလုပ်ရုံ၊ စက်ရုံတွေဟာ အထိုက်အလျောက် ထိခိုက်နစ်နာမှုတွေ ရှိလာနေချိန်မှာ ဝန်ထမ်းအလုပ်သမားဦးရေ လျှော့ချပြန်ရင်လည်း ပေးရမယ့်လျော်ကြေးကို ရှောင်ချင်တာကြောင့် ခုလိုဆန္ဒပြပွဲတွေနဲ့ ကြုံလာတဲ့အခါမှာ အလုပ်သမားဝန်ထမ်းတွေကို လမ်းမတွေပေါ်တွန်းပို့ကြပြီး အလုပ်ဖြုတ်လို့ရမယ့်ခေါင်းစဉ်ကို ရွေးချယ်ခဲ့တဲ့ အလုပ်ရှင်တွေရဲ့ စိတ်သဘောထားကို အမှန်မမြင်တဲ့ အလုပ်သမားဝန်ထမ်းတွေဟာ ဆန္ဒပြပွဲမှာ ပါဝင်အားဖြည့်တဲ့ သူတို့ရဲ့လုပ်ရပ်က တိုင်းပြည်အတွက် တကယ်အားဖြစ်မယ်လို့ ထင်နေကြသော်လည်း လက်တွေ့မှာတော့ အလုပ်ပြုတ်ရင် အလုပ်ထပ်ရှာဖို့ ရှန်းကန်ကြရဦးမယ်ဆိုတာကို တွေးမိကြပုံမရှိဘူး။

Civil Disobedience Movement(CDM) ပြုလုပ်ကြတဲ့ကိစ္စနဲ့ ပတ်သက်ပြီး "မီတာခတွေ လာမကောက်ဘူး၊ CDM လုပ်တဲ့သူတွေ အောင်မြင်သွားတာလား" ဆိုပြီး ပြောနေကြတာကို တွေ့ရတယ်။ မီတာစာရေး မီတာလာမဖတ်တာနဲ့ CDM အောင်မြင်တာနဲ့ လားလားမှ မဆိုင်ချေ။ မီတာစာရေးဆိုတာ စက်ဘီးတို့ ဆိုင်ကယ်တို့နဲ့ ရပ်ကွက်အနှံ့၊ အိမ်ကြိုအိမ်ကြား သွားလာနေရတာကြောင့် အမိန့်မှန်သမျှ ဖီဆန်ကြဆိုတဲ့ နိမ့်ကျတဲ့အတွေးအခေါ်ရှိသူတွေရဲ့ ရန်လိုမှုကနေ ရှောင်ရှားနိုင်ဖို့ ဒီလိုအချိန်ကာလမှာ မီတာဖတ်နိုင်မှာ မဟုတ်ဘူးဆိုတာတော့ လျှပ်စစ်မီး သုံးစွဲသူတိုင်းက အသိရှိထားဖို့လိုတယ်။ သုံးသလောက်ဆောင်ရမယ့် မီတာခဟာ ဘယ်လမှာပဲ မီတာလာဖတ်ဖတ် သုံးစွဲထားတဲ့ ယူနစ်အလိုက် ကျသင့်တဲ့ မီတာခကို ပေးကိုပေးဆောင်ရမှာပဲ။

CDM မှာ ပါဝင်ဖို့ တိုက်တွန်းလှုံ့ဆော်သူတွေဟာ အခြေအမြစ်ကို မလေ့လာ၊ အမှန်နဲ့အမှားကို ခွဲခြားခြင်း မပြုနိုင်ကြဘဲ အမှောင်စိတ်ရဲ့ ဖုံးလွှမ်းမှုကြောင့် လက်တွေ့ဘဝ အမှန်တရားနဲ့ ဝေးကွာလာကြတာပါပဲ။ အဝီစိရေတွင်းနဲ့ ဆိုလာမီးနဲ့ နေထိုင်ရသူတွေသာ မဟုတ်ဘူးဆိုရင် CDM ကြောင့် ကြုံတွေ့ရမယ့် ခက်ခဲမှုပြဿနာတွေကို စဉ်းစားကြည့်စေချင်တယ်။ CDM ကြောင့် ရေပေးဝေမှုတွေ၊ လျှပ်စစ်မီးလွှတ်မှုတွေ ရပ်တန့်သွားခဲ့ရင် သုံးဖို့၊ ချိုးဖို့ ရေ၊ ဖုန်းတို့၊ တက်ဘလက်တို့အတွက် ဘက်ထရီ၊ ဘယ်လောက်များ ခက်ခဲလိုက်ကြမလဲ။ မီးစက်နဲ့ ရတာပဲဆိုတာ ခဏတာ အလွယ်သဘောပြောလို့ရနိုင်ပေမယ့် တကယ့်လက်တွေ့မှာ တွေးကြည့်တာထက် ခက်ခဲမှုတွေ ဖြစ်လာမှာက အများကြီး။

> **CDM မှာ ပါဝင်ဖို့ တိုက်တွန်းလှုံ့ဆော်သူတွေဟာ အခြေအမြစ်ကို မလေ့လာ၊ အမှန်နဲ့ အမှားကို ခွဲခြားခြင်း မပြုနိုင်ကြဘဲ အမှောင်စိတ်ရဲ့ ဖုံးလွှမ်းမှုကြောင့် လက်တွေ့ဘဝ အမှန်တရားနဲ့ ဝေးကွာလာကြတာပါပဲ။ အဝီစိရေတွင်းနဲ့ ဆိုလာမီးနဲ့ နေထိုင်ရသူတွေသာ မဟုတ်ဘူးဆိုရင် CDM ကြောင့် ကြုံတွေ့ရမယ့် ခက်ခဲမှု ပြဿနာတွေကို စဉ်းစားကြည့်စေချင်တယ်။ CDM ကြောင့် ရေပေးဝေမှုတွေ၊ လျှပ်စစ်မီးလွှတ်မှုတွေ ရပ်တန့်သွားခဲ့ရင် သုံးဖို့၊ ချိုးဖို့ ရေ၊ ဖုန်းတို့၊ တက်ဘလက်တို့အတွက် ဘက်ထရီ၊ ဘယ်လောက်များ ခက်ခဲလိုက်ကြမလဲ။ မီးစက်နဲ့ ရတာပဲဆိုတာ ခဏတာ အလွယ်သဘော ပြောလို့ရနိုင်ပေမယ့် တကယ့်လက်တွေ့မှာ တွေးကြည့်တာထက် ခက်ခဲမှုတွေ ဖြစ်လာမှာက အများကြီး။**

လက်ရှိ ဘဏ်ဝန်ထမ်းတွေကို အလုပ်မသွားဖို့၊ ဘဏ်တွေမဖွင့်ဖို့ ပြုလုပ်နေကြသူတွေကြောင့် လတ်တလော အခက်အခဲ ကြုံတွေ့နေရသူတွေက ပြည်သူတွေပဲ။ တဖြည်းဖြည်းနဲ့ ထပ်ပြီး ဒုက္ခရောက်လာမှာက ဘဏ်ဝန်ထမ်းတွေရဲ့ လစာကိစ္စ။ ဘဏ်မလည်ပတ်နိုင်တဲ့ ဘဏ်တစ်ခုဟာ ဝန်ထမ်းတွေကို လစာအပြည့် ထုတ်ပေးနိုင်ဖို့၊ အလုပ်နေရာ ခန့်ထားနိုင်ဖို့ဆိုတာ ဖြစ်နိုင်ခြေရှိတဲ့ ကိစ္စမဟုတ်တာကြောင့် မိသားစုအတွက် ရှင်သန်နေရတဲ့ ဘဏ်ဝန်ထမ်းတွေအနေနဲ့လည်း အထူးစဉ်းစားချင့်ချိန်ကြဖို့ လိုအပ်ပါတယ်။

ဒါကြောင့် လူသားတွေဟာ လူများကို အကျိုးပြုနိုင်ဖို့၊ လူအများရဲ့လေးစားမှုကို ခံယူထိုက်ဖို့ဆိုရင် မိမိကိုယ်မိမိ လိုက်နာရမယ့် စည်းကမ်းကို ချမှတ်ရမှာဖြစ်ပြီး အထူးလိုက်နာဖို့လည်း လိုအပ်ပါတယ်။ အဲဒါက "လုပ်သင့်တာကို လုပ်သင့်တဲ့အချိန်မှာ မိမိစိတ်ထဲမှာ လုပ်ချင်သည်ဖြစ်စေ၊ မလုပ်ချင်သည်ဖြစ်စေ လုပ်ဖြစ်အောင်ကို လုပ်ရမှာဖြစ်ပြီး မလုပ်သင့်တဲ့ အလုပ်ကိုလည်း လုံးဝမလုပ်ဖြစ်အောင် ရှောင်ကြဉ်တာ"ပဲ ဖြစ်ပါတယ်။

အလုပ်တာဝန်လည်းရှိပြီး ဝင်ငွေလည်း ရရှိနေသူတစ်ဦးဟာ ကိုယ့်ရဲ့အလုပ်တာဝန်တွေကနေ ရှောင်ဖယ်ပြီး နိုင်ငံဆူပူမှုဖြစ်စေဖို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ပါဝင်နေမိပြီဆိုရင် မနက်ဖြန်ကစပြီး အမှန်ပြင်ဖို့ အချိန်ကောင်းပါပဲ။ မအောင်မြင်မှန်းသိနေတဲ့ CDM ကို ဆင်ခြေဆင်လက်တွေ များစွာပေးပြီး CDM အကြောင်းပြကာ ဆူပူဆန္ဒပြမှုတွေ ဆက်လက်ပြုလုပ်နေရင် အကြောင်းပြချက်ကောင်းတွေဖြစ်လာမှာမဟုတ်ဘဲ ဆိုးကျိုးတွေကိုသာ ရရှိခံစားကြရမယ်ဆိုတာကိုလည်း သတိချပ်သင့်ပါတယ်။

"အသက်ကို ဉာဏ်စောင့်" ဆိုသကဲ့သို့ ဥပဒေဘောင်အတွင်း စည်းကမ်းရှိစွာ နေထိုင်ကြခြင်းဖြင့် နောင်မှတကြရတဲ့ နောင်တမျိုးတွေ ထပ်မဖြစ်အောင် လူငယ်တွေရဲ့ အနာဂတ်လှပအောင်မြင်ရေးကို လက်ဆင့်ကမ်းပေးနေကြတဲ့ မိဘတိုင်း၊ ဆရာသမားတိုင်း၊ မိတ်ကောင်းဆွေကောင်းတိုင်းမှာ တာဝန်ရှိနေတာကြောင့် လမ်းပေါ်ထွက် ဆူပူဆန္ဒပြရင်း တန်ဖိုးရှိတဲ့လူငယ်တွေရဲ့ အချိန်တွေ၊ ဘဝတွေ မကုန်ဆုံးစေရေးအတွက် လူငယ်ဆိုတဲ့ လူ့အရင်းအမြစ်ကို အချိန်မီ ထိန်းကျောင်းပေးနိုင်ကြပါရန် တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

# ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများကို Modular Trailer ဖြင့် ဆီမီးခုံဆိပ်ကမ်းမှ နေပြည်တော်သို့ စတုတ္ထအကြိမ် ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာအခမ်းအနား ကျင်းပ

**နေပြည်တော် မတ် ၉**

နေပြည်တော်တွင် တည်ထားကိုးကွယ်မည့် ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများကို Modular Trailer ဖြင့် ဆီမီးခုံဆိပ်ကမ်းမှ တည်ထားကိုးကွယ်မည့် နေပြည်တော်ကောင်စီနယ်မြေသို့ စတုတ္ထအကြိမ် ပင့်ဆောင်ပူဇော်ခြင်း မဟာမင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် ဆီမီးခုံကျေးရွာအနီး၌ ကျင်းပသည်။



**ကြွရောက်တော်မူ**

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဘဒ္ဒန္တမာဏိတ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ငါန်းဇွန်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် ပရိတ်တရားတော်များကို တက်ရောက်လာကြသူများက နာယူကြည်ညိုကြသည်။

ဆက်လက်၍ ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော် အစိတ်အပိုင်းများအား ဆရာတော်ကြီးများ၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြသည်။

ထို့နောက် ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဆင်းတုတော်နှင့် ပလ္လင်တော်အစိတ်အပိုင်းများအား ပင့်ဆောင်ရန်အတွက် လုံခြုံရေးအဖွဲ့ဝင်များနှင့် ယာဉ်မောင်းများ နေရာယူခြင်း၊ ဥပါသကာများနှင့် ဝတ်အသင်းများ နေရာယူခြင်းတို့ကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ကြပြီး ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော် လောင်းလျာပင်မကျောက်တော်ကြီးမှ ပလ္လင်တော်အပိုင်း(၂)၊ ပလ္လင်တော်အပိုင်း(၁/၂)အရန် စုစုပေါင်း နှစ်တုံးတင်ဆောင်ထားသည့် Modular Trailer များသည် မင်္ဂလာအချိန်တွင် စတင်ပင့်ဆောင်ထွက်ခွာတော်မူကြရာ ငါန်းဇွန်မြို့နယ် သံဃနာယကဥက္ကဋ္ဌ ဆရာတော်ကြီး၊ တိုင်းမှူးနှင့် တက်ရောက်လာကြသည့် ဧည့်ပရိသတ်အပေါင်းတို့က လက်ဆယ်ဖြာဦးထိပ်ထား၍ ကြည်ညိုကြသည်။

ယင်းနောက် ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနား အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်မှစစ်ရေယာဉ်(တပင်ရွှေထီး)ဖြင့် အိန္ဒိယနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ရေလုပ်သားများအား ပြန်လည်ခေါ်ဆောင်၍ မြန်မာနိုင်ငံသို့ ခုတ်မောင်းလျက်ရှိ

**နေပြည်တော် မတ် ၉**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသည့် ကာလအတွင်း နိုင်ငံရပ်ခြားတွင် ကာလရှည်ကြာစွာ ပြန်လာရန် အခက်အခဲကြုံတွေ့နေရသည့် ပြည်ပရောက် မြန်မာနိုင်ငံသား ရေလုပ်သားများအား အမြန်ဆုံးပြန်လည်ခေါ်ယူနိုင်ရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား ခေါ်ဆောင်ရန် တပ်မတော်(ရေ)မှ ဗိုလ်မှူးကြီး ကျော်လင်းဇော် ဦးဆောင်သော စစ်ရေယာဉ်(တပင်ရွှေထီး)သည် မတ် ၆ ရက်တွင် ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ခံတံတား (သီလဝါ)မှ အိန္ဒိယနိုင်ငံသို့ စတင်ထွက်ခွာခဲ့သည်။

မြန်မာ့တပ်မတော်မှ စစ်ရေယာဉ်(တပင်ရွှေထီး) သည် အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းရှိ ပို့ဘလဲယား (Port Blair) ရေတပ်ဆိပ်ကမ်းသို့ မတ် ၇ ရက် မွန်းလွဲပိုင်းတွင် ရောက်ရှိခဲ့ပြီး မတ် ၈ ရက်တွင် အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်းတွင် အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ကရင်လူမျိုး ၁၅ ဦး၊ ရခိုင်လူမျိုး ၁၅ ဦးနှင့် ဗမာလူမျိုး ၄၀ စုစုပေါင်း မြန်မာနိုင်ငံသား ရေလုပ်သား ၇၀ အား အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးနှင့် အိန္ဒိယနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများထံမှ စနစ်တကျလွှဲပြောင်းလက်ခံခဲ့ပြီး မတ် ၉ ရက် နံနက်ပိုင်းတွင် အိန္ဒိယနိုင်ငံ ပို့ဘလဲယား (Port Blair) ရေတပ်ဆိပ်ကမ်းမှ မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့သည်။ အဆိုပါ မြန်မာနိုင်ငံသားများသည် နေရပ်ပြန်နိုင်ရေးအတွက် မည်သူဖြစ်ကြောင်း သက်သေခံလက်မှတ် (Cof I) ထုတ်ယူထားရှိပြီးသူများဖြစ်ကာ ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ ဆေးစစ်အောင်မြင်ပြီးသူများဖြစ်ကြောင်း သိရသည်။


**ပြန်လည်ခေါ်ဆောင်နိုင်ခဲ့**

တပ်မတော်အနေဖြင့် ယခင်အစိုးရလက်ထက်တွင် ပြည်ပရောက် မြန်မာနိုင်ငံသားများအား ခေါ်ယူနိုင်ရေးအတွက် တင်ပြဆောင်ရွက်ခဲ့သော်လည်း ခွင့်ပြုချက်မရရှိခဲ့သဖြင့် ပြန်လည်ခေါ်ယူနိုင်ခြင်းမရှိဘဲ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် အိန္ဒိယနိုင်ငံ အန်ဒမန်ကျွန်း၌ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများအား ခေါ်ယူရန် ဒုတိယအကြိမ် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။ ပထမအကြိမ်အဖြစ် မလေးရှားနိုင်ငံတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသို့ပြန်လာရန် ဒုက္ခအမျိုးမျိုးကြုံတွေ့နေရသော မြန်မာနိုင်ငံသား ၁၀၈၆ ဦးအား တပ်မတော်မှ စစ်ရေယာဉ်များဖြင့် မြန်မာနိုင်ငံသို့ အောင်မြင်စွာ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပြီးဖြစ်သည်။



မြန်မာ့တပ်မတော်မှ စစ်ရေယာဉ်(တပင်ရွှေထီး) နှင့်အတူ လိုက်ပါလာသော မြန်မာနိုင်ငံသား ရေလုပ်သား ၇၀ အား ၎င်းတို့၏ မိသားစုများနှင့် အမြန်ပြန်လည်တွေ့ဆုံနိုင်ရန်၊ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လမ်းခရီးတစ်လျှောက် လုံခြုံရေး၊ စားသောက်နေထိုင်ရေးနှင့် လိုအပ်သောကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးခြင်းတို့ကို ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် မတ် ၁၀ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ်လုံခြုံရေး ဆောင်ရွက်

**နေပြည်တော် မတ် ၉**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင် အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## ဘားအံမြို့ပေါ်ရှိ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ဘားအံ မတ် ၉**

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် ယမန်နေ့ မွန်းလွဲ ၂ နာရီက ဘားအံမြို့ပေါ်ရှိ တည်ဆောက်ရေးလုပ်ငန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ပြည်နယ်ပြည်သူ့ဆေးရုံကြီး (ဘားအံ) တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာန အဆောက်အအုံအထူးအဖွဲ့ (၁၃) က တာဝန်ယူတည်ဆောက်နေသော အလျားပေ ၁၂၀၊ အနံ ၅၆ ပေရှိ သံကူကွန်ကရစ်အမျိုးအစား သုံးထပ်တိုးချဲ့ဆောင် တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံအုပ်ကြီး ဒေါက်တာဘရန်အောင်နှင့် အဆောက်အအုံဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သူတို့က သုံးထပ်တိုးချဲ့ဆောင်တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဘားအံတက္ကသိုလ်၌ (၁၉၇'x ၁၄၇'x၄၈') RC လေးထပ်ကျောင်းသူအိပ်ဆောင်နှင့် (၁၀၀'x၅၀') RC တစ်ထပ် ထမင်းစားဆောင် တည်ဆောက်နေမှု၊ (၁၄၀'x၄၀') ခြောက်ခန်းတွဲ သုံးထပ်ဆရာဆရာမနေအိမ်တည်ဆောက်မည့်မြေနေရာနှင့် (၂၁၆' x ၃၈') သုံးထပ် စာသင်ဆောင်တည်ဆောက်ခြင်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးရာ ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာသန်းသန်းမြင့်နှင့် တာဝန်ရှိသူများက အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ဆောက်လုပ်နိုင်ခြင်းမရှိသေးသည့် သုံးထပ်စာသင်ဆောင်တစ်ဆောင်အား အမြန်ဆောက်လုပ်ရန်နှင့် လုပ်ငန်းများဆောင်ရွက်ရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မြန်မြန်ဆန်ဆန်ဖြင့် အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် နည်းပညာတက္ကသိုလ်(ဘားအံ)၌ (၁၃၀' x ၉၀') ဘက်စုံသုံးအားကစားခန်းမတစ်လုံးတည်ဆောက်မည့်မြေနေရာနှင့် (၂၀၀' x ၃၅')နှစ်ထပ်ကျောင်းသား ကျောင်းသူ ၁၀၀ ဆံ့ အိပ်ဆောင်၊ (၆၀' x ၄၀') တစ်ထပ် ထမင်းစားဆောင်၊ (၁၀၀'x ၂၅ x ၄၂') လေးခန်းတွဲ လေးထပ်ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုများ၊ ကွန်ပျူတာတက္ကသိုလ် (ဘားအံ) ၌ (၁၂၅'x ၃၅') Canteen ဆောက်လုပ်ခြင်းနှင့် (၁၂၀'x ၈၈' x ၂၇') ဘက်စုံသုံး အားကစားခန်းမတစ်လုံး တည်ဆောက်ခြင်းလုပ်ငန်းခွင်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**

**(ပြန်/ဆက်)**

## မိုင်းယောင်း၌ နှင်းဆီလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဆောင်ရွက်ပြီးစီး



**မိုင်းယောင်း မတ် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် စည်ပင်သာယာရေးဌာနမှ အမှတ် (၅)ရပ်ကွက်အတွင်းရှိ နှင်းဆီလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းမှာ ဆောင်ရွက်ပြီးစီးသွားခဲ့သဖြင့် ယခုအခါ ဒေသခံပြည်သူများ၏ သွားလာရေးမှာ ပိုမိုကောင်းမွန်လာကြောင်း သိရသည်။

အဆိုပါလမ်းသည် အရှည်ပေ ၄၀၀၊ အကျယ် ၁၄ ပေနှင့် ဒုသုံးလက်မရှိကြောင်း စည်ပင်သာယာရေးဌာနမှ တာဝန်ခံအင်ဂျင်နီယာ ဦးစိုင်းဟိန်းလွမ်းမိုးထံမှ သိရသည်။

**စိုင်းအောင်ဇော်လင်း**

## ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေး

**ပဲခူး မတ် ၉**

ပဲခူးတိုင်းဒေသကြီး ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယမန်နေ့ မွန်းလွဲ ၁၂ နာရီခွဲက ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းနှင့် ကောင်စီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဝန်ထမ်းများနှင့် လုံခြုံရေးအဖွဲ့များကို နယ်မြေခံဆေးတပ်ရင်းများမှ တပ်မတော်သား ဆရာဝန်များက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့်ပတ်သက်၍ သိကောင်းစရာများကို ရှင်းလင်းပြောကြားခဲ့ပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကိုမတ် ၈ ရက်က ပဲခူးတိုင်းဒေသကြီး အတွင်းရှိ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာ ဝန်ထမ်း ၉၉၇ ဦးအား နယ်မြေခံဆေးတပ်ရင်းများမှ တပ်မတော်သားဆရာဝန်များက အဖွဲ့ငါးဖွဲ့ခွဲ၍ ထိုးနှံပေးခဲ့ပြီး မတ် ၉ ရက်မှ ၁၂ ရက်အထိ တိုင်းဒေသကြီး/ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်း ၁၈၈၃ ဦးအား ထပ်မံထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တင်စိုး**

**(ပဲခူး)**



## မာန်အောင်မြို့နယ်၌ ကျန်းမာရေးဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေး

**မာန်အောင် မတ် ၉**

ရခိုင်ပြည်နယ် မာန်အောင်မြို့နယ် ပြည်သူ့ဆေးရုံဟောင်းတွင် ယမန်နေ့နံနက် ၁၁ နာရီက မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဦးစောမင်း ဦးဆောင်ကာ ကျန်းမာရေးဝန်ထမ်းများအား ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မာန်အောင်မြို့နယ်တွင် ကျန်းမာရေးဝန်ထမ်း ၁၉၈ ဦးရှိသည့်အနက် ယင်းနေ့တွင် ၇၅ ဦးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ်ထိုးနှံပေးခြင်းဖြစ်ပြီး ကျန်ရှိနေသော ကျန်းမာရေးဝန်ထမ်းများကိုလည်း ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်သည်။

ထို့နောက် ဌာနဆိုင်ရာဝန်ထမ်းများကိုလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရန် စာရင်းကောက်ယူထားရှိပြီးဖြစ်ကြောင်း သိရသည်။

**သိန်းဖေ**

**(ပြန်/ဆက်)**



## တွံတေး ကံသာယာ လမ်းမကြီးအား အဆင့်မြှင့်တင်

**ရန်ကုန် မတ် ၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်၏ သာမန်လုပ်ငန်းခွင့်ပြုရန်ပုံငွေဖြင့် မြို့အင်္ဂါရပ်နှင့် ညီညွတ်စေရေးအတွက် ကံသာယာလမ်းမကြီး ရေရှည်တည်တံ့ရေး မြို့တွင်းရပ်ကွက်များရှိ ဒေသခံပြည်သူများ သွားလာမှု လွယ်ကူစေရန် လမ်းနှင့် တံတားများကို ဘဏ္ဍာနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ မြို့သာယာလှပစေရန်နှင့် သွားလာမှုအဆင်ပြေစေရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ် သာမန်လုပ်ငန်းခွင့်ပြုရန်ပုံငွေ ကျပ် ၃၁၃ သိန်းဖြင့်မြို့ရှောင်လမ်းနှင့် ကမ်းနားလမ်းဟောင်းကို ဆက်သွယ်ထားသော ကံသာယာလမ်းမကြီးအား ယခင်ကွန်ကရစ်လမ်းကို ကြံ့ခိုင်ပြီး ရေရှည်တည်တံ့ရေးအတွက် ကတ္တရာထပ်ပိုးလွှာလမ်းခင်းခြင်းလုပ်ငန်းကို အရှည်ပေ ၄၁၁၀၊ အကျယ် ၁၄ ပေ၊ ဒုသုံးလက်မ အဆင့်မြှင့်တင်လုပ်ငန်းဆောင်ရွက်ပြီးစီးခဲ့ကြောင်း တာဝန်ခံလက်ထောက်အင်ဂျင်နီယာ ဒေါ်နီနီသွင်ထံမှ သိရသည်။ **မျိုးလှိုင်(တွံတေး)**



## ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေး မိုင်းယောင်း၌ ညှိနှိုင်းစည်းဝေး

**မိုင်းယောင်း မတ် ၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးကိစ္စနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ ညနေ ၆ နာရီက မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ညှိနှိုင်းအစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေမြတ်သူက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အဆင့်ဆင့်ထိုးနှံပေးလျက်ရှိကြောင်း၊ မြို့နယ်အတွင်းမှ အသက် ၆၅ နှစ်အထက် ပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများနှင့် အခြားလူမှုရေးအဖွဲ့ဝင်များလည်း ထိုးနှံပေးမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးမည့်နေရာနှင့် ဆေးသယ်ယူပို့ဆောင်မည့် အစီအစဉ်များ၊ ဆေးသိုလှောင်မည့် အစီအမံများနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို တပ်မတော်သားဆရာဝန်များ၊ တပ်မတော်သားဆေးသူနာပြုများနှင့် ဌာနဆိုင်ရာများက ပူးပေါင်းကာ ထိုးနှံပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

အစည်းအဝေးကို မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမျိုးမြင့်ဦး၊ တပ်ရင်းတပ်ဖွဲ့မှ အရာရှိများနှင့် ဌာနဆိုင်ရာများ၊ မိုင်းယု-မိုင်းယောင်းမှ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အားချာ**

## ကနီမြို့နယ်၌ တည်ဆောက်နေသော school shelter ၃၅ ရာခိုင်နှုန်းပြီးစီး

**ကနီ မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် ဇီးဖြူကုန်းကျေးရွာတွင် ဇန်နဝါရီ ၂၁ ရက်က စတင်တည်ဆောက်နေသော school shelter သည် ၃၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

"School Shelter အဆောက်အအုံတည်ဆောက်မှုက ၃၅ ရာခိုင်နှုန်း ပြီးစီးနေပြီ။ ရာနှုန်းပြည့်ကိုတော့ အခုဘတ်ဂျက်အတွင်း အပြီးဆောက်မှာပါ" ဟု ကနီမြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်အေးအေးအောင်က ပြောကြားသည်။

school shelter အဆောက်အအုံမှာ အလျား ပေ ၁၄၀၊ အနံ ပေ ၃၀၊ အမြင့် ပေ ၂၀ ရှိသည့် RC နှစ်ထပ် အဆောက်အအုံဖြစ်သည်။

"ဒေသအတွက် သာမန်အခြေအနေမျိုးမှာဆိုရင် ကျောင်းသားတွေအတွက် စာသင်ဆောင်ရမယ်။ ဆရာ ဆရာမတွေအတွက် နားနေခန်းပါမယ်။ သဘာဝဘေးမဖြစ်ခင် ရပ်ရွာအနေနဲ့တော့ စာသင်ဆောင်ကောင်းပါရမယ်။ သဘာဝဘေးဖြစ်ရင် ကျေးရွာအုပ်စုတင်မဟုတ်ဘူး အနီးနားက နီးစပ်ရာကအုပ်စုတွေ လာရောက်ခိုလှုံလို့ရမယ်" ဟု ဒေါ်အေးအေးအောင်ကထပ်မံပြောကြားသည်။

အဆိုပါ school shelter တည်ဆောက်ပြီးစီးပါက သဘာဝဘေး၊ လေပြင်းမုန်တိုင်းများတိုက်ခတ်လာပါက နားခိုနိုင်ခြင်း၊ သဘာဝဘေးကြောင့် အိမ်များပြိုပျက်စီးသွားပါက မိသားစုလိုက်နေထိုင်နိုင်ခြင်း ဆောင်ရွက်နိုင်သကဲ့သို့ အခြားကိစ္စရပ်များလည်း အသုံးပြုနိုင်ကြောင်း သိရသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မီးဘေး၊ ရေဘေး၊ လေဘေး၊ မိုးကြိုးဘေး၊ ကမ်းပြိုဘေး၊ သစ်ပင်ပိ၊ လျှင်၊ မြေပြို၊ မိုးသီးကြွေ စသည့် သဘာဝဘေး ၃၆၃ ကြိမ် ဖြစ်ပွားခဲ့ပြီး သဘာဝဘေးအန္တရာယ်များကြောင့် ဘေးသင့်ခဲ့သည့် အိမ်ထောင်စု ၇၁၀၀ ကျော်ရှိကာ သေဆုံးသူ ၃၃ ယောက်နှင့် ထိခိုက်ဒဏ်ရာရရှိခဲ့သူ ၆၀ ရှိခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ သိရသည်။

**လူလေး**



## ဆောက်လုပ်ရေးလုပ်ငန်းများ နည်းပါးနေသည့်အပြင် အုတ်ဈေးပါကျဆင်း

**ကလေး မတ် ၉**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်နှင့် ချင်းပြည်နယ်တို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကာလအတွင်း ဆောက်လုပ်ရေးလုပ်ငန်းလုပ်ကိုင်မှု နည်းပါးနေသည့်အတွက် အုတ်အရောင်းအဝယ်ဈေးကွက်အေးနေပြီး အုတ်လုပ်ငန်းလုပ်ကိုင်သူများ အဆင်မပြေတွက်ခြေမကိုက်ဖြစ်နေရကြောင်း အုတ်လုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ အုတ်လုပ်ငန်းလုပ်ကိုင်တဲ့သူတွေက ကလေး၊ ချင်းတောင်ဒေသဆောက်လုပ်ရေးလုပ်ငန်းတွေကိုမှီပြီး အရောင်းအဝယ်ဖြစ်ကြရတာပါ။ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကာလအတွင်း ဆောက်လုပ်ရေးလုပ်ငန်းတွေ နည်းပါးနေတဲ့အတွက် ကျွန်တော်တို့ အုတ်လုပ်ငန်းသမားတွေအနေနဲ့ ကုန်ကျစရိတ်အရင်းပြန်ရဖို့ ကြိုးစားနေရပါတယ်" ဟု အုတ်လုပ်ငန်းရှင် ဦးအောင်ဝင်းက ပြောသည်။

ကလေးဒေသတွင် အုတ်လုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၅၀ ဝန်းကျင်ခန့်ရှိပြီး အုတ်လုပ်ငန်းကို ပွင့်လင်းရာသီတွင်သာ လုပ်ကိုင်ကြရကာ ယမန်နှစ်များက အုတ်တစ်ချပ်လျှင် ကျပ် ၁၂၀ အထိ ဈေးရှိခဲ့သော်လည်း ယခုနှစ်တွင် အုတ်တစ်ချပ်လျှင် ကျပ် ၉၀ ဖြစ်ပြီး အိမ်အရောက်ဈေးနှုန်းမှာ ငွေကျပ် ၁၀၀ သာရှိကြောင်း သိရသည်။

“လောင်စာဖြစ်တဲ့ ထင်း၊ စပါးခွံဈေးနှုန်းတွေ မြင့်တက်နေပြီး လုပ်သားခတွေကလည်း ပြီးခဲ့တဲ့နှစ်ကလို သုံးလေးထောင်နဲ့မရတော့ဘူး။ အနည်းဆုံး အထွေထွေလုပ်သားကို ကျပ် ၅၀၀၀ လောက်ပေးမှ ရတယ်။ ထင်းတစ်တန် အသားကောင်းမယ်ဆိုရင် ကျပ်သိန်းဂဏန်းရှိတယ်။ နောက်ပြီး အုတ်ရိုက်ခ ရှိတယ်၊ အုတ်အလုပ်သမား၊ မီးထိုးသမား နှစ်ပေါက်စာ ငွေကြိုပေး အငှားချထားရတာဆိုတော့ အုတ်ဈေးမကောင်းရင် ငွေသိန်းရာချီ အရှုံးပေါ်နိုင်တယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ကလေးဒေသ အုတ်ဖိုများမှာ နိုဝင်ဘာနှင့် ဒီဇင်ဘာလများမှ စတင်အုတ်လုပ်ငန်းဝင်ကြပြီး အုတ်ရာသီတစ်ရာသီ အုတ်ဖုတ်သည့်အကြိမ်ရေ ငါးကြိမ်မှ ခုနစ်ကြိမ်အထိ အုတ်ဖုတ်ကြကာ အုတ်ဖိုတစ်ဖိုလျှင် အုတ်အလုံးရေ တစ်သိန်းဝန်းကျင်အထိ ထွက်ရှိကြောင်း၊ ကလေးဒေသအတွင်းရှိ အုတ်ဖိုများမှ နှစ်စဉ် အုတ်ထင်းထုတ်လုပ်ခွင့်လျှောက်ထားမှုမှာ အုတ်ထင်းတန်ချိန် ၂၀၀၀ ဝန်းကျင်ရှိကြောင်း ကလေးမြို့နယ် သစ်တောဦးစီးဌာန၏ တရားဝင်ထုတ်ပြန်သည့် သတင်းများအရ သိရသည်။

**ချင်းတွင်းသား**





## အမ်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် စစ်ဆေးခြင်းများဆောင်ရွက်

**အမ်း မတ် ၉**

ရခိုင်ပြည်နယ် အမ်းမြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးခြင်းနှင့် စစ်ဆေးခြင်းများဆောင်ရွက်မှုကို မြို့နယ်ရှိ တိုက်ပွဲရှောင်စခန်းများဖြစ်သော အမှတ်(၁) ပဲပဒုံစခန်း၊ အမှတ်(၂) မိုးလုံလေလုံအားကစားခန်းမတို့တွင် ယမန်နေ့ မွန်းလွဲ ၁ နာရီက ဆောင်ရွက်ခဲ့ကြသည်။

ထိုသို့ဆောင်ရွက်ရာ၌ အမ်းမြို့နယ် မီးသတ်ဦးစီးဌာန မီးသတ်တပ်ဖွဲ့ဝင်များက ဦးဆောင်၍ တိုက်ပွဲရှောင်စခန်းတာဝန်ရှိသူတို့ဖြင့် ပူးပေါင်း၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်ရမည့်နည်းလမ်းများ၊ လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေးပြောကြားခြင်း၊ စစ်ဆေးခြင်း၊ အရေးပေါ်ဆက်သွယ်ရမည့် ဖုန်းနံပါတ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပွင့်လင်းရာသီရောက်ရှိပြီဖြစ်သဖြင့် မြို့နယ်များ၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးခြင်း၊ အသံချဲ့စက်ဖြင့် လှည့်လည်နှိုးဆော်ပေးခြင်း၊ စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးအရာရှိ ဦးအောင်သန်းဌေးထံမှ သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေလွှဲပြောင်းပေးအပ်

**မြဝတီ မတ် ၉**

ကရင်ပြည်နယ် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၁ ရွာအား စီမံကိန်းရန်ပုံငွေလွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၂ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးနေဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေစိုးက ရန်ပုံငွေ လွှဲပြောင်းပေးအပ်ရခြင်း ရည်ရွယ်ချက်နှင့် စီမံကိန်းလုပ်ငန်းစဉ်များ အောင်မြင်အောင်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကျေးရွာသူ ကျေးရွာသားများအနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၁၁ ရွာမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်တို့အား တာဝန်ရှိသူများက ကျေးရွာတစ်ရွာလျှင် စီမံကိန်းထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၀၀ စီ လွှဲပြောင်းပေးအပ်ကြသည်။

**သန်းလွင် (မကွေး)**

# အခုနှစ်ဘောလုံးရာသီမှာ ပီအက်စ်ဂျီအသင်း ချန်ပီယံလိဂ်ဖလားရရှိရေး ရေကုန်ရေခန်းကြိုးပမ်းမည်ဟု နည်းပြ ပိုချက်တီနို သန္နိဋ္ဌာန်ချမှတ်

ပီအက်စ်ဂျီအသင်းနည်းပြ ပိုချက်တီနိုဟာ အခုနှစ်ဘောလုံးရာသီမှာ ပီအက်စ်ဂျီအသင်း ချန်ပီယံလိဂ်ဖလားရရှိရေးအတွက် ရေကုန်ရေခန်းကြိုးပမ်းသွားဖို့ သန္နိဋ္ဌာန်ချမှတ်ထားတယ်လို့ ဆိုပါတယ်။

ပီအက်စ်ဂျီအသင်းဟာ ပြီးခဲ့တဲ့လအတွင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်မှာ ဘာစီလိုနာအသင်းကို လေးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီးနောက် ဒုတိယအကျော့ပွဲစဉ်ကို မတ် ၁၀ ရက်မှာ ယှဉ်ပြိုင်ကစားသွားရမှာဖြစ်ပါတယ်။



ပီအက်စ်ဂျီအသင်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက နည်းပြသောမက်တူချယ်လက်ထက်မှာ ချန်ပီယံလိဂ် ဖလားပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့ပြီး နောက်ဆုံးဗိုလ်လုပွဲမှာ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ခဲ့ရတာကြောင့် ချန်ပီယံလိဂ် ချန်ပီယံဖြစ်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရတာ ဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းက ကင်စလေကိုးမန်းရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ ပီအက်စ်ဂျီအသင်းကို အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်း နည်းပြတွေထဲမှာ သောမက်တူချယ်က ချန်ပီယံလိဂ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်အောင် စွမ်းဆောင်နိုင်ခဲ့ပြီး တခြားနည်းပြတွေဖြစ်တဲ့ အန်စလော့တီ၊ လော်ရင့်ဘလန့်နဲ့ အူနိုင်းအမ်မရီတို့ကတော့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ရလဒ်ကောင်းတစ်ခုရရှိအောင် မစွမ်းဆောင်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါပေမယ့် နည်းပြပိုချက်တီနိုကတော့ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်မှာ ဘာစီလိုနာအသင်းကို အနိုင်ရအောင် ကစားကာ ချန်ပီယံလိဂ်ဖလားရရှိရေးအထိ သန္နိဋ္ဌာန်ချထားတာ ဖြစ်ပါတယ်။

# ဝက်စ်ဟမ်းအသင်းက မာ့ခ်နိုဘယ်ကို စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆို


ပရီမီယာလိဂ်ကလပ် ဝက်စ်ဟမ်းအသင်းဟာ အသင်းအတွက် အားထားရတဲ့ ကစားသမားတစ်ဦးဖြစ်တဲ့ ကွင်းလယ်ကစားသမား မာ့ခ်နိုဘယ်ကို တစ်နှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုခဲ့တယ်လို့ သိရပါတယ်။

ဝက်စ်ဟမ်းအသင်းခေါင်းဆောင် မာ့ခ်နိုဘယ်ဟာ နည်းပြ ဒေးဗစ်မိုယက်လက်ထက်မှာ ပရီမီယာလိဂ်နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ် ၁၁ ပွဲမှာ ကနဦးပွဲထွက်ကစားသမားအဖြစ်ကနေ ဖယ်ကြဉ်ခြင်းခံခဲ့ရပြီး ၂၀၂၁ ခုနှစ်အတွင်း ပရီမီယာလိဂ်ပြိုင်ပွဲမှာ ၈၂ မိနစ်သာ ပွဲထွက်ကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။ အခုနှစ်ဘောလုံးရာသီအတွင်းမှာတော့ မာ့ခ်နိုဘယ်ဟာ ပရီမီယာလိဂ် ၁၄ ပွဲ ပါဝင်ကစားပေးထားတာ ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား မာ့ခ်နိုဘယ်ဟာ ၂၀၀၀ ပြည့်နှစ်ကတည်းက အာဆင်နယ်အသင်းကနေ ဝက်စ်ဟမ်းအသင်းကို ရောက်ရှိလာခဲ့တာဖြစ်တဲ့အတွက် လက်ရှိမှာ ဝက်စ်ဟမ်းအသင်းနဲ့အတူ ၂၁ နှစ်ကြာ ဖြတ်သန်းခဲ့တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

မာ့ခ်နိုဘယ်ဟာ ၂၀၀၀ ပြည့်နှစ်ကတည်းက ဝက်စ်ဟမ်းအသင်းကို ရောက်ရှိလာခဲ့ပေမယ့် ၂၀၀၄ ခုနှစ်မှာ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး လက်ရှိမှာ ဝက်စ်ဟမ်းအသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ်မှာ ပွဲပေါင်း ၅၂၀ အထိ ပါဝင်ကစားပေးထားတာဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား မာ့ခ်နိုဘယ်ဟာ ဝက်စ်ဟမ်းအသင်းရဲ့ ပရီမီယာလိဂ်ပွဲစဉ်တွေမှာ ပွဲချိန်ပြည့် ပါဝင်ကစားခွင့်ရတဲ့ ကစားသမားတစ်ဦးဖြစ်ခဲ့တာကြောင့် နည်းပြဘီလစ် ဝက်စ်ဟမ်းအသင်းနည်းပြအဖြစ်တာဝန်ယူကိုင်တွယ်ခဲ့တဲ့ ၂၀၁၅ ခုနှစ် နွေရာသီကာလမှာ ဝက်စ်ဟမ်းအသင်းခေါင်းဆောင်အဖြစ် ခန့်အပ်ခံခဲ့ရတာဖြစ်ပါတယ်။




# မန်ယူအသင်းက ခေါ်ယူဖို့ ချိတ်ဆက်မှုတွေပြုလုပ်နေတာကြောင့် ဘိုင်ယန်မြူးနစ်ရဲ့ စာချုပ်သစ်ကမ်းလှမ်းမှုကို ကင်စလေကိုးမန်း ငြင်းဆို

အသက် ၂၄ နှစ်အရွယ်ရှိ ပြင်သစ်တောင်ပံကစားသမား ကင်စလေကိုးမန်းဟာ ပရီမီယာလိဂ်ကလပ် မန်ယူအသင်းက ခေါ်ယူဖို့ ချိတ်ဆက်မှုတွေပြုလုပ်နေတာကြောင့် ဘိုင်ယန်မြူးနစ်အသင်းရဲ့ စာချုပ်သစ်ချုပ်ဆိုရေးကမ်းလှမ်းမှုကို ငြင်းဆိုခဲ့တယ်လို့ သိရပါတယ်။

ဘိုင်ယန်မြူးနစ် တောင်ပံကစားသမား ကင်စလေကိုးမန်းရဲ့ လက်ရှိချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၂၀၂၃ ခုနှစ် နွေရာသီကာလအတွင်းမှာ ကုန်ဆုံးမှာဖြစ်ပြီး တစ်ပတ်လုပ်ခလစာပေါင် ၁၄၀၀၀၀ ရရှိနေတာဖြစ်ပါတယ်။ ဒါပေမယ့် လုပ်ခလစာပိုမိုများပြားတဲ့ ကလပ်အသင်းတစ်သင်းဆီ ပြောင်းရွှေ့ဖို့ ကင်စလေကိုးမန်းက စီစဉ်နေတာဖြစ်ပါတယ်။

Kicker သတင်းဌာနရဲ့ ဖော်ပြချက်အရ ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းဟာ ကင်စလေကိုးမန်းကို ၂၀၂၆ ခုနှစ်နွေရာသီကာလအထိ ဆက်ရှိနေမယ့် သုံးနှစ်သက်တမ်းရှိစာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ ကနဦးကမ်းလှမ်းခဲ့ပေမယ့် ကင်စလေကိုးမန်းက အဲဒီကမ်းလှမ်းမှုကို ငြင်းဆိုခဲ့တယ်လို့ သိရပါတယ်။



မန်ယူအသင်းနည်းပြ ဆိုးရှားက ဒေါ့မွန်အသင်းမှ တောင်ပံကစားသမား ဂျာဒန်ဆန်ချိုကို မခေါ်ယူနိုင်ခဲ့တာကြောင့် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ တောင်ပံကစားသမား ကင်စလေကိုးမန်းကို ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။

တောင်ပံကစားသမား ကင်စလေကိုးမန်းဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ဘိုင်ယန်မြူးနစ်အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ချန်ပီယံလိဂ်နောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ဘိုင်ယန်မြူးနစ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးခဲ့ပြီး ကင်စလေကိုးမန်းရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ ပီအက်စ်ဂျီအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိကာ ချန်ပီယံလိဂ်ဖလားရရှိခဲ့တာဖြစ်ပါတယ်။

ဒါကြောင့် ဘွန်ဒက်လီဂါနဲ့ ချန်ပီယံလိဂ်ချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းက ကင်စလေကိုးမန်းကို အသင်းမှာ ဆက်ရှိနေဖို့ ဆန္ဒရှိနေပြီး ဘိုင်ယန်မြူးနစ်အသင်းဥက္ကဋ္ဌကလည်း ကင်စလေကိုးမန်းဟာ ယနေ့အချိန်အထိ ထိပ်တန်းအဆင့်ရှိ ကစားသမားတစ်ဦးအဖြစ် ရှိနေသလို ဘိုင်ယန်မြူးနစ်အသင်းအတွက် အလွန်တန်ဖိုးကြီးမားတဲ့ ကစားသမားဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။

တောင်ပံကစားသမား ကင်စလေကိုးမန်းဟာ ပြင်သစ်နိုင်ငံလက်ရွေးစင်အသင်းမှာလည်း ပွဲပေါင်း ၂၆ ပွဲပါဝင်ကစားပေးထားတာဖြစ်ပါတယ်။

**❒ ကာဗာနီမှ**

မန်ယူအသင်းက စာချုပ်သစ်ချုပ်ဆိုဖို့ ပြင်ဆင်လျက်ရှိတာကြောင့် ဘိုကာဂျူနီယာအသင်းရဲ့ ကမ်းလှမ်းမှုကို ငြင်းဆိုဖို့ ရှိနေတယ်လို့ သိရပါတယ်။ တိုက်စစ်မှူး ကာဗာနီဟာ ပီအက်စ်ဂျီအသင်းကနေ ထွက်ခွာပြီးနောက် အောက်တိုဘာလအတွင်းက အလွတ်ပြောင်းရွှေ့ကြေးနဲ့ မန်ယူအသင်းဆီ ပြောင်းရွှေ့လာခဲ့ကာ ယခုနှစ် ဘောလုံးရာသီကုန်အထိ စာချုပ်ချုပ်ဆိုထားတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး ကာဗာနီဟာ ပေါင်ကိုးသန်းနဲ့ တစ်နှစ်စာချုပ်ချုပ်ဆိုခဲ့တာဖြစ်ပြီး စာချုပ်ထဲမှာ နောက်ထပ်တစ်နှစ် စာချုပ်သစ်ထပ်တိုးချုပ်ဆိုနိုင်မယ့် အခွင့်အလမ်းတစ်ရပ်လည်း ပါဝင်နေတာဖြစ်ပါတယ်။ တိုက်စစ်မှူး ကာဗာနီဟာ အခုနှစ်ဘောလုံးရာသီမှာ မန်ယူအသင်းနဲ့အတူ ၂၅ ပွဲ ပါဝင်ကစားပေးထားကာ သွင်းဂိုးခုနစ်ဂိုး သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

နောက်တန်းကစားသမား အဲရစ်ဘိုင်လီကလည်း မန်ယူအသင်းနဲ့အတူ စာချုပ်သစ်မချုပ်ဆိုနိုင်ခဲ့ပါက မန်ယူအသင်းကနေ ထွက်ခွာဖို့ရှိနေပြီး အဲရစ်ဘိုင်လီရဲ့ မန်ယူအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ တစ်နှစ်ကျန်ရှိနေသေးတာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# အာလူးသီးနှံအား စက်ကိရိယာဖြင့် တူးဖော်ခြင်းသရုပ်ပြ

**တပ်ကုန်း မတ် ၉**
နေပြည်တော် တပ်ကုန်းမြို့နယ် စက်မှုလယ်ယာဦးစီးဌာန အမှတ် (၆၈) စက်မှုလယ်ယာစခန်းက ဦးစီးကျင်းပသည့် အာလူးသီးနှံအား စက်ကိရိယာဖြင့် တူးဖော်ခြင်း သရုပ်ပြအခမ်းအနားကို မတ် ၇ ရက် နံနက်ပိုင်းက ကွင်းအမှတ် ၁၃၀၈(က) ကွင်း ခရမ်းစပ်ကုန်း ကျေးရွာ တောင်သူဦးမြင့်ဇော်၏ အာလူးစိုက်ခင်းတွင် ကျန်းမာရေး လမ်းညွှန်ကြားချက်နှင့်အညီ ကျင်းပသည်။



အာလူးသီးနှံခင်းအား စက်ကိရိယာဖြင့် စိုက်ပျိုးခြင်း၊ ဆေးဖျန်းခြင်း၊ တူးဖော်ခြင်း လုပ်ငန်းများ သရုပ်ပြသဆောင်ရွက်ပေးရာတွင် ဒေသခံအာလူးစိုက်တောင်သူများအနေဖြင့် မိရိုးဖလာ သမားရိုးကျ စိုက်ပျိုးခြင်းထက် အချိန်ကုန်သက်သာမှု ရှိခြင်း၊ လုပ်အားခများ အထိုက်အလျောက် သက်သာမှုရှိခြင်းကြောင့် အာလူးစိုက်တောင်သူများ အာလူးခင်းများအား စက်ကိရိယာဖြင့် တူးဖော်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ သရုပ်ပြသပွဲသို့ ပြည်ထောင်စုနယ်မြေ စက်မှုလယ်ယာဦးစီးဌာန ခရိုင်၊ မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဒေသခံ အာလူးစိုက်တောင်သူများ တက်ရောက်ကြည့်ရှုလေ့လာကြသည်။

**သတင်း- တင်စိုးလွင်(ပြန်/ဆက်)**
**ဓာတ်ပုံ-မြို့နယ်စက်မှုလယ်ယာဦးစီးဌာန**



# ညောင်ဦးမြို့နယ်၌ မန်ကျည်းသီးမှည့်များ စတင်ဆွတ်ခူးရောင်းချ

**ညောင်ဦး မတ် ၉**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်တွင် မန်ကျည်းသီးမှည့်များ ပေါ်နေပြီဖြစ်ရာ မန်ကျည်းသီးမှည့် အငှားဆွတ်ခူး(ပုတ်ခြင်း)သူများနှင့် မန်ကျည်းသီးမှည့် အငှားလိုက်ကောက်သူများ မိသားစုဝင်ငွေတွက်ခြေကိုက်နေကြကြောင်း ခွေတောက်ပြုတ်ကျေးရွာ ချောင်းဖီလာတဲတိုက်နေ မန်ကျည်းသီးအငှားလိုက်ဆွတ်သည့် ဦးသန်းထွန်းက ပြောကြားသည်။

ညောင်ဦးမြို့နယ်ဘက်တွင် မန်ကျည်းသီးဆွတ်ခူးသူတစ်ဦး တစ်နေ့ကုန် ကျပ် ၈၀၀၀၊ မန်ကျည်းသီးမှည့်ကောက်သမတစ်ဦး တစ်နေ့ကုန် ကျပ် ၄၀၀၀၊ ကျောက်ပန်းတောင်းမြို့နယ်ဘက်တွင် မန်ကျည်းသီးမှည့် ပုတ်ချသူတစ်ဦး တစ်နေ့ကုန် ကျပ် ၁၃၀၀၀၊ မန်ကျည်းသီးမှည့်ကောက်သမတစ်ဦး တစ်နေ့ကုန် ကျပ် ၇၀၀၀ ဖြင့် ဈေးနှုန်းကွာခြားမှုရှိကြောင်းလည်း သိရသည်။

မန်ကျည်းသီးမှည့်များအားကျောက်ပန်းတောင်းမြို့ မန်ကျည်းပွဲရုံများသို့ သွားရောက်ရောင်းချခြင်း၊ ဒေသခံမန်ကျည်းပွဲရုံများသို့ ရောင်းချလျက်ရှိရာ မန်ကျည်းခွံနွှာပြီး အကြောနှင့် အစေ့မထုတ်ရသေးမန်ကျည်းသီးမှည့် တစ်ပိဿာကျပ် ၁၁၀၀၊ အခွံ၊ အကြော၊ အစေ့ထုတ်ပြီးသား မန်ကျည်းသီးမှည့်အသား တစ်ပိဿာကျပ် ၂၂၀၀၊ ထုပြီးသား မန်ကျည်းစေ့များကိုလည်း တစ်တင်းကျပ် ၅၀၀၀ ရောင်းချရကြောင်း သိရသည်။

မန်ကျည်းသီးအကြောသင်၊ အစေ့ထုတ်ခ တစ်ပိဿာကျပ် ၂၅၀၀ ပေးရကြောင်း(အရပ်အခေါ်မန်ကျည်းထုဟုခေါ်)၊ မန်ကျည်းသီးထုရာတွင် အလုပ်သမားတစ်ဦးလျှင် တစ်ရက် ၁၅ ပိဿာမှ၁၇ ပိဿာထိ ထုနိုင်ကြောင်း သိရသည်။

မန်ကျည်းသီးမှည့်ချိန် မန်ကျည်းသီးမှည့်အဝယ်ပွဲစားများသည် ညောင်ဦးနယ် ငါ့သရောက်နယ်ဘက်သို့ မန်ကျည်းသီးမှည့် ပင်ပြတ်ဝယ်ယူကာ(မန်ကျည်းတစ်သီးအတွက်) မန်ကျည်းဆွတ်ခူးသူ၊ မန်ကျည်းကောက်သူများအား မန်ကျည်းပွဲစားများက အပြတ်ငှားထားကြကြောင်းလည်းသိရကာ မန်ကျည်းမှည့်ဆွတ်အငှားလိုက်သူများ၊ အကောက်အငှားလိုက်သူများ မိသားစုဝင်ငွေတွက်ခြေကိုက်နေကြကြောင်း ကျောက်ပန်းတောင်းမြို့ ငွေးကုန်းကျေးရွာ ဦးသန်းထွန်းက ပြောကြားသည်။

**ကိုထိန်(KPD)**

# မင်းဘူးမြို့၌ ကြက်သွန်နီဈေးကျဆင်းသဖြင့် တောင်သူများအရှုံးပေါ်

**မင်းဘူး မတ် ၉**
မကွေးတိုင်းဒေသကြီး မင်းဘူးဈေးကွက်တွင် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းနေပြီး လက်ကားဈေးတစ်ပိဿာကျပ် ၄၀၀ သာရှိတော့သဖြင့် ကြက်သွန်နီစိုက်တောင်သူများနှင့် ဈေးမျှော်လင့်၍ လှောင်ထားသူများ အရှုံးပေါ်နေကြောင်း မင်းဘူးမြို့ ကြက်သွန်နီစိုက် တောင်သူတစ်ဦးထံမှ သိရသည်။

"ရေနံချောင်းကျွန်းထဲမှ ကျွန်တော်တို့ မင်းဘူးပွဲရုံကိုလာရောင်းတဲ့ တောင်သူတွေဆို အရင်က တစ်ပိဿာကျပ် ၁၂၀၀၊ ၁၃၀၀ ဝန်းကျင်ရှိပေမယ့် ယခုကြက်သွန်နီဈေး အဆမတန်ကျသွားပြီး တစ်ပိဿာကိုကျပ် ၂၀၀၊ ၂၅၀ ဆိုတော့ တောင်သူနဲ့ ကြက်သွန်နီလှောင်ထားသူအားလုံး အရှုံးပေါ်တာပေါ့ဗျာ"ဟု ကြက်သွန်နီအဝယ်တော် ဦးထွန်းက ပြောကြားသည်။

ပွဲရုံလုပ်ငန်းရှင် ဦးသာပေါက " ကျွန်တော်တို့ မင်းဘူးမြို့ ကြက်သွန်နီဈေးကွက်မှာလက်လီ တစ်ပိဿာကျပ် ၄၀၀ နဲ့ လက်ကားတစ်ပိဿာ ကျပ် ၂၅၀ သာရောင်းရပါတယ်။ အရင်နှစ်က ကြက်သွန်နီဈေးတစ်ပိဿာကို ကျပ် ၁၇၀၀၊ ၁၈၀၀ဈေးအထိရှိခဲ့ပေမယ့် အခုကုန်စည်သယ်ယူပို့ဆောင်ရေး လုပ်ငန်းတွေလည်း လှိုင်လှိုင်မရှိတော့ ဈေးကွက်အတွင်းဝယ်လိုအားက သိသာစွာကျဆင်းနေတဲ့အတွက် ပုံမှန်ဈေးအောက်ရောက်နေတဲ့ပမာဏထက် များစွာလျော့နည်းနေပြီး ကြက်သွန်နီဈေးနှုန်းတွေ အဆမတန်ကျဆင်းနေတာလည်းဖြစ်ပါတယ်" ဟု ပြောကြားသည်။

ကြက်သွန်နီဈေးကျဆင်းနေသည့်အတွက် မင်းဘူးမြို့နယ်မှ ဆောင်းကြက်သွန်နီစိုက်တောင်သူများနှင့် ဈေးတက်ရန်မျှော်လင့်ပြီး လှောင်ထားသူများပါ အရှုံးပေါ်နေကြောင်းလည်း သိရသည်။

**ဇေယျာထက်(မင်းဘူး)**



# အရသာထူးခြားကောင်းမွန်သည့် မိုင်းယောင်းဒေသထွက်ပိန္နဲသီး ဝယ်ယူစားသုံးသူများပြား


**မိုင်းယောင်း မတ် ၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်အတွင်း ပိန္နဲသီးကို ဝယ်ယူစားသုံးသူများပြားသဖြင့် ခူးယူရောင်းချသူများ အဆင်ပြေလျက်ရှိသည်။

အရသာထူးခြားကောင်းမွန်သည့် မိုင်းယောင်းဒေသထွက်ပိန္နဲသီးသည် အလုံးလှပြီး အဝယ်လိုက်ကာ ဈေးကောင်းရ၍ ဈေးကွက်ဝင် ပိန္နဲသီးဖြစ်ကြောင်း၊ ဈေးလည်းချိုကြောင်း၊ ထို့ကြောင့် မိုင်းယောင်းဒေသထွက်ပိန္နဲသီးကို စားသုံးသူများက ပိုမိုကြိုက်ကြကြောင်း၊ အသင့်စားသုံးနိုင်ရန် ခွာထားပြီးသော ပိန္နဲသီးတစ်ထုပ်လျှင် ကျပ် ၅၀၀ ရောင်းရကြောင်း သိရသည်။

ရာသီပေါ်သီးနှံဖြစ်သော ဒေသခြံထွက် ပိန္နဲသီးများသည် ယခုနှစ်တွင် အထွက်နည်းပြီး အထူးရောင်းအားကောင်းကာ ယခင်နှစ်ထက် ဈေးပိုမိုရရှိကြောင်းသိရသည်။ မိုင်းယောင်းတွင် ပိန္နဲသီးကိုစားသုံးရန် နေအိမ်ခြံဝင်းထဲနှင့် ဥယျာဉ်ခြံမြေ၊ အိမ်ပိုင်မြေများရှိ စည်းရိုးများတွင် စိုက်ပျိုးထားကြပြီး တောတောင်များတွင်လည်း သဘာဝအလျောက် ပေါက်ရောက်ကြောင်း သိရသည်။

အသီးအရွယ်အစားပေါ်မူတည်၍ တစ်လုံးလျှင် ကျပ် ၂၀၀၀ မှ ၄၀၀၀ အထိ ဈေးကောင်းရရှိသည်။ မိုင်းယောင်းမြို့မှ ထွက်ရှိသော ပိန္နဲသီးများကို တာလေ၊ မိုင်းဖြတ်မြို့များမှ တစ်ဆင့် တာချီလိတ်၊ ကျိုင်းတုံမြို့ကြီးများအထိ တင်ပို့ရောင်းချလျက်ရှိရာ ပိန္နဲသီးစိုက်ပျိုးသူများ ဈေးကောင်းရရှိ၍ ဝင်ငွေကောင်းလျက်ရှိသည်။

**စိုင်းအောင်ဇော်လင်း**



# ရှိန်းမကားမြို့မှ သမိုင်းဝင်လက်ရာများရှိရာ တောင်တောရကျောင်းကြီး

**နိုင်ထွန်း (TGI)**

ရှိန်းမကားဆိုသည့်မြို့အမည်ကို ငယ်စဉ်ကပင် ကြားဖူးခဲ့ပါ၏။ မြန်မာ့သမိုင်းသင်ခန်းစာ၌ နယ်ချဲ့ကို တော်လှန်ခဲ့သူများတွင် ရှိန်းမကားနယ်မှ ဗိုလ်ရိုင်လည်းပါလေ၏။ ရှိန်းမကားသည် ရွှေဘိုခရိုင် ဝက်လက်မြို့နယ်ထဲတွင် တည်ရှိ၏။ ဧရာဝတီမြစ်၏အနောက်ဘက်ကမ်း စစ်ကိုင်းမြို့နယ် ကောင်းမှုတော်ဘုရားလမ်းဆုံမှ ၂၆ မိုင်၊ ဝက်လက်မြို့မှ ၁၄ မိုင် ဝေး၏။ အထက်တန်းကျောင်း၊ နယ်မြေရဲစခန်း၊ တိုက်နယ်ဆေးရုံ၊ ဈေးနှင့် ဘုန်းတော်ကြီးကျောင်းများလည်းရှိ၏။ ထို့ထက် ထင်ရှားသည်ကား ၁၂၂၄ ခုနှစ်တွင် မင်းတုန်းမင်းကြီးက ပထမရွှေကျင်သာသနာပိုင်ဆရာတော်ကြီး ဦးဇာဂရအား ဆောက်လုပ်လှူဒါန်းထားခဲ့သည့် သာသနိက အဆောက်အအုံများ ရှိနေခြင်းပင်ဖြစ်၏။



### ရှိမူကားမှ ရှိန်းမကားဖြစ်လာ

ရှိန်းမကားသည် ပုဂံခေတ်ကတည်းကပင် ရှိခဲ့သည့် ရွာကြီးဖြစ်၏။ ကျန်စစ်သားမင်းသည် စောလူးမင်းနှင့် စစ်ခင်းရာတွင် အသုံးပြုမည့် မုဆိုးငစဥ့်ကို ယခု ရှိန်းမကားဒေသသို့ လာရောက်ရှာဖွေသည်ဆို၏။ ကျန်စစ်သားမင်းကြီး၏ နှုတ်မှ မြွက်ကြားသည့် မုဆိုးငစဥ့်ရှိသည်ဟူသော အထင်ဖြင့် "ရှိမူကား"ဟု ပြောဆိုရာမှ ကာလရွေ့လျော ပြီး ရှိန်းမကားဟု ဖြစ်လာကြောင်း မှတ်သားရ၏။ ရှိန်းမကားသည် အရှေ့ဘက်တွင် ဧရာဝတီမြစ်နှင့် စကျင်တောင်ဒေသ၊ အရှေ့မြောက်ဘက်တွင် စဥ့်ကူးမြို့နယ်မှ ဇီးကုန်းရွာတို့နှင့် ဆက်စပ်တည်ရှိလေ၏။ မန္တလေးမှ လာရောက်မည်ဆိုပါက မော်တော်ယာဉ်ဖြင့်လည်းကောင်း၊ သင်္ဘောဖြင့်လည်းကောင်း သွားရောက်နိုင်၏။ မော်တော်ယာဉ်ဖြင့်ဆိုပါက မန္တလေးမှ စစ်ကိုင်း၊ ကောင်းမှုတော်ဘုရားမရောက်ခင် စစ်ကိုင်းခရိုင်နှင့် ရွှေဘိုခရိုင်တို့ကို ဆက်သွယ်ထားသည့် အမှတ်(၃) ခရိုင်ချင်းဆက် လမ်းအတိုင်း ၂၆ မိုင် ၃ ဖာလုံ ကတ္တရာလမ်း အတိုင်းသွားနိုင်၏။ လမ်းကား အချို့နေရာများတွင် ပျက်စီးနေကြောင်း တွေ့ရ၏။ စစ်ကိုင်းမြို့နယ်အတွင်း ရေတိုက်စားမှုအပျက်အစီးပိုများ၏။ ဝက်လက်မြို့နယ်အပိုင်းတွင် ပျက်စီးမှုနည်းကြောင်း သတိထားမိ၏။ စစ်ကိုင်းမှလွန်သော် ရေခါး၊ စကျင်၊ စဥ့်ကိုင်၊ တောင်ရင်း၊ ရွာသာယာရွာများကို ဖြတ်ရ၏။ ဝက်လက်မြို့နယ်ထဲဝင်သော် တမာတန်း၊ တပ်ရွာများကိုလွန်သော် ရှိန်းမကားလမ်းခွဲသို့ရောက်၏။ ထိုလမ်းခွဲမှ ရှိန်းမကားမြို့အတွင်းနှင့် တောင်တောရကြီးကျောင်းတို့သို့ လည်ပတ်အပန်းဖြေနိုင်၏။

### တောင်တောရကျောင်းနှင့် ဘေးမဲ့တော

ရှိန်းမကားမြို့တွင် မင်းတုန်းမင်းကြီးက ပထမရွှေကျင်သာသနာပိုင်ဆရာတော် ဦးဇာဂရအား လှူဒါန်းထားသည့် တောင်တောရကျောင်းနှင့် ဘေးမဲ့တောတို့ရှိ၏။ ထို့ပြင် ရွှေတောင်ဦးမြတ်စွာဘုရား၊ ရွှေဂူကြီးကျောင်းတိုက်၊ သမိုင်းဝင်ရွှေသိမ်တော်ဘုရား၊ ဆင်ဖြူတက်ကျောက်စာနှင့် ဆင်ဖြူတက်ဘုရား၊ တောင်ခေါင်းတောရဝင်းအတွင်းရှိသည့် စစ်ပြေးလိုဏ်ဂူ၊ ရွှေစည်းခုံကျောက်စာနှင့် ရွှေစည်းခုံဘုရားစသည်ဖြင့် ရှိပေသေး၏။ တောင်တောရကျောင်းကြီးကို မင်းတုန်းမင်းက ၁၂၂၄ ခုနှစ် ပထမရွှေကျင်သာသနာပိုင်ဆရာတော် ဦးဇာဂရသို့ ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်၏။ ဘုံသုံးဆင့်ရှိ ဇေတဝန်ဆောင်ပါကျောင်းတော်ကြီး၊ ဆွမ်းစားကျောင်းနှင့်အရန်ကျောင်း လေးကျောင်းဆောက်လုပ်လှူဒါန်းခဲ့၏။ ကျောင်းတော်များအား ရှိန်းမကားကျောင်းတကာ ဦးပွင့်ကို ငွေထုတ်ပေးပြီး ကြီးကြပ်ဆောက်လုပ်စေခဲ့၏။ ဆောက်လုပ်ပြီးသော် "အောင်မြေလွတ်စံ" ကျောက်စာဖြင့် ကမ္ပည်းထိုးလှူဒါန်းခဲ့၏။ ထို့ပြင် မင်းတုန်းမင်းကြီးသည် တောင်တောရကျောင်းဝန်းကျင်ရှိ ရေပိုးရေမွှား၊ သားငါး၊ တိရစ္ဆာန်များနှင့် သစ်ပင်များကို မသတ်မညှဉ်း မခုတ်မထစ်စေရန် ဘေးမဲ့ပေးခဲ့၏။ နယ်မြေသတ်မှတ်၍ ထန်းဖူးစာချွန်တော်ဖြင့် အောက်ပါအတိုင်း အမိန့်ချမှတ်ခဲ့သည်။ "ဘုန်းတော်အလွန်ကြီးမားတော်မူသော ရေမြေအရှင် ဆဒ္ဒန်ဆင်မင်းသခင်၊ ဆင်ဖြူများရှင် လက်နက်စကြာသခင် ဘဝရှင်မင်းတရားကြီး အမိန့်တော်ရှိသည်။ ရှိန်းမကားရွာတောင်တောရတိုက်မှ မြောက်ကိုလားသော် ရှိန်းမကားရွာအထိ၊ တောင်ကိုလားသော် ငါးရယ်ရွာအထိ၊ အနောက်ကိုလားသော် သဲဖြူချောင်းအထိ၊ အရှေ့ကိုလားသော် ဧရာဝတီမြစ်ရိုးအထိ နယ်မြေလေးရပ် သတ်မှတ်သည့်အတွင်း ကုန်းကွင်းရှိ ရေပိုး၊ ရေမွှား၊ သားငါးတိရစ္ဆာန်၊ အာရမ်သစ်ပင်တို့ကို ဘေးမဲ့ပေးလှူတော်မူသည့်အတိုင်း အဖမ်းအဆီး အသတ်အဖြတ် အညှဉ်းအခုတ်အထစ်မရှိစေရ။ သာသနာသက္ကရာဇ် ၁၂၂၅ ခုနှစ် ကဆုန်လပြည့်ကျော် ၇ ရက်နေ့ စောင်းတန်းဒါယကာငရိုးကို ထိန်းသိမ်းစောင့်ရှောက်စေသောငှာ ဘေးမဲ့အုပ်ရာထူးခန့်ထားတော်မူသည်၊ တားဆီးနှောင့်ယှက်မှုမရှိစေရ၊ ဘေးမဲ့တောအုပ်ငရိုးက တစတည်းထိန်းသိမ်းစောင့်ရှောက်ဆင့်ဆိုရာ နာခံကြစေ"ဟု ရေးသားထားသည်ကို အဆိုပါကျောင်းတွင် ရှေးဟောင်းပစ္စည်းများထိန်းသိမ်းစောင့်ရှောက်သည့် ဦးမန်းကြီး(ခ) ဦးမန်းတင်က ဖတ်ကြားရှင်းပြလေ၏။

တောင်တောရကျောင်းကြီးတွင် မင်းတုန်းမင်းက ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးအား ဆွမ်းပို့သည့် ဆွမ်းအုပ်နှင့် ဆွမ်းချိုင့်၊ အလင်းဓာတ်မီးအိမ်များ၊ ရှေးဟောင်းနာရီများ၊ စာထည့်သေတ္တာများ၊ ဘုရားဆင်းတုနှင့် စေတီပုထိုးများ၊ အုတ်ကျောင်းဆောင်တွင် ကျန်ရှိနေသေးသည့် နံရံဆေးရေးပန်းချီများ၊ ရတနာပုံခေတ် ပန်းတမော့လက်ရာများ၊ ပေစာထုပ်များ၊ အုန်းမောင်းများနှင့် ဦးရိုးတာလမ်း၊ ဧရာဝတီမြစ်အတွင်းနှင့် ဘုရားပုထိုးစေတီများသို့ ဆက်သွယ်ထားသည့် နဂါးရုပ်များဖြင့် ပုံဖော်ထားသည့် လှေျာက်လမ်းများနှင့် အမွေအနှစ်များစွာ ကျန်ရှိနေသည်ကို မြင်တွေ့ခဲ့ရပါ၏။

### ထိခိုက်ပျက်စီးမှုများရှိလာ

ယခုအခါ လမ်းပန်းဆက်သွယ်ရေးကောင်းမှုကြောင့်လည်းကောင်း၊ ဆိုရှယ်မီဒီယာများ၏ ဖော်ပြချက်များကြောင့်လည်းကောင်း လာရောက်လေ့လာလည်ပတ်သူများလေ၏။ လူသူအရောက်များသည်ဖြင့် သဘာဝပတ်ဝန်းကျင်နှင့် အဆောက်အအုံများ၊ ရှေးဟောင်းပစ္စည်းများ ထိခိုက်ပျက်စီးမှုများ ရှိလာ၏။ တောင်တောရကျောင်းကြီးနှင့် အဆောက်အအုံများအား လက်ရှိဆရာတော် ဦးဇနကက ဦးဆောင်ထိန်းသိမ်းစောင့်ရှောက်လျက်ရှိ၏။ ထို့ပြင် ပရဟိတကျေးရွာသားတစ်ဦးဖြစ်သည့် ဦးမန်းကလည်း တစ်တပ်တစ်အား ပါဝင်ကူညီရပေ၏။ သို့သော်လည်း ထိန်းသိမ်းစောင့်ရှောက်မှုအပိုင်းတွင် သက်ဆိုင်ရာရှေးဟောင်းပညာရှင်များကဲ့သို့ ထိရောက်စွာ ဆောင်ရွက်နိုင်မှု အားနည်းနေပေ၏။ သို့ပါ၍ သက္ကရာဇ် ၁၂၂၄ ခုနှစ် ကတည်းက တည်ဆောက်ထားခဲ့သည့် ရှိန်းမကားနယ်မြေမှ တောင်တောရကျောင်းကြီးရှိ အဆောက်အအုံများအား သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပညာရှင်များ လာရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ပေးပါက ပို၍ပင် အဓွန့်ရှည် တည်တံ့မည်ဖြစ်ကြောင်း တင်ပြလိုက်ရလေ၏။ ။



**တောင်တောရကျောင်းကြီးတွင် မင်းတုန်းမင်းက ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးအား ဆွမ်းပို့သည့် ဆွမ်းအုပ်နှင့် ဆွမ်းချိုင့်၊ အလင်းဓာတ်မီးအိမ်များ၊ ရှေးဟောင်းနာရီများ၊ စာထည့်သေတ္တာများ၊ ဘုရားဆင်းတုနှင့် စေတီပုထိုးများ၊ အုတ်ကျောင်းဆောင်တွင် ကျန်ရှိနေသေးသည့် နံရံဆေးရေးပန်းချီများ၊ ရတနာပုံခေတ် ပန်းတမော့လက်ရာများ၊ ပေစာထုပ်များ၊ အုန်းမောင်းများနှင့် ဦးရိုးတာလမ်း၊ ဧရာဝတီမြစ်အတွင်းနှင့် ဘုရားပုထိုးစေတီများသို့ ဆက်သွယ်ထားသည့် နဂါးရုပ်များဖြင့် ပုံဖော်ထားသည့် လှေျာက်လမ်းများနှင့် အမွေအနှစ်များစွာ ကျန်ရှိနေသည်ကို မြင်တွေ့ခဲ့ရ။**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၇၄၄၆၅၂ | ၂၀၄၄၉၆၃၄ | ၅၃၈၆၂၈ |
| ၂။ | အိန္ဒိယ | ၁၁၂၄၆၃၈၀ | ၁၀၈၉၉၃၉၄ | ၁၅၇၉၈၅ |
| ၃။ | ဘရာဇီး | ၁၁၀၅၅၄၈၀ | ၉၇၈၂၃၂၀ | ၂၆၆၆၁၄ |
| ၄။ | ရုရှား | ၄၃၄၂၄၇၄ | ၃၉၃၂၀၇၇ | ၈၉၈၀၉ |
| ၅။ | ဗြိတိန် | ၄၂၂၃၂၃၂ | ၃၂၇၈၆၂၉ | ၁၂၄၅၆၆ |
| ၆။ | ပြင်သစ် | ၃၉၀၉၅၆၀ | ၂၆၆၀၉၆ | ၈၈၉၃၃ |
| ၇။ | စပိန် | ၃၁၆၀၉၇၀ | ၂၈၁၀၉၂၉ | ၇၁၄၃၆ |
| ၈။ | အီတလီ | ၃၀၈၁၃၆၈ | ၂၅၀၈၇၃၂ | ၁၀၀၁၀၃ |
| ၉။ | တူရကီ | ၂၇၉၃၆၃၂ | ၂၆၃၂၀၃၀ | ၂၉၀၉၄ |
| ၁၀။ | ဂျာမနီ | ၂၅၁၃၇၆၈ | ၂၃၁၉၆၀၀ | ၇၂၆၉၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၃၉၂၉၄၅ | ၁၂၁၀၈၇၇ | ၃၇၇၅၇ |
| ၂။ | ဖိလစ်ပိုင် | ၆၀၀၄၂၈ | ၅၄၆၀၇၈ | ၁၂၅၂၈ |
| ၃။ | မလေးရှား | ၃၁၆၂၆၉ | ၂၉၆၃၇၉ | ၁၁၈၆ |
| ၄။ | မြန်မာ | ၁၄၂၀၅၉ | ၁၃၁၇၀၂ | ၃၂၀၀ |
| ၅။ | စင်ကာပူ | ၆၀၀၅၂ | ၅၉၉၀၅ | ၂၉ |
| ၆။ | ထိုင်း | ၂၆၅၀၁ | ၂၅၈၅၁ | ၈၅ |
| ၇။ | ဗီယက်နမ် | ၂၅၂၆ | ၂၀၀၄ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၁၀၆၀ | ၅၃၈ | ၀ |
| ၉။ | ဘရူနိုင်း | ၁၉၀ | ၁၈၂ | ၃ |
| ၁၀။ | လာအို | ၄၇ | ၄၂ | ၀ |

# တိုးတက်ဝေမိသားစုအမည်ရှိ နေကာပါဝါမျက်မှန်ဆိုင်အား ဆူပူအကြမ်းဖက်သူလူတစ်စုက ဝင်ရောက်ဖျက်ဆီး၍ တန်ဖိုးကြီးမျက်မှန်များအား ယူဆောင်

**နေပြည်တော် မတ် ၉**

ဆူပူအကြမ်းဖက်သူလူတစ်စုက ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ တိုးတက်ဝေမိသားစုနေကာပါဝါမျက်မှန်ဆိုင်ကို ဝင်ရောက်ဖျက်ဆီး၍ တန်ဖိုးကြီးမျက်မှန်များကိုယူဆောင်ကာ တိမ်းရှောင်ထွက်ပြေးနေကြကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၃၈လမ်း၊ ၈၈လမ်းနှင့် ၈၉ လမ်းကြားရှိ တိုးတက်ဝေမိသားစု နေကာပါဝါမျက်မှန်ဆိုင်အား ယနေ့မွန်းလွဲ ၂ နာရီခန့်တွင် ဒေးဝန်းအရှေ့ရပ်ကွက်နေ ဦးတင့်ဆွေ၊ လှကိုနှင့် မောင်မြင့်စိုးတို့ ဦးဆောင်သည့် ဆူပူအကြမ်းဖက်သူများက ဆိုင်အတွင်းသို့ ဝင်ရောက်ဖျက်ဆီးကာ တန်ဖိုးကြီးမျက်မှန်များကို ယူဆောင်သွားပြီး ဆိုင်အတွင်းရှိ မျက်မှန်ထည့်သည့် မှန်သေတ္တာများနှင့် အခြားပစ္စည်းများကို ဖျက်ဆီးခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေရာ ဆူပူအကြမ်းဖက်သူများ ထွက်ပြေးတိမ်းရှောင်သွားကြောင်း သိရသည်။

အဆိုပါ ဆိုင်ပိုင်ရှင်ဖြစ်သည့် ဦးကျော်ကျော်ဝေနှင့် ဇနီးဒေါ်မြင့်မြင့်သင်းတို့သည် ရပ်ကွက်အတွင်းရှိ ဆူပူအကြမ်းဖက်လိုသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား သတင်းပေးသူများဟု စွပ်စွဲခြိမ်းခြောက်ပြောဆိုမှုများကြောင့် အန္တရာယ်ပြုလာမည်ကို စိုးရိမ်၍ ၎င်းတို့ပိုင်ဆိုင်သည့်ဆိုင်ကို ပိတ်သိမ်းကာ ဆွေမျိုးများရှိသည့်နေရာသို့ ခေတ္တရွှေ့ပြောင်းနေထိုင်လျက်ရှိသည်။

ရပ်ကွက်အတွင်း အေးချမ်းစွာနေထိုင်လုပ်ကိုင်သူများကို ယခုကဲ့သို့ မင်းမဲ့စရိုက်ဆန်စွာ ပြုမူဆောင်ရွက်ရာတွင် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)




# Rescue Task Force (RTF) ပရဟိတအဖွဲ့အမည်ခံ လူငယ်အချို့အားတွေ့ရှိစစ်ဆေးဆောင်ရွက်

**နေပြည်တော် မတ် ၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်း ညေ့စာရင်းစစ်ဆေးခဲ့ရာ ကံ့ကော်ရပ်ကွက်ရှိ Golden Bliss ဟိုတယ်တွင် တည်းခိုလျက်ရှိသော အမျိုးသားခြောက်ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၁ ဦးကို လိုအပ်သော စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



(ဝဲမှယာ)မမြတ်မွန်ကြူ၊ မနှင်းနှင်းခိုင်၊ မစုမြတ်စန္ဒာ၊ မစံပယ်ဖြူစင်၊ မဆင့်မွန်၊ ကိုဇာနည်စိုး၊ လှမင်းဘိုဘို၊ ကိုဇေယျာ၊ ခွန်မင်းသွေး၊ သူရာထက်ပိုင်၊ ရဲနန္ဒကို

**စတင်တည်ထောင်ခဲ့**

တွေ့ရှိရသူ ၁၁ ဦးမှာ ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် နေထိုင်သူ မဆင့်မွန် (ဘ) ဦးဇော်ထွန်းမြင့် ဦးဆောင်လာခဲ့ခြင်းဖြစ်ပြီး ၎င်းတို့အား စိစစ်တွေ့ရှိရမှုမှာ ဖေဖော်ဝါရီလ(ပထမပတ်)တွင် ဆန္ဒဖော်ထုတ်ပွဲများ ဆောင်ရွက်ရာ၌ ဒဏ်ရာရလူနာများရှိပါက ဆေးကုသမည့် နေရာများသို့ ပို့ဆောင်ပေးရန် ရည်ရွယ်ချက်ဖြင့် Rescue Task Force (RTF) အဖွဲ့အား ဖေဖော်ဝါရီ ၃ ရက်တွင် ဥက္ကဋ္ဌအဖြစ် မဆင့်မွန်၊ ဒုတိယဥက္ကဋ္ဌအဖြစ် မင်းခန့်ကျော်နှင့် အဖွဲ့ဝင်ခြောက်ဦးတို့ဖြင့် စတင်တည်ထောင်ခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် Rescue Task Force (RTF) Page မှ အဖွဲ့ဝင်အဖြစ် ပါဝင်နိုင်ကြောင်း ကြေညာခဲ့ရာ မတ် ၁ ရက်တွင် အဖွဲ့ဝင်ပေါင်း ၃၆ ဦးအထိ တိုးလာခဲ့ကာ ကြေညာထားရှိသော ဘဏ်စာရင်းများသို့ ပေးပို့လှူဒါန်းငွေကျပ် ၈၆၅ သိန်း ရရှိခဲ့ကြောင်း၊ ယင်းလှူဒါန်းရရှိငွေမှ ဆင်တူဝတ်စုံများ ဝယ်ယူခြင်းနှင့် အခြားကူညီရေးအဖွဲ့များသို့ ထပ်ဆင့်လှူဒါန်းခဲ့ရာ ငွေကျပ် သိန်း ၂၈၀ ခန့် အသုံးပြုခဲ့ကြောင်း၊ ထို့ပြင် အဖွဲ့အသုံးပြုရန်အတွက် မော်တော်ယာဉ်တစ်စီးကို ငွေကျပ်သိန်း ၇၀ နှင့် အခြားမော်တော်ယာဉ်တစ်စီးကို ငွေကျပ်သိန်း ၅၀ ဖြင့် ဝယ်ယူအသုံးပြုခဲ့ကြောင်း၊ ထိုသို့ငွေကြေးအသုံးပြုမှုများကို အဖွဲ့ဝင်များနှင့် အလှူရှင်အချို့က မကျေနပ်သဖြင့် ဥက္ကဋ္ဌတာဝန်ယူနေသူ မဆင့်မွန်က မတ် ၂ ရက်တွင် တာဝန်မှနုတ်ထွက်ခဲ့ပြီး အလှူရှင်များထံသို့ ငွေကျပ်သိန်း ၃၀၀ ခန့်ကို ပြန်လည်ပေးပို့ခဲ့ရပြီး မဆင့်မွန်လက်ဝယ်တွင် ငွေကျပ် ၁၆၅ သိန်း ခန့် ကျန်ရှိကြောင်း၊ ယင်းနောက် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသူ မင်းခန့်ကျော်ကို ငွေကျပ် ၆၅ သိန်း လွှဲအပ်ခဲ့ကြောင်းနှင့် မင်းခန့်ကျော်ပါ ၁၇ ဦးကို ရဲတပ်ဖွဲ့မှ လိုက်လံဖမ်းဆီးနေသည်ဆိုသဖြင့် ဘီးလင်းမြို့နယ် မဲပလီကျေးရွာဘက်သို့ တိမ်းရှောင်ရန် ထွက်ခွာသွားခဲ့ကြောင်း။

**ဆက်သွယ်စုံစမ်းခဲ့**

ထို့နောက် အလှူရှင်များက အလှူငွေများအား စာရင်းရှင်းလင်းရန် တောင်းဆိုလာသဖြင့် ဘီးလင်းဘက်သို့ ထွက်ခွာသွားသော (မင်းခန့်ကျော်)ဦးစီးအဖွဲ့ကို ရှာဖွေရန်စီစဉ်ခဲ့ပြီး ရန်ကုန်မှထွက်ခွာ၍ ဆက်သွယ်စုံစမ်းခဲ့ရာ မင်းခန့်ကျော် အဖွဲ့သည် မတ် ၆ ရက်တွင် KNU နယ်မြေသို့ ဝင်ရောက်သွားပြီးဖြစ်ကြောင်းသိရှိရသဖြင့် ပြန်လာခဲ့ပြီး ကျိုက်ထိုတွင် တည်းခိုနေထိုင်စဉ် ယခုကဲ့သို့ စိစစ်မေးမြန်းခြင်းခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံအတွင်း ဆူပူဆန္ဒပြသူ လူစုလူဝေးများတွင် ယခုကဲ့သို့ တရားမဝင်အဖွဲ့အစည်းများ ဖွဲ့စည်းကာ အလှူငွေများရယူခြင်း၊ အချင်းချင်းမတည့်ခြင်း၊ ငွေကြေးသုံးစွဲမှုအခြေအနေအပေါ် စိတ်ဝမ်းကွဲကြကာ တစ်ဖက်အဖွဲ့အစည်းနယ်မြေများသို့ ရောက်ရှိသွားသူများအနေဖြင့် ၎င်းတို့၏ အနာဂတ်အရေးအတွက် မျှော်မှန်းမရနိုင်သော အခြေအနေများ ကြုံတွေ့လာနိုင်သည်။ သို့ဖြစ်၍ လူငယ်ထုနှင့် မိဘများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်းရှိ ရပ်မိရပ်ဖများအနေဖြင့် လိုအပ်သလို ထိန်းသိမ်းကြပ်မတ်ရန် လိုအပ်နေကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။

**သတင်းစဉ်**


# ဂရမ်မီဆုပေးပွဲတွင် တေလာဆွစ်၊ ဟယ်ရီစတိုင်နဲ့ BTS တို့ ပါဝင်ဖျော်ဖြေမည်

မကြာမီပြုလုပ်သွားမယ့် နိုင်ငံတကာ တေးဂီတထူးချွန်ဆုပေးပွဲတစ်ခုဖြစ်တဲ့ ဂရမ်မီဆုပေးပွဲမှာ ကျော်ကြားတဲ့ တေးသံရှင်တွေများစွာ ပါဝင်ဖျော်ဖြေသွားမှာဖြစ်ပါတယ်။ လတ်တလောမှာ အဆိုပါတေးဂီတဖျော်ဖြေပွဲမှာ ပါဝင်သွားမယ့် တေးသံရှင်တွေကို ထုတ်ဖော်ပြောကြားခဲ့ရာမှာတော့ တေလာဆွစ်၊ ဟယ်ရီစတိုင်နဲ့ BTS တို့လည်း ပါဝင်နေကြောင်း အေးရှားဝမ်းဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၁၄ ရက်မှာ ပြုလုပ်သွားဖို့ရာ ရည်ရွယ်ထားတဲ့ ယခုနှစ် ဂရမ်မီဆုပေးပွဲကို Virtual စနစ်နဲ့ ပြုလုပ်သွားမှာပါ။ ယင်းဆုပေးပွဲမှာ ဂရမ်မီဆုများရှင် တေလာဆွစ်၊ ကမ္ဘာကျော်ကေပေ့ါပ်တေးဂီတအဖွဲ့ဖြစ်တဲ့ BTS နဲ့ ကျော်ကြားတဲ့ ပေ့ါပ်အဆိုတော်တစ်ဦးဖြစ်တဲ့ ဟယ်ရီစတိုင်တို့လည်း ပါဝင်ဖျော်ဖြေသွားမှာပါ။

နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ အဆိုပါတေးဂီတဆုပေးပွဲကို ယခုနှစ်မှာ လော့စ်အိန်ဂျလိစ်က စတေပဲလ်စင်တာမှာ ပြုလုပ်သွားမှာဖြစ်ပေမယ့် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေ ဖြစ်ပွားနေဆဲကာလဖြစ်တာကြောင့် ထူးချွန်ဆုရရှိသူတွေကတော့ ကိုယ်တိုင်တက်ရောက်နိုင်ခြင်းမရှိဘဲ အဝေးကနေသာ ဆုလက်ခံသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

ယခုနှစ်ဆုပေးပွဲမှာ ဖျော်ဖြေတင်ဆက်မယ့်သူတွေထဲမှာ ဆန်ခါတင်စာရင်းမှာပါဝင်တဲ့ တေးသံရှင်တွေနဲ့ အခြားသော တေးသံရှင်တွေ ပါဝင်မှာဖြစ်ပြီး ပွဲကြည့်ပရိသတ်ကိုတော့ အနည်းငယ်သာ ဖိတ်ထားတာဖြစ်ပါတယ်။ BTS ကတော့ အခမ်းအနားကို ကိုယ်တိုင်တက်ရောက်ခြင်းမရှိဘဲ အဝေးကနေသာ ဖျော်ဖြေတင်ဆက်ပေးသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။





## The Tonight Show Starring Jimmy Fallon တွင် ရိုစ့်ပါဝင်မည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACK PINK ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရိုစ့်ဟာ လတ်တလောမှာ တစ်ကိုယ်တော်တေးသံရှင်တစ်ဦးအဖြစ် ခြေလှမ်းစခဲ့ပြီးနောက် လတ်တလောမှာတော့ ကျော်ကြားတဲ့ ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ The Tonight Show Starring Jimmy Fallon မှာ ပါဝင်တင်ဆက်သွားမှာဖြစ်ကြောင်း အောကေပေ့ါပ်ဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

NBC ရုပ်သံလိုင်းက တင်ဆက်သွားမယ့် ညပိုင်းအစီအစဉ်တစ်ခုဖြစ်တဲ့ The Tonight Show Starring Jimmy Fallonမှာ ရိုစ့်ပါဝင်သွားမှာဖြစ်ကြောင်း မတ် ၉ ရက်က ဒေသတွင်းမီဒီယာတစ်ခုက ရေးသားဖော်ပြခဲ့တာပါ။

ရိုစ့်က သူ့ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ် R ကို မကြာသေးမီက စတင်ထုတ်လွှင့်ခဲ့တာပါ။ အဆိုပါတေးအယ်လ်ဘမ်မှာပါဝင်တဲ့ တေးသီချင်းတွေဖြစ်ကြတဲ့ On The Ground နဲ့ Gone တို့ကို အဆိုပါရုပ်သံအစီအစဉ်မှာ ထည့်သွင်းတင်ဆက်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

ရိုစ့်ဟာ ၂၀၂၀ ပြည့်နှစ်အတွင်း BLACK PINK အဖွဲ့ဝင်တွေနဲ့အတူ အဆိုပါအစီအစဉ်မှာ အဖွဲ့လိုက်ပါဝင်တင်ဆက်ခဲ့ဖူးကြောင်းလည်း သိရပါတယ်။

## ချန်ယိုး ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင် The Box

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ EXO ရဲ့ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ချန်ယိုးဟာ ရုပ်ရှင်သစ်တစ်ကားမှာ ပါဝင်သရုပ်ဆောင်ထားပါတယ်။ လတ်တလောမှာ အဆိုပါရုပ်ရှင်အတွက် ပိုစတာကို ထုတ်ဖော်ပြသခဲ့ရာမှာတော့ အဆိုပါရုပ်ရှင်မှာ အဓိကဇာတ်ဆောင်တွေဖြစ်ကြတဲ့ ချန်ယိုးနဲ့ ဂျိုဒယ်ဟွမ်တို့ရဲ့ ရုပ်ပုံတွေ ပါဝင်နေကြောင်း စွန်ပီဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဆိုပါရုပ်ရှင်ဟာ တေးဂီတရုပ်ရှင်အမျိုးအစားဖြစ်ပြီး ဒေသတွင်းသာမက နိုင်ငံတကာက တေးသံရှင်တွေရဲ့ ကျော်ကြားတဲ့ တေးသီချင်းတွေကိုလည်း ဒီရုပ်ရှင်မှာ ပြန်လည်ခံစားရမှာဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်ဟာ မျက်နှာကို ဖုံးကွယ်ကာ တေးသီချင်းသီဆိုလေ့ရှိတဲ့ အဆိုတော်တစ်ဦးနဲ့ အောင်မြင်မှုကိုသာ အဓိကထားတဲ့ ထုတ်လုပ်သူတစ်ဦးတို့ရဲ့ဇာတ်လမ်းကို ပုံဖော်ထားတာလည်း ဖြစ်ပါတယ်။

The Box မှာ နာမည်ကျော်တေးသံရှင်တွေဖြစ်ကြတဲ့ ဘီလီအဲလစ်ရှ်၊ ကိုးဒ်ပလေး၊ ပါရယ်ဝီလျံ၊ မန်ရန်ကာရေးစသူတို့ရဲ့ အောင်မြင်ခဲ့တဲ့ တေးသီချင်းတွေလည်း ပါဝင်ပါတယ်။ အဆိုပါရုပ်ရှင်ကိုတော့ လာမယ့် မတ် ၂၄ ရက်မှာ စတင်ပြသသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။



အေးပြည့် - ရေးသားသည်



## နွေဦးအတွက် ဝတ်စုံတွေနဲ့ တွေ့မြင်ရတဲ့ ဆန်းရယ်ဂျင်

တောင်ကိုရီးယားမင်းသမီး ဆန်းရယ်ဂျင်ကို ဖက်ရှင်အမှတ်တံဆိပ်တစ်ခုဖြစ်တဲ့ BAU by Bride and You ရဲ့ မတ် ၈ ရက်ထုတ်စာအုပ်မှာ နွေဦးအတွက် ရည်ရွယ်ထုတ်လုပ်ထားတဲ့ အဝတ်အစားတွေ ဝတ်ဆင်ကာ အလှဓာတ်ပုံရိုက်ကူးထားတာ တွေ့ရပါတယ်။

အဆိုပါဓာတ်ပုံတွေမှာတော့ ဆန်းရယ်ဂျင်ကို တည်ငြိမ်မှုရှိတဲ့အလှမျိုးနဲ့ တွေ့မြင်ရပါတယ်။ ၂၀၂၁ ခုနှစ်ရဲ့ နွေဦးအတွက် ရည်ရွယ်ထုတ်လုပ်ထားတဲ့ အဆိုပါဝတ်စုံတွေဟာ အပြစ်ကင်းတဲ့ အလှမျိုးပိုင်ဆိုင်ထားသူတစ်ဦးဖြစ်တဲ့ ဆန်းရယ်ဂျင်နဲ့ အတော်လေးလိုက်ဖက်ကာ အပြင်အဆင်ပိုင်းမှာလည်း သဘာဝဆန်ဆန် ဖန်တီးပြင်ဆင်ထားတာကိုလည်း တွေ့ရပါတယ်။



## ခရစ်စတယ်၊ ဂျင်ယောင်းနဲ့ ချာတေယွန်းတို့ ဇာတ်လမ်းတွဲသစ်မှာ တွဲဖက်ပါဝင်ဖို့ ဆွေးနွေးနေ

တောင်ကိုရီးယား နာမည်ကျော်သရုပ်ဆောင်တွေဖြစ်ကြတဲ့ ခရစ်စတယ်၊ ဂျင်ယောင်းနဲ့ ချာတေယွန်းတို့ တွဲဖက်ပါဝင်ထားတဲ့ ဇာတ်လမ်းတွဲတစ်ခုဟာ မကြာမီ ပရိသတ်ရှေ့ ရောက်ရှိလာတော့မှာ ဖြစ်ပါတယ်။ လတ်တလောမှာတော့ သရုပ်ဆောင်တွေဟာ အဆိုပါဇာတ်လမ်းတွဲမှာ ပါဝင်ဖို့ရာ ဆွေးနွေးနေကြောင်း စွန်ပီဒွေါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

မတ် ၉ ရက်မှာ ခရစ်စတယ်အနေနဲ့ Police Academy လို့ ယာယီအမည်ပေးထားတဲ့ ဇာတ်လမ်းတွဲသစ်မှာ ပါဝင်သရုပ်ဆောင်သွားမှာဖြစ်ကြောင်း ဒေသတွင်းမီဒီယာတစ်ခုရဲ့ ရေးသားဖော်ပြချက်အပေါ် သူ့ရဲ့ အေဂျင်စီက လက်ရှိမှာတော့ ဆွေးနွေးနေဆဲအခြေအနေသာဖြစ်ကြောင်း ပြန်လည်ရှင်းလင်းခဲ့တာ တွေ့ရပါတယ်။

ဂျင်ယောင်းနဲ့ ချာတေယွန်းတို့ဟာလည်း အဆိုပါဇာတ်လမ်းတွဲမှာ ပါဝင်သရုပ်ဆောင်ဖို့ရာ ကမ်းလှမ်းခံထားရကာ လက်ရှိမှာတော့ လက်ခံစဉ်းစားပေးကာ ဆွေးနွေးနေကြောင်းလည်း သိရပါတယ်။

အဆိုပါဇာတ်လမ်းတွဲဟာ အသက် ၁၉ နှစ်အရွယ်ရှိတဲ့သူတွေ တက်ရောက်နေတဲ့ ရဲသင်တန်းတစ်ခုအကြောင်းကို ပုံဖော်သွားမှာပါ။ ခရစ်စတယ်ကတော့ ငယ်စဉ်ကတည်းက ရဲမေတစ်ဦးဖြစ်လိုတဲ့ အိပ်မက်ရှိသူတစ်ဦးအဖြစ် အဆိုပါဇာတ်လမ်းတွဲမှာ ပါဝင်သွားဖို့ရာ ကမ်းလှမ်းခံထားရတာဖြစ်တယ်လို့လည်း သိရပါတယ်။

# ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း(၁)

## ၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်မီဖို့လိုတာလဲ

[illegible]

## ၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အမြန်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနေသည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရတဲ့ ကာကွယ်ဆေး ဟုတ်ပါသလား

[illegible]

## ၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးရမည့် ကာကွယ်ဆေးပါလား

[illegible]

## ၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယ လက္ခဏာရှိနေသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးရန် လိုအပ်ပါသလား

[illegible]

## ၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

[illegible]

## ၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

[illegible]

## ၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီး ပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ် ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

[illegible]

[illegible]

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# မတ် ၉ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၄ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၉-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၈-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၉-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၆၃၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၀၅,၄၀၂) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၀၅၉) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၀၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်"နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

# တိုင်းဒေသကြီး/ပြည်နယ်တို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေး

**နေပြည်တော် မတ် ၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ကာကွယ်ဆေးရရှိမှုအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များရေးဆွဲပြီး ကာကွယ်ဆေးထိုးနှံပေးမည့် လူအုပ်စုများသတ်မှတ်၍ ထိုးနှံခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

**ဖြန့်ဝေထားရှိ**

မြန်မာနိုင်ငံသို့ ရောက်ရှိပြီးဖြစ်သော ကာကွယ်ဆေးအရေအတွက် ၃ ဒသမ ၅ သန်းအနက် ၁ ဒသမ ၆၄၄ သန်းကို နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ ပြည်နယ်များသို့ ဖြန့်ဝေထားရှိပြီးဖြစ်သည်။

အဆိုပါကာကွယ်ဆေးများကို ထိုးနှံပေးလျက်ရှိရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကာကွယ်ဆေးများကို အအေးလမ်းကြောင်းမပျက် ထိန်းသိမ်းစီမံထုတ်ယူ၍ သိုလှောင်ဆောင်ရွက်ခြင်း၊ ကာကွယ်ဆေးထိုးအဖွဲ့များ ဖွဲ့စည်း၍ ကာကွယ်ဆေးထိုးစုရပ်များ စီစဉ်ခြင်း၊ ကာကွယ်ဆေးမထိုးနှံမီ ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး ဖြစ်ပွားတတ်သော နောက်ဆက်တွဲပြဿနာများ စောင့်ကြပ်ကြည့်ရှုခြင်း၊ ဖြစ်ပွားလာပါက အရေးပေါ်ကုသမှုပေးခြင်းတို့ကို **စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖**



# ကာဗာနီနဲ့ ဘိုင်လီတို့က ၎င်းတို့ရဲ့ အနာဂတ်အတွက် နည်းပြဆိုးရှားထံမှ အဖြေရရှိရန် တောင်းဆိုလျက်ရှိ

မန်ယူအသင်းရဲ့ တိုက်စစ်မှူး ကာဗာနီနဲ့ နောက်တန်းကစားသမား အဲရစ်ဘိုင်လီတို့ဟာ ၎င်းတို့ရဲ့ မန်ယူအသင်းမှာ ဆက်ရှိနေမယ့် အနာဂတ်နဲ့ပတ်သက်ပြီး မသေချာမှုတွေ ရှိနေတာကြောင့် နည်းပြဆိုးရှားထံကနေ အဖြေရရှိဖို့ တောင်းဆိုလျက်ရှိတယ်လို့ သိရပါတယ်။

အသက် ၃၄ နှစ်အရွယ်ရှိ ဥရုဂွေးတိုက်စစ်မှူး ကာဗာနီဟာ လာမယ့်ဘောလုံးရာသီမှာ အိုးထရက်ဖို့ဒ်တွင် ဆက်ရှိနေဖို့ ဆန္ဒပြင်းပြနေတာ ဖြစ်ပေမယ့် မန်ယူအသင်းနည်းပြ ဆိုးရှားဆီကနေ မည်သည့်အာမခံချက်မျှ မရရှိသေးဘူးလို့ ဆိုပါတယ်။

ဒါ့အပြင် ဗဟိုခံစစ်ကစားသမား အဲရစ်ဘိုင်လီကလည်း မန်ယူအသင်းမှာ ဆက်ကစားဖို့ ဆန္ဒရှိနေတာကြောင့် နည်းပြဆိုးရှားဆီကနေ အာမခံချက်တစ်စုံတစ်ရာ ရရှိဖို့ မျှော်လင့်နေတာဖြစ်ပါတယ်။ မန်ယူအသင်းဟာ မန်ချက်စတာဒါဘီပွဲစဉ်မှာ မြို့ခံပြိုင်ဘက် မန်စီးတီးအသင်းကို နှစ်ဂိုးပြတ်နဲ့ အနိုင်ရရှိပြီးနောက် ပရီမီယာလိဂ် အမှတ်ပေးဇယားအဆင့် ၂ နေရာမှာ ရပ်တည်နေတာဖြစ်ပြီး နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ တိုက်စစ်မှူးသစ်တစ်ဦးနဲ့ နောက်တန်းကစားသမားတစ်ဦးတို့ကို ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။

တိုက်စစ်မှူး ကာဗာနီကို အာဂျင်တီးနားကလပ် ဘိုကာဂျူနီယာအသင်းက သုံးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်နဲ့ ခေါ်ယူဖို့ စိတ်ဝင်စားနေပေမယ့် **စာမျက်နှာ ၂၅ ကော်လံ ၅ သို့ ❒**



## ကြေးမုံ ယနေ့ ဖတ်စရာ

**တာဝန်ကို ဦးထိပ်ပန်ဆင်ကြသူများ**
စာမျက်နှာ » ၆

**ဆင်ခြင်တုံတရားလက်ကိုင်ထား လူငယ်လူရွယ်များ**
စာမျက်နှာ » ၁၀

**အီတလီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ တစ်သိန်းကျော်အထိရှိလာ**
စာမျက်နှာ » ၁၃

**မေတ္တာနဲ့သာ တုံ့ပြန်ပါ**
စာမျက်နှာ » ၁၈

**လူငယ်များအား အသုံးချမှု ရပ်တန်းကရပ်ကြပါ**
စာမျက်နှာ » ၂၁